# ရောင်းမှို

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ သောကြာနေ့၊ (29-1-2016) (စာမျက်နှာ ၁၆)


## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ် ၌ မေတ္တာစိတ်အဖို့အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အဂုံတ္တိရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# မြန်မာနိုင်ငံ၏ ပကတိအရှိတရားအရ မည်သည့်ပါတီက တာဝန်ယူသည်ဖြစ်စေ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ပွံ့ပြိုးတိုးတက်ရေးကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည်သာဖြစ်

## ယင်းတာဝန်ကိုအကောင်အထည်ဖော်နိုင်ရန်အတွက် မိမိတို့အစိုးရအဖွဲ့ဝင်အားလုံးက နောက်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် ဇန်နဝါရီ ၂၈

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၀) ရက်မြောက်နေ့သို့ တက်ရောက်ပြောကြားခဲ့သည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြတဲ့ အကြီးအကဲများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကုန်လွန်ခဲ့တဲ့ ငါးနှစ်တာကာလမှာ အစိုးရအဖွဲ့ရဲ့ ကြိုးပမ်းဆောင်ရွက်မှုများနဲ့ပတ်သက်ပြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား လွှတ်တော်ကို အခုလိုလာရောက်ရှင်းလင်းတင်ပြရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ ဆယ်စုနှစ်ငါးခုကျော်လောက် ပါတီစုံဒီမိုကရေစီစနစ်နဲ့ ကင်းကွာခဲ့ရတဲ့ နိုင်ငံကို စည်းကမ်းပြည့်ဝပြီး

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့သို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ **(ဝဲပုံ)**

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ထမ်းဆောင်မှုသက်တမ်း ငါးနှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်သမ္မတသည် အစည်းအဝေးသို့ တက်ရောက်လာကြသူများကို နှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးဘက်ထွန်း၊ ပြည်ထောင်စုလွှတ်တော် နာယကပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

ကြေးမုံ စာတည်းရှေ့ဆောင် ၂၉-၁-၂၀၁၆၊ သောကြာနေ့

# ဒီမိုကရေစီအုတ်မြစ် တည်ဆောက်ပေးနိုင်

ဒီမိုကရေစီအစိုးရ ငါးနှစ်သက်တမ်းကာလအတွင်း ငြိမ်းချမ်းရေးရရှိရေး၊ နိုင်ငံတည်ငြိမ်ရေး၊ အားလုံးပါဝင်နိုင်သည့် နိုင်ငံရေးဖြစ်စဉ် ပေါ်ပေါက်လာရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး အသိပညာဗဟုသုတပြည့်စုံလာရေးတို့အတွက် နိုင်ငံတော်အစိုးရက ရည်ရွယ်ချက်ထားလုပ်ဆောင်ခဲ့သည်မှာ အမှန်ဖြစ်သည်။

ဒီမိုကရေစီခရီးအစ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမှ ပြည်သူများက ရွေးချယ်ပေးလိုက်သည့်အစိုးရသည် ၂၀၁၀ ခုနှစ်မတိုင်မီ အချိန်ကာလများကထက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေကောင်းများ ပိုမိုရရှိဖြစ်ထွန်းလာစေရန်အတွက် အခြေခံကောင်းများကို တည်ဆောက်ပေးနိုင်ခဲ့သည်မှာလည်း အမှန်ဖြစ်သည်။

ဒီမိုကရေစီအစိုးရက နိုင်ငံပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့သည့် တစ်ချိန်တည်းမှာပင် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နိုင်ငံတစ်ဝန်း လွတ်လပ်ပြီး တရားမျှတစွာဖြင့် ကျင်းပပေးခဲ့သည်မှာလည်း အမှန်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို နောင်အနာဂတ်တွင် ဆက်လက်တက်လှမ်းနိုင်မည့် အခွင့်အရေးတစ်ရပ်အဖြစ် သတိပြုဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရသည်။

ထို့သို့ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံ့တာဝန်ကို ဆက်လက်ထမ်းဆောင်ခြင်း၊ မဆောင်ခြင်းထက် နိုင်ငံအတွက် ပိုမိုကျယ်ပြန့်မြင့်မားသည့် မှန်ကန်သောစေတနာ၊ ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းသည် မြန်မာနိုင်ငံအတွက် ဒီမိုကရေစီစနစ် အခြေခိုင်မာတောင့်တင်းလာစေရန် အဓိကကျသည့်ရည်မှန်းချက်ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောင်မြင်မှုများရှိခဲ့သလို အခက်အခဲများလည်း ရှိခဲ့သည်။ အားနည်းချက်များလည်းရှိသည်။ စိန်ခေါ်မှုများစွာနှင့်လည်း ကြုံတွေ့ခဲ့ရသည်။ ထို့အပြင် ထိပ်တိုက်ရင်ဆိုင်မှုများ၊ ဝိရောဓိများကိုလည်း ရင်ဆိုင်ဖြေရှင်းခဲ့ရသည်။

သို့သော်လည်း မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ ရပ်တန့်မသွားစေဖို့၊ နောက်ကြောင်းပြန်လှည့်မသွားစေဖို့အတွက် ပကတိအရှိတရားနှင့် လက်တွေ့နိုင်ငံရေးအခြေအနေများက ခွင့်ပြုထားသည့် အတိုင်းအတာအတွင်းမှနေ၍ ဖြစ်သင့်သည်နှင့် ဖြစ်နိုင်သည်တို့ကို သဟဇာတဖြစ်အောင် ကိုင်တွယ်ဖြေရှင်းခဲ့သည်ဟု နိုင်ငံတော်သမ္မက ပြောကြားခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်ရေးအရ ထိခိုက်နာကျင်မှုများကို မေ့ပျောက်ပြီး နိုင်ငံနှင့်ပြည်သူများ၏ ရေရှည်အကျိုးစီးပွားအတွက် စိတ်ရှည်သည်းခံကာ အချိန်ယူဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။ အမိန့်အာဏာနှင့် ဆောင်ရွက်ခြင်းထက် ပါဝင်ပတ်သက်သည့် အဓိကလုပ်ဆောင်သူများကြားတွင် စိတ်တူသဘောတူ ပူးပေါင်းပါဝင်ဆောင်ရွက် ကြိုးစားလုပ်ဆောင်ခဲ့သည်ကိုလည်း မြင်တွေ့ရသည်။

ထို့ကြောင့်လည်း ယနေ့ရောက်ရှိနေသည့် မြန်မာ့နိုင်ငံရေးဖြစ်စဉ်များတွင် နိုင်ငံရေးအင်အားစုများ ပိုမိုပါဝင်လာခဲ့ပြီး မတူကွဲပြားသည့်သဘောများကြားတွင် စေ့စပ်ဆွေးနွေး အဖြေရှာခြင်းဆိုသည့် နိုင်ငံရေးယဉ်ကျေးမှုအသစ်ပေါ်ထွက်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ပြည်သူများအတွင်း၌လည်း ဒီမိုကရေစီကျင့်စဉ်များ ပိုမိုထွန်းကားလာသည်။ နိုင်ငံရေးနယ်ပယ်တွင် ဒီမိုကရေစီစနစ်နှင့်ကိုက်ညီသည့် နိုင်ငံရေးအဆောက်အအုံများ ပိုမိုခိုင်မာအားကောင်းလာသည်မှာ မည်သို့မျှငြင်းမရသည့် အမှန်တရားများဖြစ်သည်။

ဒီမိုကရေစီစနစ်ကို စတင်အုတ်မြစ်ချပေးခဲ့သော နိုင်ငံတော်သမ္မတကြီးဦးဆောင်သည့် အစိုးရအဖွဲ့၏ အထက်ဖော်ပြပါ ပကတိအမှန်တရားများမှာ ယနေ့ရှင်သန်ဖွံ့ဖြိုးလာပြီဖြစ်သည်။ နိုင်ငံတော်သမ္မတကြီး၏ မှန်ကန်သည့် သစ္စာစကားများနှင့် မှန်ကန်သည့်လုပ်ဆောင်ချက်များကို ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်တွင်တစ်ကြိမ်၊ ၂၀၁၄ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင်တစ်ကြိမ်နှင့် ယခု ဇန်နဝါရီလ ၂၈ ရက်နေ့တွင်တစ်ကြိမ် ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြားခဲ့သည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်တွင်ထားရှိသည့် စစ်မှန်သည့် စေတနာဆန္ဒ၊ လုပ်ဆောင်ချက်များဖြစ်သည်ဟု ကြေးမုံက ရှုမြင်ပါသည်။ ။

# အမျိုးသားပြတိုက်(နေပြည်တော်)တည်ဆောက်ပြီးစီးမှုအခြေအနေများ ကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၂၈**

အမျိုးသားပြတိုက် (နေပြည်တော်)၏ တည်ဆောက်ရေး ပြီးစီးမှုအရ မြန်မာ့လက်မှု အနုပညာပြခန်းနှင့် အာဆီယံပြခန်းများကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ တတိယပတ်တွင် လည်းကောင်း၊ သီဟာသနပလ္လင် ပြခန်းနှင့် ကလေးသူငယ်ပညာပေးပြခန်းများကို မတ်လပထမပတ်တွင် လည်းကောင်း အပြီးသတ် ခင်းကျင်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားပြတိုက် (နေပြည်တော်) သည် အဆောင် A, B, C, D နှင့် E ဟူ၍ ငါးဆောင်ရှိပြီး၊ အဆောင် A နှင့် အဆောင် B ရှိ ပြခန်းခုနှစ်ခန်းကို ၂၀၁၅ ခုနှစ် ဇူလိုင် ၁၅ ရက်က ပထမအဆင့်အဖြစ် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ကျန်အဆောင်များဖြစ်သည့် အဆောင် C၊ D နှင့် E တို့၏ တည်ဆောက်ရေး လုပ်ငန်းများမှာ ယခုဘဏ္ဍာနှစ်အတွင်း ပြီးစီးမည်ဖြစ်သည်။ ယခုအခါ ဒုတိယအဆင့် ဖွင့်လှစ်မည့်ပြခန်းများမှာ အဆောင် (D)တွင် မြန်မာ့လက်မှု အနုပညာပြခန်း၊ အာဆီယံပြခန်း၊ ကလေးသူငယ် ပညာပေးပြခန်းနှင့် အထူးပြပွဲပြခန်းတို့ပါဝင်ပြီး အဆောင်(C)တွင် သီဟာသနပလ္လင် ပြခန်းပါဝင်မည်ဖြစ်သည်။

အဆိုပါ ပြခန်းများအနက် မြန်မာ့လက်မှု အနုပညာပြခန်း၊ အာဆီယံပြခန်း၊ ကလေးသူငယ် ပညာပေးပြခန်းများတွင် Panel ကာရံခြင်းလုပ်ငန်းများမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကာ ပြခန်းသုံးမီးများ တပ်ဆင်ခြင်းလုပ်ငန်းများမှာ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

ခင်းကျင်းပြသမှု အထောက်အကူပြု ပစ္စည်းများဖြစ်သည့် တင်ခုံများ၊ ပစ္စည်းပြမှန်ဗီရိုများနှင့် ပုံစံတူ၊ ပုံစံငယ်များမှာ ပြုလုပ်ဆဲရှိပြီး အဆောင် (C) အတွင်းရှိ သီဟာသနပလ္လင်ပြခန်းအတွက် သီဟာသနပလ္လင် ပုံစံတူ အစိတ်အပိုင်းများ ရောက်ရှိနေပြီဖြစ်ကာ မြန်မာမှုအမွှမ်းပန်းများ တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးသည့်အချိန်တွင် တပ်ဆင်ခင်းကျင်းမည်ဖြစ်ကြောင်း သိရှိသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်နံနက်ပိုင်းက အမျိုးသားပြတိုက် (နေပြည်တော်) အဆောင် (C)ရှိ သီဟာသနပလ္လင်ပြခန်း ခင်းကျင်းခြင်းနှင့် တည်ဆောက်ခြင်း၊ အဆောင် (C)နှင့် အဆောင် (E) တို့၏ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေများ၊ အဆောင် (D) ရှိ ပြခန်းများဖြစ်သော မြန်မာ့လက်မှုအနုပညာပြခန်း (D1)၊ အာဆီယံပြခန်း(D2)၊ ကလေးသူငယ်ပြခန်း (D3)နှင့် အထူးပြခန်း (D4) တို့၏ ပြခန်းများ ခင်းကျင်းပြသခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုများကို ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ကြည့်ရှုစစ်ဆေးခဲ့သည်။ (ဝဲပုံ)

(သတင်းစဉ်)

# ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် စီးပွားရေးလုပ်ငန်းများ အပါအဝင် ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ မဖြစ်ပေါ်စေရေးနှင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးသက်ရောက်မှုများကို အနည်းဆုံးဖြစ်အောင် လျှော့ချကာကွယ်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၉-၁၂-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၁၆/၂၀၁၅ဖြင့် ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ လုပ်ထုံးလုပ်နည်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သော www. ecd.gov.mm တွင် ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားစဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေးကို ဟန်ချက်ညီညီပေါင်းစပ်ပေးသည့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအပါအဝင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၂၈**

ရန်ကုန်(ရွှေဈေး) ၇၇၇၀၀၀ - ၇၇၇၀၀၀ မန္တလေး(ရွှေဈေး) ၇၇၇၀၀၀ - ၇၇၇၀၀၀

| **စက်သုံးဆီဈေးနှုန်း** | | **ရန်ကုန်** | **မန္တလေး** |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၄၈၀ ကျပ်၊ | ၅၄၀/၅၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၆၀ ကျပ်၊ | ၇၁၀/၇၅၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၅၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၉၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၉၁ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၃၉ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | - ၁၂၉၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | - ၁၄၁၀. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | - ၁၉၆. ၈၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | - ၃၆. ၁၂၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | - ၃၀၄. ၆၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | - ၁၈. ၉၈၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | - ၁၀၉၀. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | - ၁၀၇. ၀၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | - ၉၁၀. ၄၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | - ၉၀၄. ၉၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြီန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ကြေးမုံ

## ပြည်တွင်းရေးရာ

**❍ ရှေ့ဖုံးမှ**

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်ဖို့ စတင်ကြိုးပမ်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီနေ့ကစပြီး လုံးဝကွဲပြားခြားနားတဲ့ နိုင်ငံရေးစနစ်သစ်တစ်ခု၊ အုပ်ချုပ်မှုစနစ်သစ်တစ်ခုကို စတင်အကောင်အထည်ဖော်ခဲ့ရတာဖြစ်ပါတယ်။ အဲဒီလို ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို စတင်အကောင်အထည်ဖော်တဲ့ အချိန်မှာပဲ အရှေ့အလယ်ပိုင်းဒေသက အာရပ်နိုင်ငံများမှာအာရပ်နွေဦး အမည်နဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို စတင်အကောင်အထည်ဖော်ခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။

အခု ငါးနှစ်ကြာလာတဲ့အချိန်မှာ အရှေ့အလယ်ပိုင်းဒေသက ဒီမိုကရေစီအသွင်ကူးပြောင်းစနိုင်ငံများမှာ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံများ ပြိုကွဲပျက်စီးနေတာ၊ သန်းနဲ့ချီတဲ့ပြည်သူတွေ ဒုက္ခသည်အဖြစ် ထွက်ပြေးတိမ်းရှောင်နေရတာ၊ မင်းမဲ့စရိုက်နဲ့ အစွန်းရောက်ဝါဒတွေ ထွန်းကားလာတာတွေကြောင့် မူလရည်မှန်းချက်ဖြစ်တဲ့ ဒီမိုကရေစီပန်းတိုင်နဲ့ အလှမ်းဝေးသထက်ဝေးလာတာကို အားလုံးတွေ့ကြရမှာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့မြန်မာနိုင်ငံမှာတော့ အခက်အခဲအချို့နဲ့ စိန်ခေါ်မှု အချို့ရှိနေသေးပေမယ့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းတွေကို တည်ငြိမ်အေးချမ်းစွာနဲ့ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီအခြေအနေဟာ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ရဲ့ အထူးခြားဆုံး အောင်မြင်မှုဖြစ်ပြီး နိုင်ငံတကာက စံနမူနာပြုလေ့လာရတဲ့ ဖြစ်စဉ်လည်းဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ပြည်သူများရဲ့ အောင်ပွဲလည်းဖြစ်ပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

ကျွန်တော့်အနေနဲ့ ၂၀၁၁ ခုနှစ် သမ္မတရာထူးလက်ခံမိန့်ခွန်းမှာ နိုင်ငံကို ပို၍တည်ငြိမ်တဲ့နိုင်ငံ၊ ပို၍ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ်ရောက်အောင် အခြေအနေ၊ အချိန်အခါနဲ့လိုက်လျောညီထွေရှိတဲ့ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားပါမယ်လို့ ကတိပေးခဲ့ပါတယ်။ အဲဒီကတိပြုချက်အတိုင်းပဲ ပြည်သူများရဲ့ ဆန္ဒနှစ်ရပ်ဖြစ်တဲ့ အေးချမ်းတည်ငြိမ်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ပေးနိုင်ဖို့အတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်လေးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ရင် အရေးကြီးဆုံးက နိုင်ငံရေးတည်ငြိမ်မှု ရရှိရေးပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်မိန့်ခွန်းမှာ မူဝါဒလမ်းစဉ် (၇)ရပ်နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံလိုကြသေးတဲ့ ပြည်တွင်း၊ ပြည်ပရှိ လူပုဂ္ဂိုလ်အဖွဲ့အစည်းများအနေနဲ့ မတူညီသောသဘောထားအမြင်များရှိကြမှာဖြစ်သော်လည်း တိုင်းပြည်ရဲ့အကျိုးစီးပွားအတွက် တူညီတဲ့ကိစ္စရပ်များမှာ ပူးပေါင်းဆောင်ရွက်ကြဖို့၊ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းကျစွာရယူဖို့တိုက်တွန်းခဲ့သလို ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့လည်း ငြိမ်းချမ်းရေးတံခါးကိုဖွင့်ထားပြီး လက်ကမ်းကြိုဆိုနေကြောင်း အသိပေးပြောကြားခဲ့ပါတယ်။

ဒါကြောင့်လည်း ကျွန်တော်တို့အစိုးရသစ်အနေနဲ့ နိုင်ငံသားအားလုံး နိုင်ငံရေးဖြစ်စဉ်မှာ ပါဝင်နိုင်ခွင့်ရရှိစေဖို့အတွက် ယုံကြည်ချက်ကြောင့်၊ နိုင်ငံရေးသဘောထားကွဲလွဲမှုများကြောင့် ထိန်းသိမ်းခံထားခဲ့ရတဲ့အကျဉ်းသားများကို ပြန်လည်စေလွှတ်ပေးခဲ့ပါတယ်။ အဲဒီလိုပဲ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုခဲ့တဲ့ နိုင်ငံရေးပါတီများအနေနဲ့ လွှတ်တော်နိုင်ငံရေးမှာပါဝင်နိုင်စေရန်အတွက် လိုအပ်တဲ့ဥပဒေပြင်ဆင်မှုများကိုပြုလုပ်ပြီး ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်ပေးခဲ့ပါတယ်။ အဲဒီဆောင်ရွက်ချက်များကြောင့်ပဲ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခြင်းမရှိခဲ့သော၊ ယှဉ်ပြိုင်ခွင့်မရခဲ့သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများဟာ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနဲ့ ယခု ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးတာဝန်များကို ရယူဆောင်ရွက်နိုင်ခဲ့တာကို အားလုံးတွေ့မြင်ရမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးနဲ့ပတ်သက်ရင်လည်း ကျွန်တော်ကတိပြုပြောကြားခဲ့တဲ့ အတိုင်း ၂၀၁၀ ခုနှစ် ဩဂုတ်လမှာ ငြိမ်းချမ်းရေးအတွက် တရားဝင်ဖိတ်ခေါ်ကမ်းလှမ်းမှုများကိုစတင်လုပ်ဆောင်ခဲ့ပါတယ်။ ကြိုတင်ကန့်သတ်ချက်တွေ မပါဘဲ လွတ်လပ်မှုရှိရှိ၊ တန်းတူမှုရှိရှိနဲ့ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အစည်းအဝေးများကို ကျင်းပခဲ့ပါတယ်။ အဲဒီလို တွေ့ဆုံဆွေးနွေးမှုများကြောင့် အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၅)ဖွဲ့နဲ့ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် သဘောတူစာချုပ်ပေါင်း (၃၉)ခုကိုသီးခြားလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခများကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်ခဲ့ပါတယ်။ နောက်တစ်ဆင့်ဖြစ်တဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ဖို့အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ရရှိရေးကို တစ်နှစ်ကျော်အပြန်အလှန်ဆွေးနွေးခဲ့ပြီးတဲ့နောက်မှာ ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၁၅)ရက်နေ့မှာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒီစာချုပ်မှာပါဝင်လက်မှတ်ရေးထိုးခြင်းမရှိသေးတဲ့ အဖွဲ့အစည်းများအတွက်လည်း အစဉ်တံခါးဖွင့်ထားပြီးဖြစ်ပါတယ်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အခြေခံပြီး စာချုပ်ပါ အချိန်ဇယားအတိုင်း နိုင်ငံရေးဆွေးနွေးမှုဖြစ်စဉ်ကို အစပြုအကောင်အထည်ဖော်ခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကိုလည်း ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့မှာ ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးညီလာခံကျင်းပခြင်းဟာ ကျွန်တော်တို့အစိုးရအနေနဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲရလဒ်အရပေါ်ထွက်လာမယ့် အစိုးရထံသို့ တာဝန်လွှဲပြောင်းပေးရာမှာ အရေးကြီးဆုံး လုပ်ငန်းစဉ်တစ်ခုလည်းဖြစ်ပါတယ်။ ဒီငြိမ်းချမ်းရေးညီလာခံက ပေါ်ထွက်လာတဲ့ ဆွေးနွေးချက်များဟာ နောက်အစိုးရလက်ထက်မှာ ဆက်လက်ကျင်းပမယ့် ငြိမ်းချမ်းရေးညီလာခံအတွက် အခြေခံအုတ်မြစ်ကောင်းများပဲဖြစ်ပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

၂၀၁၁ ခုနှစ်က စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာပေါ်ထွက်လာအောင် ဆောင်ရွက်မယ်၊ ဘဏ္ဍာရေးနဲ့ ငွေကြေးဆိုင်ရာ၊ အခွန်အကောက်ဆိုင်ရာမူဝါဒများကိုလည်း လိုအပ်သလို ပြင်ဆင်ချမှတ်ကျင့်သုံးဆောင်ရွက်သွားမယ်၊ ဆင်းရဲချမ်းသာကွာဟမှု၊ မြို့ပြကျေးလက်လူနေမှုအဆင့်ကွာခြားမှုတို့ကို တတ်နိုင်သလောက် လျှော့ချမယ်လို့ ကျွန်တော် ကတိပြုပြောကြားခဲ့ပါတယ်။

ဒါကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်က စတင်ပြီး ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှုစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါတယ်။ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးလုပ်ငန်းစဉ် (၇)ရပ်ဖြစ်တဲ့ လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးတွေကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ဖို့အတွက် ကာလရှည် အနှစ်(၂၀) အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၂၀၁၁-၂၀၃၁ ခုနှစ် မြန်မာ့ဘက်စုံဖွံ့ဖြိုးတိုးတက်မှုမျှော်မှန်းချက်၊ ၂၀၁၀-၂၀၃၅ ခုနှစ် မြန်မာ့စက်မှုလုပ်ငန်းတိုးတက်ရေးမျှော်မှန်းချက်နဲ့ အခြားမူသဘောဆိုင်ရာစီမံကိန်း (Conceptual Plan)၊ ပင်မစီမံကိန်း (Master Plan)၊ မြေယာအသုံးချမူဝါဒ (Land Use Policy)များကို နိုင်ငံတကာအဖွဲ့အစည်းများအကူအညီနဲ့ ရေးဆွဲပြီး လွှတ်တော်သို့တင်ပြခြင်း၊ ပြည်သူလူထုသို့ အသိပေးခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရာမှာ အဓိကကျတဲ့စာရင်းဇယားများ၊ ကိန်းဂဏန်းများ တိကျမှန်ကန်စေရန်အတွက် နှစ်ပေါင်းသုံးဆယ်ကျော် ကောက်ယူနိုင်ခြင်းမရှိခဲ့တဲ့ လူဦးရေနှင့် အိမ်ထောင်စုစာရင်း၊ စီးပွားရေးစစ်တမ်းများပါဝင်တဲ့ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဒီသန်းခေါင်စာရင်းကောက်ယူမှုဟာ ကျွန်တော်တို့အစိုးရအတွက်သာမက နောင်တာဝန်ယူမယ့် အစိုးရအဆက်ဆက်အတွက်လည်း စီးပွားရေးစီမံကိန်းများ ရေးဆွဲရာမှာ မျှားစွာအထောက်အကူဖြစ်စေတဲ့ အရေးကြီးတဲ့ အောင်မြင်မှု ဖြစ်ပါတယ်။

နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အဓိကအခက်အခဲကတော့ နှစ်ပေါင်းနှစ်ဆယ်လောက် ကျွန်တော်တို့နိုင်ငံအပေါ် ချမှတ်ထားခဲ့တဲ့ စီးပွားရေးပိတ်ဆို့အရေးယူမှုများပဲ ဖြစ်ပါတယ်။ အဲဒီလို ပိတ်ဆို့အရေးယူမှုတွေကို ဖယ်ရှားနိုင်ဖို့အတွက် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များအပေါ် အပြုသဘောမမြင်နိုင်သေးတဲ့ နိုင်ငံများကို ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်၊ အနှစ်သာရရှိရှိ ကျင့်သုံးနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာကို သက်သေပြခဲ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ အပြုသဘောဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြုလက်ခံပြီး ပူးပေါင်းဆောင်ရွက်ဖို့တိုက်တွန်းခဲ့ရပါတယ်။ ကျွန်တော်ကိုယ်တိုင် အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အခြားမိတ်ဖက်နိုင်ငံများကို သွားရောက်ပြီး နိုင်ငံ့ခေါင်းဆောင်များ၊ လွှတ်တော်ခေါင်းဆောင်များကို တွေ့ဆုံရှင်းလင်းပြောကြားခဲ့ရပါတယ်။ ဒါကြောင့်လည်း

စာမျက်နှာ ၄ သို့ ✱

> **မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် ရပ်တန့်မသွားစေဖို့၊ နောက်ကြောင်းပြန်မသွားစေဖို့အတွက် ပကတိအရှိတရားနဲ့ လက်တွေ့နိုင်ငံရေး အခြေအနေက ခွင့်ပြုထားတဲ့အတိုင်းအတာ အတွင်းကနေ ဖြစ်သင့်တာနဲ့ ဖြစ်နိုင်တာကို သဟဇာတဖြစ်အောင် ကိုင်တွယ်ဖြေရှင်းခဲ့။**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၀) ရက်မြောက်နေ့သို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

**✪ နိုင်ငံတော်သမ္မတမှ**

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မျှးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မျှးကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုသည့် အခမ်းအနားတွင် ပထမအကြိမ်၊ ၂၀၁၄ ခုနှစ် မတ် ၂၆ ရက်တွင် တာဝန်ထမ်းဆောင်မှု သက်တမ်းသုံးနှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၌ မိန့်ခွန်းပြောကြားခဲ့ပြီး ယခုအကြိမ်သည် တတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နိုင်ငံရေးအနှစ်သာရပြည့်ဝပြီး အရေးကြီးတဲ့ တာဝန်လွှဲပြောင်းမှုကို စနစ်တကျ အောင်မြင်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဒီနေရာကနေ ထပ်မံကတိပြု

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ထမ်းဆောင်မှုသက်တမ်း ငါးနှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

*** စာမျက်နှာ ၃ မှ**

ကျွန်တော်တို့ အစိုးရသစ်အပေါ်မှာ နိုင်ငံတကာအသိုင်းအဝန်းရဲ့ယုံကြည်မှုကို အချိန်တိုအတွင်းရရှိခဲ့ပြီး နိုင်ငံတကာဆက်ဆံရေးများ ပုံမှန်ပြန်ဖြစ်လာခဲ့ပါတယ်။ ဩစတြေးလျှ၊ နော်ဝေနိုင်ငံတို့က စီးပွားရေးပိတ်ဆို့မှုများကို ဦးစွာရုပ်သိမ်းပေးခဲ့ပြီးနောက် ဥရောပသမဂ္ဂနဲ့ အခြားနိုင်ငံများကလည်း ရုပ်သိမ်းပေးခဲ့ပါတယ်။ ကုန်သွယ်မှုဆိုင်ရာ (G.S.P) အကျိုးခံစားခွင့်လည်း ယခုရရှိနေပြီဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုကလည်း ဒဏ်ခတ်အရေးယူမှုအများစုကို ရုပ်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်းများပြုလုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။

ဒီလိုစီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးခဲ့တဲ့အတွက် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေအနေကောင်းများရရှိလာခဲ့ပါတယ်။ စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းခြင်းနဲ့ လက်ရှိအခြေအနေနဲ့ကိုက်ညီတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေများကို ပြဋ္ဌာန်းနိုင်ခြင်း၊ အထူးစီးပွားရေးဇုန်များစတင်အကောင်အထည်ဖော်နိုင်ခြင်းတို့ကြောင့် ပြီးခဲ့တဲ့ ငါးနှစ်တာကာလအတွင်းမှာ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဟာ ၂၀၁၀ ခုနှစ်မှာ ဒွေကျပ် ၂၄၁ ဒသမ ၅၇ ဘီလီယံရှိရာကနေ ၂၀၁၅ ခုနှစ်မှာ ဒွေကျပ် ၅၁၇၉ ဒသမ ၉၁ ဘီလီယံအထိ တိုးတက်လာခဲ့ပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုအနေနဲ့ ၂၀၁၀ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၄ ဘီလီယံကနေ ၂၀၁၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၁၂ ဘီလီယံအထိ တိုးတက်လာခဲ့ပါတယ်။ လူတစ်ဦးချင်းဝင်ငွေဟာလည်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)ရဲ့ အစီရင်ခံစာအရ ၂၀၁၀ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၈၀၀ ကျော်ရှိရာကနေ ၂၀၁၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၁၂၇၀ အထိ တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်မှာ အရေးကြီးတဲ့အောင်မြင်မှုအချို့ကိုလည်း ဖော်ပြလိုပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံခြားကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရာမှာ အတားအဆီးတစ်ခုဖြစ်နေတဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်း အမျိုးမျိုးဖြစ်နေတာကို ဖျက်သိမ်းပြီး စျေးကွက်ကိုအခြေခံတဲ့ တစ်ခုတည်းသော ငွေကြေးလဲလှယ်နှုန်းတစ်မျိုးတည်းဖြစ်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ချက်အပေါ် စိုးရိမ်မှုတွေရှိနေပေမယ့် ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ အကူအညီနဲ့ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ငွေကြေးကဏ္ဍပြုပြင်ပြောင်းလဲရေးမှာ အရေးကြီးတဲ့ ဗဟိုဘဏ်ကို သီးခြားအဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်နိုင်ဖို့အတွက် ဥပဒေပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခင်အစိုးရအဆက်ဆက်ကတင်ရှိနေတဲ့ ကြွေးမြီများအနက်မှ ဒေါ်လာ (၆) ဘီလီယံခန့်ကို ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများနဲ့ညှိနှိုင်းလျော်ပစ်နိုင်ခဲ့သလို အကြွေးဟောင်းအကြွေးသေတွေကိုလည်း ပေါင်းကူးချေးငွေရယူပြီး သက်သာသောနှုန်းဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုဆောင်ရွက်နိုင်ခဲ့တဲ့အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ အထောက်အကူ ဖြစ်စေမယ့် ကမ္ဘာ့ဘဏ်အပါအဝင် IMF, ADB တို့မှ ငွေကြေးနဲ့နည်းပညာအကူအညီ အထောက်အပံ့များလည်း ရရှိခဲ့ပါတယ်။ ဒါ့အပြင် EITI အဖွဲ့ဝင်ဖြစ်ရေးနဲ့ ဖွံ့ဖြိုးမှုအနည်းဆုံး (LDC) နိုင်ငံအဖြစ်က လွတ်မြောက်အောင်လည်း အစပျိုးဆောင်ရွက်ထားနိုင်ခဲ့ပြီဖြစ်ပါတယ်။

ဘဏ္ဍာရေးစနစ်နဲ့ပတ်သက်ရင်လည်း ပြည်သူ့ဗဟိုပြုအုပ်ချုပ်ရေးစနစ်နဲ့ လိုက်လျောညီထွေဖြစ်တဲ့ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ် (Public Financial Management, PFM) စနစ်ပေါ်ပေါက်အောင် ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တို့နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ငွေကြေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ပြည်တွင်းဘဏ်များ အရည်အသွေးမြင့်မားစေဖို့အတွက် အရည်အသွေးမြင့်မားတဲ့ နိုင်ငံတကာဘဏ် (၉)ဘဏ်ကို ဖွင့်လှစ်ခွင့်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာနည်းတူငွေကြေးစျေးကွက်ပေါ်ပေါက်ဖို့အတွက် ရန်ကုန်စတော့အိပ်ချိန်းကိုလည်း တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

အလားတူပဲ အခွန်စနစ်ပြုပြင်ပြောင်းလဲရေးအနေနဲ့ ပြည်သူများအနေနဲ့ ပေးသင့်ပေးထိုက်သော အခွန်များကို စနစ်တကျပေးဆောင်နိုင်ဖို့ ရှင်းလင်းသည့် အခွန်စနစ်သတ်မှတ်၍ အကြီးစားအခွန်ထမ်းရုံးကို ထူထောင်ခြင်း၊ အခွန်ထမ်းဆောင်သူများကို ကျွန်တော်ကိုယ်တိုင် အသိအမှတ်ပြုဂုဏ်ပြုခြင်းများဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် ၂၀၀၉ - ၂၀၁၀ ဘဏ္ဍာရေးနှစ်အမှန်စာရင်းအရ ပြည်ထောင်စု၏ အခွန်ရငွေဟာ ၁ ဒသမ ၀၇၇ ထရီလီယံကျပ်ရှိပြီး ပြည်ထောင်စု၏အခွန်ရငွေနှင့် ဂျီဒီပီအချိုးဟာ ၃ ဒသမ ၂ ရာခိုင်နှုန်းပဲရှိရာကနေ ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီး ခန့်မှန်းခြေ စာရင်းအရ အခွန်ရငွေဟာ ၆ ဒသမ ၃၈၇ ထရီလီယံအထိ တိုးတက်ရရှိခဲ့ပြီး ပြည်ထောင်စု၏အခွန်ရငွေနဲ့ ဂျီဒီပီအချိုးဟာ ၈ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

စီးပွားရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာမှာ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟာလည်း အလွန်အရေးကြီးပါတယ်။ ဒါ့ကြောင့် ကျွန်တော်စတင်တာဝန်ထမ်းဆောင်ချိန်မှာ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍမြင့်တင်ရေးကို ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ကတိပေးပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုများရဲ့ရလဒ်ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပိုမိုလုပ်ဆောင်ပေးနိုင်ခဲ့ပါတယ်။

ပညာရေးကဏ္ဍမှာ ၂၀၁၁ ခုနှစ်က အသုံးစရိတ်ကျပ် ၃၁၀ ဘီလီယံရှိရာကနေ ၂၀၁၅ ခုနှစ်မှာ ၁၆၉၂ ဘီလီယံအထိ တိုးတက်သုံးစွဲခဲ့ပါတယ်။ ယခင်က မူလတန်းအခမဲ့ပညာရေးသာဆောင်ရွက်ရာကနေ အထက်တန်းအခမဲ့ပညာရေးအထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်များ၊ ဘက်စုံပညာထူးချွန်လူငယ်အစီအစဉ်များ၊ ပညာသင်ဆုချီးမြှင့်ရေးအစီအစဉ်များကို အကောင်အထည်ဖော်ခဲ့သလို နိုင်ငံတော်သမ္မတပညာသင်ဆုအစီအစဉ်နဲ့ နိုင်ငံတကာတက္ကသိုလ်များကို ပညာတော်သင်များ စေလွှတ်ပေးနိုင်ခဲ့ပါတယ်။ ပညာရေးကဏ္ဍအသုံးစရိတ်များ တိုးမြှင့်အသုံးပြုလာတာနဲ့အမျှ လိုအပ်သည့် ကျောင်းအဆောက်အအုံ၊ ပရိဘောဂ၊ သင်ထောက်ကူပစ္စည်း၊ ကျောင်းများအတွက် လိုအပ်သည့် အသုံးစရိတ်များကို တိုးမြှင့်သုံးစွဲခဲ့ပါတယ်။

အဲဒီလို ဆောင်ရွက်ခဲ့တဲ့အတွက် အခြေခံပညာရေးအပိုင်းမှာ ၂၀၁၀ ခုနှစ်မှာ ကျောင်းပေါင်းလေးသောင်းတစ်ထောင်ကျော်ရှိရာကနေ ၂၀၁၅ ခုနှစ်မှာ ကျောင်းပေါင်းလေးသောင်းငါးထောင်ကျော်အထိ တိုးတက်လာခဲ့ပါတယ်။ ကျောင်းသားဦးရေဟာလည်း ရှစ်သန်း ခုနစ်သောင်းကျော်ကနေ ရှစ်သန်းရှစ်သိန်းကျော်အထိ တိုးတက်လာခဲ့ပါတယ်။ ဆရာ၊ ဆရာမဦးရေဟာလည်း နှစ်သိန်းခုနစ်သောင်းကျော်ကနေ သုံးသိန်းသုံးသောင်းကျော်အထိတိုးတက်လာခဲ့ပါတယ်။ ကျောင်းအဆောက်အအုံသစ် တစ်သောင်းတစ်ထောင်ကျော်ကို ဆောက်လုပ်ပေးခဲ့ပြီး အဆောက်အအုံပေါင်း တစ်သောင်းတစ်ထောင့်တစ်ရာကျော်ကိုလည်း ပြင်ဆင်ပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် မျိုးဆက်သစ်လူငယ်ခေါင်းဆောင်များ ပေါ်ပေါက်လာစေရေးအတွက် ကင်းထောက်လူငယ်များ၊ ထူးချွန်ကျောင်းသားကျောင်းသူများ၊ ကြက်ခြေနီမောင်မယ်များစတဲ့ လူငယ်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများကိုလည်း ပြန်လည်ဖော်ထုတ်အားပေးခဲ့ပါတယ်။

တစ်ဖက်ကလည်း ဗုဒ္ဓဘာသာတရားတော်ရဲ့ အဆုံးအမတွေ၊ ဓမ္မစကူးလ်တွေ၊ ဆောင်ရွက်မှုတွေရှိလာတာကို ကြိုဆိုရမှာလည်း ဖြစ်ပါတယ်။ အခြားဘာသာများရဲ့ လူသားကောင်းကျိုးပြုဟောပြောမှုတွေကိုလည်း ကြိုဆိုပါတယ်။ ကျောင်းပညာရေးနဲ့ဆက်နွယ်ပြီး ပြည်သူ့နီတိတွေ၊ လူဘောင်အဖွဲ့အစည်းကို ကောင်းကျိုးဖြစ်စေမယ့် အလေ့အထ၊ အမူအကျင့်၊ စိတ်ထားကောင်းတွေလည်း သင်ကြားပေးဖို့ စီမံခဲ့ပါတယ်။ ဒါမှ ငြိမ်းချမ်းတဲ့၊ အေးချမ်းတဲ့၊ သာယာတဲ့ စိတ်ထားကောင်းတဲ့ လူတွေနေတဲ့မေတ္တာ၊ ကရုဏာ၊ မုဒိတာပွားနိုင်တဲ့လူတွေနေထိုင်ကြတဲ့ နိုင်ငံကြီးဖြစ်ရမယ်လို့ မျှော်မှန်းကြိုးပမ်းခဲ့ပါတယ်။

ကျန်းမာရေးကဏ္ဍအသုံးစရိတ်ကလည်း ၂၀၁၁ ခုနှစ်မှာ ကျပ် ၈၆ ဒသမ ၅၈ ဘီလီယံရှိရာကနေ ၂၀၁၅ ခုနှစ်မှာ ကျပ် ၈၁၄ ဒသမ ၁၇ ဘီလီယံထိရှိလာခဲ့ပါတယ်။ ပြည်သူတွေကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီစေဖို့အတွက် ပြီးခဲ့တဲ့ ငါးနှစ်တာကာလအတွင်းမှာ ဆေးရုံ (၂၂၅)ရုံတိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ဆေးရုံ (၁၀၀) ကို အဆင့်မြှင့်တင်ပေးခဲ့ပါတယ်။ အလားတူပဲ ခရိုင်၊ မြို့နယ် ကုသရေးဆေးရုံ(၄၂၁)ရုံကို အသစ်တည်ဆောက်ဖွင့်လှစ်ပေးခဲ့သလို ကျေးလက်ကျန်းမာရေးဌာန၊ မိခင်ကလေးကျန်းမာရေးဌာန၊ ဒေသန္တရကျန်းမာရေးဌာန (၂၂၅)ခု၊ တိုင်းရင်းဆေးရုံ (၄၄)ရုံ၊ သူနာပြုနဲ့ သားဖွားကျောင်း (၉)ကျောင်းကို အသစ်ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ပြည်သူများအနေနဲ့ မိမိတို့နေထိုင်ရာဒေသမှာပဲ အဆင့်မြင့်ကျန်းမာရေးစောင့်ရှောက်မှုများကို ခံယူနိုင်ဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်မြို့ကြီးများက ဆေးရုံ (၁၅) ရုံကို ခုတင်(၅၀၀) ဆေးရုံကြီးများအဖြစ်အဆင့်မြှင့်တင်ပေးခဲ့ပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကိုလည်း ခုတင် (၂၀၀၀) ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ပါတယ်။ တစ်ဖက်ကလည်းဆေးရုံများကို အဆင့်မြှင့်တင်ပေးသလို လူနာများအနေနဲ့ ကျန်းမာရေးအတွက် ကုန်ကျစရိတ်ကိုလျှော့ချနိုင်ရန် အခမဲ့ကုသမှုအစီအစဉ်များကိုတိုးချဲ့ဆောင်ရွက်ပေးခဲ့ပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့နေရာမှာ ဆက်သွယ်ရေးကဏ္ဍဟာလည်းအလွန်အရေးကြီးပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အစိုးရသစ်လက်ထက်မှာ မိုဘိုင်းဖုန်းနဲ့ အင်တာနက်သုံးစွဲမှုကိုတိုးချဲ့ဖို့ အလေးထားဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုတိုးချဲ့ခြင်းဟာ သာမန်ဆက်သွယ်ပြောဆိုရုံအတွက်သာမဟုတ်ဘဲ ပြည်သူများရဲ့ သတင်းအချက်အလက်သိပိုင်ခွင့်၊ အသိပညာရှာဖွေဆည်းပူးနိုင်ခွင့်ကိုလည်း တိုးချဲ့လေးလိုက်တာဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများအနေနဲ့ မိုဘိုင်းဖုန်း၊ အင်တာနက်တို့ကနေ စျေးကွက်သတင်း၊ ရာသီဥတုသတင်းများကို ရယူနိုင်တဲ့အတွက် ကျေးလက်နဲ့ မြို့ပြကြား အသိပညာကွာဟချက်ကို ကျဉ်းမြောင်းစေပြီး ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူဖြစ်စေပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ ဆက်သွယ်ရေးကဏ္ဍမှာ နိုင်ငံတကာ ကုမ္ပဏီများ ပါဝင်ဆောင်ရွက်ခွင့်ပြုခဲ့တဲ့အတွက် ယခုအခါ နိုင်ငံတွင်း မိုဘိုင်း ဖုန်းသုံးစွဲနိုင်မှုဟာ ၂၀၁၁ ခုနှစ်က ၄ ရာခိုင်နှုန်းကျော်၊ ၅ ရာခိုင်နှုန်းခန့်သာရှိခဲ့ရာကနေ အခုအခါမှာ ၈၀ ရာခိုင်နှုန်းကျော်အထိ တိုးတက်လာခဲ့ပြီဖြစ်ပါတယ်။ ဆင်းကတ်စျေးနှုန်းများဟာ ၁၅ သိန်း၊ သိန်း ၂၀ ကနေ ၁၅၀၀ ကျပ်အထိ လျှော့ချပေးခဲ့တဲ့အတွက် လူတိုင်းလက်လှမ်းမီတဲ့ စျေးနှုန်းဖြစ်လာပါပြီ။ မကြာခင်မှာ Mobile Banking စနစ်ကိုပါ တိုးချဲ့ဆောင်ရွက်မှာဖြစ်တဲ့အတွက် ကျေးလက်ဒေသနေပြည်သူများရဲ့ စီးပွားရေးအခွင့်အလမ်းများကပိုမိုမြင့်မားလာတော့မှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အားနည်းချက်တစ်ခုကတော့ လျှပ်စစ်မီးရရှိသုံးစွဲနိုင်ရေးပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အစိုးရလက်ထက်မှာ အမျိုးသားစွမ်းအင်မူဝါဒကို ရေးဆွဲအတည်ပြုခဲ့ပြီး ကာလရှည်စွမ်းအင်ဆိုင်ရာ ပင်မစီမံချက်ကိုလည်းရေးဆွဲခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် အမျိုးသားလျှပ်စစ်ဓာတ်အား ပင်မစီမံချက်ကို ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နဲ့ ပူးပေါင်းပြီးလည်းကောင်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစီမံချက်အား ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းပြီးလည်းကောင်း ရေးဆွဲခဲ့ပြီးဖြစ်ပါတယ်။

ပြီးခဲ့တဲ့ငါးနှစ်အတွင်းမှာ ကျွန်တော်တို့အနေနဲ့ လျှပ်စစ်ဓာတ်အား (၁၈၂၂) မဂ္ဂါဝပ်တိုးတက်ထုတ်လုပ်ခဲ့တဲ့အတွက် ယခုဆိုရင် မြို့ပေါင်း (၄၂၂) မြို့၊ ကျေးရွာပေါင်း (၂၉၁၀၉) ရွာမှာ လျှပ်စစ်မီးအသုံးပြုနိုင်နေပြီဖြစ်ပါတယ်။ အဲဒီလိုတိုးချဲ့ဆောင်ရွက်ခဲ့တဲ့အတွက် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိချိန်ကစပြီး မဟာဓာတ်အားလိုင်းစနစ်ကနေ လျှပ်စစ်ဓာတ်အားမရရှိခဲ့တဲ့ချင်းပြည်နယ်နဲ့ ရခိုင်ပြည်နယ်များမှာ လျှပ်စစ်ဓာတ်အား စတင်ရရှိနေပြီဖြစ်ပါတယ်။ ဒါ့အပြင် ကျေးလက်မီးလင်းရေးကနေ ငါးနှစ်အတွင်း ကျေးရွာပေါင်း သုံးသောင်း တစ်ထောင်ကျော်ကို မီးလင်းအောင်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အမျိုးသားလျှပ်စစ်ဓာတ်အား ပင်မစီမံချက်အရ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ငါးနှစ်စီမံကိန်းနဲ့ အိမ်ထောင်စုပေါင်း ၁ ဒသမ ၇ သန်းကို လျှပ်စစ်ဓာတ်အားဆက်သွယ်ပေးနိုင်ရေး စီမံထားပြီးလည်းဖြစ်ပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

ကျွန်တော်တို့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ နိုင်ငံရေးနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုများရဲ့ ရလဒ်များကို ပြည်သူများရရှိခံစားနိုင်ဖို့အတွက် အုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်ခဲ့ရပါတယ်။ ဒီမိုကရေစီစနစ်ဟာ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်နဲ့တွဲဖက်မှသာ အောင်မြင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ပေါ်ပေါက်အောင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပြည်သူများရဲ့ အကျိုးစီးပွားကို မျှတစွာအကောင်အထည်ဖော်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

ယခင်က အထက်မှအောက်ကိုဆင်းသက်တဲ့ Top Down စနစ်အားအောက်ခြေမှဗဟိုကို တင်ပြတဲ့ Bottom Up ပြည်သူ့ဗဟိုပြုအုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ ပြည်သူတွေ ကိုယ်တိုင်ရွေးချယ်ဖွဲ့စည်းထားတဲ့ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများဟာ လွှတ်တော်ကိုယ်စားလှယ်များ၊ စီမံခန့်ခွဲရေးကော်မတီများနဲ့ ပေါင်းစပ်ပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ဆောင်ရွက်စေခဲ့ပါတယ်။

ပြည်ထောင်စုအစိုးရနဲ့တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြားပိုမို ပေါင်းစပ်ဆောင်ရွက်နိုင်ဖို့အတွက် ဒုတိယဝန်ကြီးများဦးစီးတဲ့ Delivery Unit များကို ဖွဲ့စည်းကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေခဲ့သလို အုပ်ချုပ်ရေးလုပ်ငန်းများမှာ ပွင့်လင်းမြင်သာမှုရှိစေဖို့နဲ့ လွယ်ကူချောမွေ့စေဖို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များမှာ One Stop Shop ရုံးပေါင်း ၂၆၇ ရုံးကို ဖွင့်လှစ်ခဲ့ပြီး ဆက်လက်တိုးချဲ့ဖွင့်လှစ်လျက်လည်း ရှိပါတယ်။

အုပ်ချုပ်ရေးကဏ္ဍပြုပြင်ပြောင်းလဲရေးမှာ အဓိကကျတာကတော့ နိုင်ငံ့ဝန်ထမ်းများပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အစိုးရလက်ထက်မှာ ဝန်ထမ်းများအရည်အသွေးမြင့်မားရေးနဲ့ သက်သာချောင်ချိရေးအတွက် သင်တန်းများပေးခြင်း၊

**စာမျက်နှာ ၅ သို့ ◆**

## ပြည်တွင်းရေးရာ

**❖ စာမျက်နှာ ၄ မှ**

ပညာတော်သင်စေလွှတ်ခြင်းများအပြင် လစာများတိုးမြှင့်ပေးခြင်း၊ အငြိမ်းစားလစာများ တိုးမြှင့်ပေးခြင်းတို့ကို ဦးစားပေးဆောင် ရွက်ခဲ့ပါတယ်။ အခြား ဒီမိုကရေစီနိုင်ငံများနည်းတူ အစိုးရအဆက်ဆက် ပြောင်းလဲပေမယ့် ဌာနတာဝန်များကို တည်ငြိမ်စွာလက်ဆင့်ကမ်းထမ်းဆောင်သွားနိုင်ဖို့အတွက် အမြဲတမ်းအတွင်းဝန်များကို ပြန်လည်ခန့်ထားခဲ့ပြီး လိုအပ်တဲ့ ဖွဲ့စည်းပုံဆိုင်ရာပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ငါးနှစ်ကာလအတွင်းမှာ အဆင့်ဆင့်သောရာထူးတာဝန်များကို ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းတစ်သန်းခွဲကျော်ဟာ ယခင်အုပ်ချုပ်ရေးစနစ်နဲ့ လုံးဝကွဲပြားခြားနားတဲ့အုပ်ချုပ်ရေးစနစ်တစ်ခု ပေါ်ပေါက်လာအောင် အစွမ်းကုန်အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီအတွက်လည်း ဝန်ထမ်းများရဲ့ ကြိုးပမ်းဆောင်ရွက်မှုများကို ကျွန်တော့်အနေနဲ့ အသိအမှတ်ပြုကြောင်း ဒီနေရာကနေ ပြောကြားလိုပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

အုပ်ချုပ်ရေးကဏ္ဍပြုပြင်ပြောင်းလဲရေးအပါအဝင် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များမှာ အရေးကြီးတဲ့လုပ်ငန်းစဉ်တစ်ခုကတော့ သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးပဲဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရလက်ထက်မှာ ခေတ်စနစ်နဲ့မကိုက်ညီတဲ့ စာနယ်ဇင်းဆိုင်ရာဥပဒေများကို ပယ်ဖျက်ပေးခဲ့ပြီး လိုအပ်တဲ့ ဥပဒေသစ်များကိုလည်း ပြဋ္ဌာန်းပေးခဲ့ပါတယ်။ သတင်းမီဒီယာများရဲ့ ကျင့်ဝတ်နဲ့ စာနယ်ဇင်းအတတ်ပညာဆိုင်ရာအဆင့်အတန်းများမြင့်မားစေဖို့အတွက် နိုင်ငံတကာမီဒီယာအဖွဲ့အစည်းများကို သတင်းမီဒီယာဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ခွင့်ပြုခြင်း၊ နိုင်ငံတကာသတင်းမီဒီယာအဖွဲ့အစည်းများကို လွတ်လပ်စွာ သတင်းရယူခွင့်ပြုခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

လက်ရှိအချိန်မှာ သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လွတ်လပ်တဲ့ သတင်းမီဒီယာကောင်စီကို ဖွဲ့စည်းခဲ့ပြီးဖြစ်သလို လွတ်လပ်တဲ့ ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီကိုလည်း ဆက်လက်ဖွဲ့စည်းရမှာဖြစ်ပါတယ်။ ဒဲ့အပြင် သတင်းမီဒီယာသမားများ လွတ်လပ်စွာသတင်းရယူခွင့်ကို အထောက်အကူဖြစ်စေမယ့် သတင်းအချက်အလက်ဆိုင်ရာအခွင့်အရေး ဥပဒေကြမ်း ( Right to Information Law )ကိုလည်း ရေးဆွဲပြုစုထားပြီးဖြစ်တဲ့အတွက် နောက်အစိုးရအဖွဲ့ကို လွှဲပြောင်းပေးသွားမှာဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းတွေ၊ ဥပဒေတွေ အသက်ဝင်လာတာနဲ့အမျှ ဒီကနေ့ သတင်းမီဒီယာသမားများ ကြုံတွေ့နေရတဲ့ ကျင့်ဝတ်ဆိုင်ရာပြဿနာများ၊ ဥပဒေကြောင်းဆိုင်ရာအခက်အခဲများ လျော့နည်းပျောက်သွားမှာဖြစ်ပါတယ်။

အလားတူ လူ့အခွင့်အရေးကော်မရှင်ဟာလည်း သက်ဝင်လှုပ်ရှားနေပြီဖြစ်ပါတယ်။ အစိုးရအဖွဲ့မှာလည်း လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးကော်မတီကို ဖွဲ့စည်းထားသလို တစ်ဖက်ကလည်း လွတ်လပ်တဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်နေတာ တွေ့နိုင်ပါတယ်။ International Transparancy Initiative အရ ၂၀၁၀ ခုနှစ်မှာ Anti Corruption Index ၁၈၃ ကနေ ယခု ၂၀၁၅ ခုနှစ်မှာ ၁၄၆ ဖြစ်လာတာကို ကြည့်ခြင်းအားဖြင့် ပိုမိုကောင်းမွန်တဲ့ဘက်ကို ရွှေ့လာတာ တွေ့နိုင်ပါတယ်။ ကာလကြာရှည် သံချေးတက်နေတဲ့ အလေ့အကျင့်တွေကို ပြုပြင်တဲ့နေရာမှာ ချက်ချင်းတော့ ကျွန်တော်တို့ဖြစ်ချင်သလို မဖြစ်နိုင်ခဲ့တာ တွေ့ရပါတယ်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်ပြီး ၂၀၂၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံကို အလယ်အလတ်အဆင့်ဝင်ငွေရရှိသော နိုင်ငံဖြစ်ရန်အတွက် ရည်မှန်းချက်ထား ဆောင်ရွက်ရာမှာ နိုင်ငံ့စီးပွားရေးရဲ့ အဓိကမောင်းနှင်အားဖြစ်တဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်တဲ့အတွက် ပုဂ္ဂလိကကဏ္ဍရဲ့ ထုတ်လုပ်မှု၊ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးများကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုလုပ်ဆောင်ခဲ့တဲ့အတွက် ပုဂ္ဂလိကကဏ္ဍ ပါဝင်မှုဟာ ကုန်ထုပ်လုပ်မှုကဏ္ဍမှာ ၇၂ ဒသမ ၈ ရာခိုင်နှုန်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ၉၇ ဒသမ ၂ ရာခိုင်နှုန်းနဲ့ ဝန်ဆောင်မှုကဏ္ဍမှာ ၈၃ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ပြီးဖြစ်ပါတယ်။ ဒဲ့အပြင် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကဏ္ဍမှာလည်း ပုဂ္ဂလိကပါဝင်မှုဟာ ၂၀၁၀-၂၀၁၁ မှာ ၅၃ ဒသမ ၁၆ရာခိုင်နှုန်းသာရှိရာကနေ ၂၀၁၄-၂၀၁၅ မှာ ၆၅ ဒသမ ၈၁ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ပြီးဖြစ်ပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်စတင်ဖို့အတွက် ပထမခြေလှမ်းပဲဖြစ်ပါတယ်။ အဲဒီရွေးကောက်ပွဲကနေ ပေါ်ပေါက်လာတဲ့ လွှတ်တော်အသီးသီးနဲ့ ကျွန်တော်တို့အစိုးရအဖွဲ့ဟာ တာဝန်သိမှုနဲ့ လွတ်လပ်မှုကို ဟန်ချက်ညီညီကျင့်သုံးတဲ့ ဒီမိုကရေစီစနစ်တစ်ရပ်ကို ဖော်ဆောင်နိုင်ဖို့အတွက် လက်တွဲညီညီ ကြိုးပမ်းခဲ့ကြပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေတဲ့တစ်ချိန်တည်းမှာပဲ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို နောက်တစ်ဆင့် တက်လှမ်းနိုင်မယ့်အခွင့်အရေးဖြစ်တယ်ဆိုတာကိုလည်း သတိပြုဆောင်ရွက်ခဲ့ပါတယ်။

ဒဲ့ကြောင့် ကျွန်တော်တို့အစိုးရအဖွဲ့ရဲ့ ပြီးခဲ့တဲ့ ငါးနှစ်သက်တမ်းလုပ်ဆောင်ချက်များဟာ ၂၀၁၅ ခုနှစ်မတိုင်မီ ငြိမ်းချမ်းရေးရရှိဖို့၊ နိုင်ငံတည်ငြိမ်အေးချမ်းဖို့၊ အားလုံးပါဝင်နိုင်တဲ့ နိုင်ငံရေးဖြစ်စဉ်ပေါ်ပေါက်လာဖို့၊ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး အသိပညာဗဟုသုတ ပြည့်စုံလာစေဖို့ ရည်ရွယ်ပြီး လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် ၂၀၁၅ ရွေးကောက်ပွဲကနေ ဘယ်ပါတီပဲနိုင်နိုင် ဒီမိုကရေစီအစခရီးဖြစ်တဲ့ ၂၀၁၀ ပြည့်နှစ်မှာရှိနေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေးအခြေအနေများထက် ပိုမိုကောင်းမွန်တဲ့အခြေအနေတစ်ရပ်ကို ရရှိစေဖို့အတွက် အခြေခံကောင်းများ တည်ဆောက်ပေးခဲ့ခြင်းပဲဖြစ်ပါတယ်။ ဒါဟာ ကျွန်တော့်အနေနဲ့ သမ္မတအဖြစ် ဒုတိယအကြိမ်ပြန်လည်တာဝန်ထမ်းဆောင်ခွင့်ရရှိရေး၊ ပြည်ထောင်စုကြီ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီထပ်မံအနိုင်ရရှိရေးထက် ပိုပြီး ကျယ်ပြန့်မြင့်မားတဲ့ ရည်မှန်းချက်လည်းဖြစ်ပါတယ်။ ဒါဟာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု အကျိုးစီးပွားထက်ပိုမိုမြင့်မားတဲ့ အမျိုးသားနိုင်ငံရေး ရည်မှန်းချက်လည်းဖြစ်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ခိုင်မာဖို့အတွက် အဓိကကျတဲ့ ရည်မှန်းချက်လည်းဖြစ်ပါတယ်။

ဒီရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ကျွန်တော် အထက်မှာ အစီရင်ခံတင်ပြခဲ့တဲ့ အောင်မြင်မှုတွေရရှိခဲ့သလို အခက်အခဲတွေ၊ အားနည်းချက်တွေ၊ စိန်ခေါ်မှုတွေအများကြီးတွေ့ကြုံခဲ့ပါတယ်။ ထိပ်တိုက်ရင်ဆိုင်မှုတွေ၊ ဝိရောဓိတွေလည်းရှိခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် ရပ်တန့်မသွားစေဖို့၊

**ကျွန်တော်တို့ တာဝန်ယူစဉ်ကာလအတွင်းမှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ မဏ္ဍိုင်အသီးသီးမှာ တာဝန်ရှိသူများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံတကာအစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ သတင်းမီဒီယာများနှင့် ပြည်သူများအားလုံးကို ကျေးဇူးတင်။**

နောက်ကြောင်းပြန်မသွားစေဖို့အတွက် ပကတိအရှိတရားနဲ့ လက်တွေ့နိုင်ငံရေးအခြေအနေက ခွင့်ပြုထားတဲ့အတိုင်းအတာအတွင်းကနေ ဖြစ်သင့်တာနဲ့ ဖြစ်နိုင်တာကို သဟဇာတဖြစ်အောင် ကိုင်တွယ်ဖြေရှင်းခဲ့ပါတယ်။ ပုဂ္ဂိုလ်ရေးအရ ထိခိုက်နာကျင်မှုတွေကို မေ့ပျောက်ပြီး နိုင်ငံနဲ့ ပြည်သူများရဲ့ ရေရှည်အကျိုးစီးပွားအတွက် စိတ်ရှည်သည်းခံဆောင်ရွက်ခဲ့ပါတယ်။ အမိန့်အာဏာနဲ့ လုပ်ဆောင်ခြင်းထက် ပါဝင်ပတ်သက်တဲ့ Stake holder များအကြားမှာ စိတ်တူသဘောတူ ပူးပေါင်းဆောင်ရွက်မှုရအောင် ကြိုးစားလုပ်ဆောင်ခဲ့ပါတယ်။

ဒဲ့ကြောင့်လည်း ဒီကနေ့ ရောက်ရှိနေတဲ့ မြန်မာ့နိုင်ငံရေးဖြစ်စဉ်ဟာ မတူညီတဲ့ နိုင်ငံရေးအင်အားစုတွေ ပိုမိုပါဝင်လာပြီး မတူကွဲပြားတဲ့ သဘောထားများကို စေ့စပ်ဆွေးနွေးအဖြေရှာခြင်းဆိုတဲ့ နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ် ပေါ်ပေါက်လာပြီ၊ ပြည်သူတွေအတွင်းမှာ ဒီမိုကရေစီကျင့်စဉ်တွေ ပိုမိုထွန်းကားလာပြီ၊ နိုင်ငံရေးနယ်ပယ်မှာ ဒီမိုကရေစီစနစ်နဲ့ကိုက်ညီတဲ့ နိုင်ငံရေးအဆောက်အအုံ ( Political Institution ) တွေ ပိုမိုခိုင်မာလာပြီဆိုတာ ဘယ်လိုမှ ငြင်းလို့မရတဲ့ အမှန်တရားပဲဖြစ်ပါတယ်။ ဒဲ့ကြောင့်လည်း မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အပေါ်မှာ ပြည်တွင်း၊ ပြည်ပကယုံကြည်မှုတွေ ပိုမိုရရှိလာတာပဲဖြစ်ပါတယ်။ ဒီလိုယုံကြည်လို့ မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးတို့ရဲ့ နိုင်ငံရေးဂုဏ်သိက္ခာမြင့်မားလာပြီး တစ်ချိန်က မြန်မာနိုင်ငံကို အထီးကျန်ပိတ်ဆို့ထားခဲ့တဲ့နိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးတဲ့ဆက်ဆံရေးကို ပြန်လည်တည်ဆောက်နိုင်ခြင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌရာထူးတာဝန်ကို ထမ်းဆောင်နိုင်ခြင်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ လက်ခံကျင်းပနိုင်ခြင်း၊ အာရှဒေသတွင်းနဲ့ နိုင်ငံတကာရေးရာများမှာ ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်လာနိုင်ခြင်းဆိုတဲ့ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အောင်မြင်မှုများ ကိုလည်း ရရှိခဲ့တာဖြစ်ပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

ပြီးခဲ့တဲ့ ငါးနှစ်တာကာလအတွင်း ကျွန်တော်တို့အားလုံးရဲ့ ကြိုးပမ်းလုပ်ဆောင်မှုများနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကနေ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အရေးကြီးတဲ့ အထွေထွေရွေးကောက်ပွဲကြီးကို တည်ငြိမ်အေးချမ်းစွာ၊ လွတ်လပ်စွာ ကျင်းပပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲကြီးကနေ ပေါ်ပေါက်လာတဲ့ရလဒ်များအရ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ဦးဆောင်ပြီး ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်တော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ရွေးကောက်ပွဲမတိုင်မီက ကတိပြုထားတဲ့အတိုင်း ရွေးကောက်ပွဲကနေ ပေါ်ပေါက်လာတဲ့ အစိုးရအဖွဲ့ကိုစနစ်တကျ တာဝန်လွှဲပြောင်းပေးနိုင်ရေးအတွက် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊လုပ်ထုံးလုပ်နည်းများ၊ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီတာဝန်လွှဲပြောင်းမှုဟာ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိတဲ့အချိန်ကစပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကနေ ပေါ်ပေါက်လာတဲ့ အစိုးရနဲ့ နိုင်ငံတော်အကြီးအကဲက နောက်အထွေထွေရွေးကောက်ပွဲကနေ ပေါ်ပေါက်လာတဲ့ အစိုးရနဲ့နိုင်ငံတော်အကြီးအကဲကို တည်ငြိမ်အေးချမ်းစွာ တာဝန်လွှဲပြောင်းပေးတဲ့ ပထမဆုံးဖြစ်စဉ်လည်းဖြစ်ပါတယ်။ ဒီလိုနိုင်ငံရေးအနှစ်သာရပြည့်ဝပြီး အရေးကြီးတဲ့ တာဝန်လွှဲပြောင်းမှုကို စနစ်တကျ အောင်မြင်အောင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဒီနေရာကနေ ထပ်မံကတိပြုပြောကြားလိုပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

သက်တမ်းအလိုက် ပုံမှန်ကျင်းပတဲ့ ရွေးကောက်ပွဲများဟာ ဒီမိုကရေစီစနစ်ရဲ့ အင်္ဂါရပ်တစ်ခုပဲဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲများကနေ ပြည်သူများရဲ့ အဆုံးအဖြတ်အတိုင်း နိုင်ငံရေးပါတီများရဲ့ အနိုင်၊ အရှုံးဆိုတာလည်း ပေါ်ပေါက်နေမှာဖြစ်ပါတယ်။ အများစုအနိုင်ရတဲ့ပါတီများက နိုင်ငံနဲ့ ပြည်သူအကျိုးစီးပွားအတွက် အကောင်အထည်ဖော်ဆောင်ရွက်သလို အနည်းစုပါတီများကလည်း အမျိုးသားအကျိုးစီးပွားအခြေခံပေါ်ကနေ ပူးပေါင်းဆောင်ရွက်ခြင်း၊ လိုအပ်ရင် အပြုသဘောဆောင်ဝေဖန်ထောက်ပြခြင်းများဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီလိုပဲ နောင်အဆက်ဆက်သော ရွေးကောက်ပွဲများမှာ မိမိတို့ပါတီရဲ့မူဝါဒများကို ပြည်သူတွေ လက်ခံယုံကြည်လာအောင် ဒီမိုကရေစီနည်းလမ်းတကျ ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံရဲ့ ပကတိအရှိတရားအရ မည်သည့်ပါတီကတာဝန်ယူသည်ဖြစ်စေ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။ အဲဒီတာဝန်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ကျွန်တော်နဲ့ အစိုးရအဖွဲ့ဝင်အားလုံးက နောက်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း နောင်လွှတ်တော်များမှာ မပါဝင်တော့ဘူးဆိုရင်တောင် လွှတ်တော်ပြင်ပကနေ နိုင်ငံတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။

**လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

လာမယ့် မတ်လ ၃၀ ရက်နေ့မှာ ကျွန်တော်တို့အစိုးရသက်တမ်းကုန်ဆုံးတော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ပြီးခဲ့တဲ့ ငါးနှစ်သက်တမ်းကာလအတွင်းမှာ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို တည်ငြိမ်အေးချမ်းစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့တာဝန်ယူစဉ်ကာလအတွင်းမှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ မဏ္ဍိုင်အသီးသီးမှာ တာဝန်ရှိသူများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံတကာအစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ သတင်းမီဒီယာများနဲ့ ပြည်သူများအားလုံးကို ကျေးဇူးတင်ကြောင်း ဒီနေရာကနေ ပြောကြားလိုပါတယ်။

နောက်ပေါ်ပေါက်လာမယ့် အစိုးရနဲ့ လွှတ်တော်များအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ပိုမိုအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပါစေ။

မိဘပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ ဥမကွဲ သိုက်မပျက် အေးအတူပူအမျှ ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်။

## ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲအခမ်းအနား ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၈**

၂၀၁၅ ခုနှစ် "ဆရာဝန်တင်ရွှေ" စာပေဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါစာပေဆုများကို ၂၀၁၄ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်များအနက်မှ မြဝင်း(ဒဿန) ရေးသားပြီး လင်းလွန်းခင် စာပေမှ ထုတ်ဝေသည့် "နှင်းဆီနံ့မွှေးနှင့် အခြားစာပေဆောင်းပါးများ" စာအုပ်၊ ပါမောက္ခ ဒေါက်တာဦးအေးမြင့် ရေးသားပြီး ခိုင်ဇင်စိုး စာပေတိုက်မှ ထုတ်ဝေသည့် "လူသားတိုင်းပါဝင် သဘာဝပတ်ဝန်းကျင်" စာအုပ်၊ ထက်အောင်(ဗန်းမော်) ရေးသားပြီး မင်းမင်းမြတ်စာပေမှ ထုတ်ဝေသည့် "တောဆရာဝန်" စာအုပ်နှင့် Dr. Saw Mra Aung ရေးသားပြီး Su Su Mi စာပေတိုက်မှ ထုတ်ဝေသည့် "The Chronicle of the Mons " စာအုပ်တို့ကို ရွေးချယ်ဆုချီးမြှင့်ခြင်းဖြစ်သည်။

ထို့ပြင် ယခုနှစ်အတွက် ဆရာဝန်တင်ရွှေ တစ်သက်တာ စာပေဂုဏ်ဆောင်ဆုအဖြစ် စာရေးဆရာကြီး ဦးအောင်ခန့် (တက္ကသိုလ်ဝင်းမွန်)အား ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ရာ တင်ရွှေစာပေ ဖုန်း - ၀၁-၅၃၄၄၄၊ ၀၉-၅၁-၁၇၆၈၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အသိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း RBT (Bus Rapid Transit) ယာဉ်များ မကြာမီ စတင်ပြေးဆွဲတော့မည်ဖြစ်ရာ BRT ယာဉ်များသည် လမ်း၏ ယာဘက်ယာဉ်ကြော၌ ဦးစားပေးမောင်းနှင်မည်ဖြစ်ပါသည်။ အဆိုပါ BRT ယာဉ်များသည် အိမ်ရှည်ယာဉ်ကြီး (Long Vehicle) များဖစ်ကြသဖြင့် လမ်းဆုံများတွင် လက်ပဲ၊ လက်ယာ ကွေ့သည့်အခါ BRT ယာဉ်ကြောအတိုင်း ကွေ့ရာ၌ အခက်အခဲဖစ်ပေါ်နိုင်ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ မော်တော်ယာဉ်နည်းဥပဒေ ၁၄၈ (ဂ) နှင့်အညီ BRT ယာဉ်များသည် လမ်း၏ထောင့်ချိုးနှင့် လွတ်ကင်းရန်အတွက် လမ်းအလယ် ဒုတိယယာဉ်ကြောဘက်မှ ကပ်မောင်း၍ အမြန်နှုန်းလျှော့ချပြီး ကွေ့မည်ဖြစ်ရာ BRT ယာဉ်ဘေးနှင့် နောက်မှမောင်းသည့် အခြားယာဉ်များအနေဖြင့် သတိပြုမောင်းနှင်ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# စွမ်းအင်ကဏ္ဍပွံ့ဖြိုးတိုးတက်ဖို့ အာဆီယံစွမ်းအင်ဆုတံဆိပ်ပြိုင်ပွဲ ပါဝင်ဆင်နွှဲစို့

မောင်စွမ်းအင်

နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဆိုပါနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ စီးပွားရေးတောင့်တင်းခိုင်မာမှသာ ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ပါသည်။ ယင်းသို့ လူနေမှုအဆင့်အတန်းမြင့်မားလာ၍ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်မှုကဏ္ဍ၊ သယံဇာတပို့ဆောင်ရေးကဏ္ဍ၊ မြို့ပြနှင့်ကျေးလက်ဒေသများပါမကျန် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့အတွက် စွမ်းအင်လုံလောက်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေးသည် အရေးကြီးသောအချက်ပင်ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတို့တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ၂၀၁၀ ခုနှစ်မှစ၍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် ခေတ်စနစ်နှင့်ကိုက်ညီသော ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ခြင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဖိတ်ခေါ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းကြောင့် စွမ်းအင်လိုအပ်ချက်သည် တစ်နေ့တခြား ပိုမိုမြင့်တက်လာလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် မူလအခြေခံစွမ်းအင်များဖြစ်သော ထင်း၊ မီးသွေး၊ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့၊ ရေအား လျှပ်စစ်တို့ကို အဓိကထားထုတ်လုပ်သုံးစွဲလျက်ရှိပါသည်။ ကျောက်မီးသွေးကိုမူ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်အတွက် အဆင့်မြင့်နည်းပညာများ သုံးစွဲနိုင်ရေးကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ ၎င်းအပြင် ပြန်ပြည့်မြဲစွမ်းအင်ဟု ခေါ်ဆိုသော နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်၊ ဘူမိအပူ၊ ဇီဝလောင်စာ၊ ဇီဝဒြပ်ထုနှင့် ဒီရေအတက်အကျမှ ထုတ်လုပ်သည့် စွမ်းအင်တို့ကို ထုတ်ယူသုံးစွဲနိုင်ရေးအတွက် သုတေသနပြု လေ့လာဆောင်ရွက်လျက်ရှိပါသည်။ ပြန်ပြည့်မြဲစွမ်းအင်သည် ယခင်က ပဏာမရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်မြင့်မားခြင်းနှင့် နည်းပညာအခက်အခဲစသည်တို့ကြောင့် အနည်းငယ်ကိုသာ ထုတ်ယူသုံးစွဲနိုင်ခဲ့ပါသည်။ သို့သော် လက်ရှိကာလတွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုလျှော့ချခြင်း ဆောင်ရွက်နိုင်ရန်အတွက် ပြန်ပြည့်မြဲစွမ်းအင်သည် အနာဂတ်စွမ်းအင်ကဏ္ဍတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာပါသည်။

ကမ္ဘာပေါ်တွင် ပြန်လည်ပြည့်ဖြိုးခြင်းမရှိသည့် စွမ်းအင်များဖြစ်သော ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့အား အဓိကစွမ်းအင်လောင်စာအဖြစ် အားထားသုံးစွဲနေရခြင်းမှ လျှော့ချ၍ ပြန်ပြည့်မြဲစွမ်းအင်ဖြင့် အစားထိုးသုံးစွဲရန် ကြိုးစားကြံစည် တီထွင်လျက်ရှိရာ ယနေ့အချိန်တွင် ပြန်ပြည့်မြဲစွမ်းအင်ထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်သည် အခြားစွမ်းအင်များနီးပါး ဖြစ်လာနေပြီဖြစ်ပါသည်။ သို့သော် ကမ္ဘာ့ရေနံဈေးနှုန်း အဆမတန်ကျဆင်းနေခြင်းသည် ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေး၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုလျှော့ချခြင်းတို့အတွက် အခွင့်အလမ်း တစ်ရပ်ဖြစ်နေကြောင်း တွေ့ရှိရပေသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် မည်သည့်စွမ်းအင်အမျိုးအစားကို သုံးစွဲသည်ဖြစ်စေ အလေအလွင့်အနည်းဆုံး၊ အကျိုးအရှိဆုံးနှင့် နောင်လာနောက်သားများအတွက် မြိုးခြံခွေတာကာ ထုတ်ယူသုံးစွဲရန် လိုအပ်ပါသည်။ အကြောင်းမှာ ရေနံ၊ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့စသည့် သဘာဝသယံဇာတများသည် စနစ်တကျ စီမံထုတ်ယူသုံးစွဲခြင်းမရှိပါက နောင်တစ်ချိန်တွင် ကုန်ခန်းသွားမည်မှာ မလွဲကောန်ဖြစ်ပါသည်။ ထို့အတူ ပြန်ပြည့်မြဲစွမ်းအင်တို့ကိုလည်း လေလွင့်ဆုံးရှုံးမှုအနည်းဆုံးဖြင့် ထုတ်လုပ်သုံးစွဲပါက ပိုမိုတွက်ခြေကိုက်မှုရှိနိုင်မည်ဖြစ်ပါသည်။

**မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် (၃၃) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအပြီး ညစာစားပွဲ (Gala Dinner) တွင် မြန်မာနိုင်ငံမှ ၂၀၁၅ ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာဆုတံဆိပ်ပြိုင်ပွဲ၌ ဆုရရှိခဲ့သူတစ်ဦး ဆုလက်ခံရယူစဉ်။**

ကမ္ဘာအရပ်ရပ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စက်မှုလုပ်ငန်းများ၊ မြို့ပြအဆောက်အအုံများ၊ သယံဇာတပို့ဆောင်ရေးယာဉ်/ယန္တရားများ စသည်တို့အတွက် စွမ်းအင်သုံးစွဲရာတွင် နည်းပညာအမျိုးမျိုးဖြင့် အလဟဿမဖြစ်စေဘဲ လိုအပ်သည့်စွမ်းအင်ပမာဏကိုသာ အကျိုးရှိစွာဖြင့် ချွေတာသုံးစွဲခြင်း၊ ကုန်ကြမ်းနည်းနည်းဖြင့် စွမ်းရည်မြင့်မားသည့် စွမ်းအင်ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာသစ်များကို တီထွင်ကြံဆဖန်တီးခြင်း၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲတတ်စေရန် ပြည်သူလူထုသို့ အသိပညာပေးခြင်းတို့ကို တစ်ဦးချင်း၊ အဖွဲ့အစည်းအလိုက်၊ မြို့ရွာအလိုက်၊ နိုင်ငံအချင်းချင်းအလိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပေသည်။

လူဦးရေသန်းပေါင်း ခြောက်ရာ့သုံးဆယ်ခန့်နေထိုင်လျက်ရှိသော အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသတွင်း စွမ်းအင်ကဏ္ဍကို တစ်တပ်တစ်အား အထောက်အကူဖြစ်စေမည့် ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်း၊ စက်ရုံနှင့် အဆောက်အအုံများတွင် အကောင်းဆုံးစွမ်းအင်သုံးစွဲခြင်းတို့ကို နှစ်စဉ်သက်ဆိုင်ရာကဏ္ဍများအလိုက် ဖိတ်ခေါ်ယှဉ်ပြိုင်ဆုချီးမြှင့်ပြီး အားပေးလျက်ရှိရာ မြန်မာနိုင်ငံမှလည်း အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်နေသည်ကို သိရှိနိုင်ရန်အတွက် ယခုဆောင်းပါးအား ရေးသားတင်ပြခြင်းဖြစ်ပေသည်။

ဦးစွာပထမအနေဖြင့် အာဆီယံအဖွဲ့၏ စွမ်းအင်ဆိုင်ရာဆောင်ရွက်ချက်အကျဉ်းမျှ မိတ်ဆက်တင်ပြလိုပါသည်။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့သို့ ဝင်ရောက်ပြီးသည့် အချိန်မှစတင်၍ လက်ရှိအချိန်အထိ အာဆီယံစွမ်းအင်ကဏ္ဍ၏ Focal Ministry အဖြစ် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပြီး အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ် (ASEAN Plan of Action for Energy Cooperation-APAEC) ကို ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ APAEC ကို အဖွဲ့ဝင်နိုင်ငံအသီးသီး၏ စွမ်းအင်ဖူလုံရေး၊ စွမ်းအင်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ဆိုင်ရာလုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး ငါးနှစ်တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပထမအကြိမ်အဖြစ် အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ် ၁၉၉၉-၂၀၀၄၊ ဒုတိယအကြိမ်အဖြစ် လုပ်ငန်းအစီအစဉ် ၂၀၀၅-၂၀၀၉၊ တတိယအကြိမ်အဖြစ် လုပ်ငန်းအစီအစဉ် ၂၀၁၀-၂၀၁၅ အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ်တွင် အာဆီယံလျှပ်စစ်ဓာတ်အားကဏ္ဍခွဲ (ASEAN Power Grid-APG)၊ အာဆီယံသဘာဝဓာတ်ငွေ့ကဏ္ဍခွဲ (Trans-ASEAN Gas Pipeline-TAGP)၊ ကျောက်မီးသွေးနှင့် သန့်စင်သော ကျောက်မီးသွေး နည်းပညာကဏ္ဍခွဲ (Clean Coal Technology-CCT)၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံခွေတာရေးကဏ္ဍခွဲ (Energy Efficiency and Conservation-EE&C)၊ အာဆီယံပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍခွဲ (Renewable Energy-RE)၊ အာဆီယံဒေသတွင်း စွမ်းအင်မူဝါဒနှင့် စီမံရေးကဏ္ဍခွဲ (Regional Energy Policy and Planning-REPP) နှင့် မြို့ပြနျူကလီယားစွမ်းအင်ကဏ္ဍခွဲ (Civilian Nuclear Energy-CNE) တို့ ပါဝင်ပါသည်။

**၂၀၁၅ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပြိုင်ပွဲ၌ ကျေးရွာလျှပ်စစ်မီးရရှိရေးစီမံကိန်းဖြင့် Winner Prize (ပထမဆု) ဆွတ်ခူးရရှိခဲ့သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ နန်ကသူ ရေလှောင်တမံရှိ ၆၀၀ ကီလိုဝပ် အသေးစားရေအားလျှပ်စစ်အဆောက်အအုံ။**

အဆိုပါလုပ်ငန်းစဉ်များအနက် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးနှင့် ခြိုးခြံခွေတာရေး ကဏ္ဍခွဲနှင့် အာဆီယံပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍခွဲအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ စက်ရုံနှင့် အဆောက်အအုံများတွင် စွမ်းအင်စီမံခန့်ခွဲမှုစနစ်ကို အကောင်းဆုံးနှင့် အထိရောက်ဆုံး တိုးမြှင့်သုံးစွဲလာတတ်စေရေး၊ စွမ်းအင်ကို အကျိုးရှိထိရောက်စွာ သုံးစွဲလာတတ်စေရေးအတွက် ဆန်းသစ်ကောင်းမွန်သောနည်းစနစ်များ ပေါ်ထွန်းလာစေရေး၊ အာဆီယံနိုင်ငံများအတွင်း စီးပွားရေးတိုးတက်လာမှုကို အထောက်အကူဖြစ်စေမည့် စီမံကိန်းလုပ်ငန်းများ တိုးပွားလာစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်နိုင်စေရေးတို့ကို ရည်ရွယ်၍ စွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပြိုင်ပွဲများကို အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာနမှကြီးမှူးပြီး ၂၀၀၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

မူလအစက ပြိုင်ပွဲအမျိုးအစား နှစ်မျိုးကိုသာ ခွဲခြားထားရာ စွမ်းအင်ထိရောက်စွာ အသုံးပြုထားသော အဆောက်အအုံများ (Energy Efficient Building-EEB) ပြိုင်ပွဲ၊ ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်း (Renewable Energy Project - RE) ပြိုင်ပွဲတို့ဖြစ်ပြီး ၂၀၀၇ ခုနှစ်တွင် အဆောက်အအုံနှင့် စက်ရုံများ၌ အကောင်းဆုံးစွမ်းအင်စီမံခန့်ခွဲမှု (Energy Management - EM) ပြိုင်ပွဲ၊ ၂၀၀၈ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဆိုင်ရာလုပ်ငန်းများကို ထူးချွန်စွာဆောင်ရွက်သည့် လူပုဂ္ဂိုလ်များအား ရွေးချယ်ချီးမြှင့်သည့် အကောင်းဆုံးစွမ်းအင်စီမံခန့်ခွဲသည့် ပုဂ္ဂိုလ်ဆု (Excellence in Energy Management by Individuals) တို့ ထပ်မံပါဝင်လာပြီး ၎င်းပြိုင်ပွဲများမှ စွမ်းအင်ထိရောက်စွာ အသုံးပြုထားသော အဆောက်အအုံများပြိုင်ပွဲ၊ ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းပြိုင်ပွဲ၊ အဆောက်အအုံများနှင့် စက်ရုံများ၏ အကောင်းဆုံးစွမ်းအင်စီမံခန့်ခွဲမှုပြိုင်ပွဲတို့တွင် အမျိုးအစား (Category) များ ထပ်မံခွဲခြားထားပါသည်။ အစိမ်းရောင်စွမ်းအင်ရရှိသော အဆောက်အအုံစီမံကိန်း (Green Energy) ပြိုင်ပွဲများ မကြာမီနှစ်များက ပါဝင်လာပါသည်။ အကောင်းဆုံးစွမ်းအင်စီမံခန့်ခွဲသည့် ပုဂ္ဂိုလ်ဆုသည် ပြိုင်ပွဲဝင်အဆိုပြုလွှာဖြင့် တင်ပြရွေးချယ်ခြင်းမဟုတ်ဘဲ အဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဆိုင်ရာလုပ်ငန်းများကို ထူးချွန်စွာဆောင်ရွက်သည့်လူပုဂ္ဂိုလ်များအား အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာနမှ ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပါသည်။

အဆိုပါပြိုင်ပွဲများသို့ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၂ ခုနှစ်မှ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယင်းနှစ်မှာပင် ရန်ကုန်မြို့ ပြည်လမ်းရှိ ကမ္ဘောဇာဏ်ရုံးချုပ် အဆောက်အအုံမှ Energy Efficient Building ကဏ္ဍ၌ Winner ဆု ဆွတ်ခူးရရှိခဲ့သည့်အတွက် အာဆီယံနိုင်ငံများအကြား မြန်မာအင်ဂျင်နီယာများ၏ အရည်အချင်းကို ပြသနိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ပါသည်။ ၂၀၀၂ ခုနှစ်မှစတင်၍ ၂၀၁၅ ခုနှစ်အထိ ပြိုင်ပွဲဝင်ကဏ္ဍအသီးသီး၌ Winner ဆု ရှစ်ဆု၊ Runner-up လေးဆု၊ 2nd Runner-up လေးဆုနှင့် လူပုဂ္ဂိုလ်ဆိုင်ရာ Excellent in Energy Management သုံးဆု ရရှိခဲ့ခြင်းသည် ဂုဏ်လုံလဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲဝင်အဖွဲ့အစည်းများ၏ စိတ်အားထက်သန်မှု ဆုတံဆိပ်ရွေးချယ်စိစစ်ရေး အမျိုးသားကော်မတီနှင့် အထောက်အကူပြုအဖွဲ့အစည်းများ၏အကြံဉာဏ်များနှင့်အတွေ့အကြုံတို့ကိုအခြေခံကာ အားသွန်ခွန်စိုက်ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း၏ ရလဒ်ပင်ဖြစ်ပေသည်။

ဤနေရာတွင် ပြိုင်ပွဲဝင်ကဏ္ဍအသီးသီးမှ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံ စီမံကိန်းများအနက် ပုဂ္ဂလိကပိုင်မှ နှစ်ကြိမ်၊ သုံးကြိမ်ပါဝင်ယှဉ်ပြိုင်၍ Winner ဆုရရှိသည့် အဆောက်အအုံရှိသကဲ့သို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ **စာမျက်နှာ ၈ ကော်လံ ၅ သို့** ❐

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ကာလအတွင်း လွှတ်တော်ဆိုင်ရာ ဆောင်ရွက်ချက်အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပရာ **နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်း** အပါအဝင် ဥပဒေကြမ်း ၂ ခု ဆွေးနွေးခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က **ပြည်ထောင်စု အစိုးရအဖွဲ့၏ တာဝန်ထမ်းဆောင်မှု သက်တမ်း ၅ နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များ**နှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားပြီး ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ပူးပေါင်းကော်မတီအဖွဲ့ဝင် အမရပူရမဲ့ဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယက က တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြု၍ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဦးဖေသန်း။

ဦးသိန်းထွန်းဦး။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှပေးပို့သော **ပြည်ထောင်စုဝန်ကြီးဌာနပြင်ဆင်ဖွဲ့စည်းရေး**နှင့်စပ်လျဉ်း၍ ယခုအချိန်ကာလသည် ပထမအကြိမ် လွှတ်တော်သက်တမ်းပြီးဆုံးရန် ရက်အနည်းငယ်သာ ကျန်ရှိပြီး ကူးပြောင်းရေးကာလဖြစ်နေသည့်အတွက် ဆောင်ရွက်ရန် အချိန်အခက်အခဲရှိခြင်းနှင့် နောင်ပေါ်ပေါက်လာမည့် ပြည်ထောင်စု အစိုးရအဖွဲ့သစ်အနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်မှုအာဏာကို လွှဲပြောင်းလက်ခံရယူပြီးသည့် အချိန်ကာလမှသာ အစိုးရအဖွဲ့သစ်၏သဘောထားနှင့်အညီ ဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီက တင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယက က ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသည့် နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက ဆွေးနွေးကြပြီး ပြည်ထောင်စုလွှတ်တော် နာယက က တစ်ပိုဒ်ချင်းစီအလိုက် အဆုံးအဖြတ်ရယူ အတည်ပြု၍ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာက **ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ကာလအတွင်း လွှတ်တော်ဆိုင်ရာ ဆောင်ရွက်ချက်အကျဉ်းချုပ်**ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၁ ရက်မြောက်နေ့ကို ဇန်နဝါရီ ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# လွှတ်တော်များအတွင်းတွင် တန်ဖိုးကြီးလှသောကိစ္စရပ်များ ဆောင်ရွက်ခွင့် ရရှိခဲ့

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် လွှတ်တော်ကိုယ်စားလှယ်များက နှုတ်ဆက်အမှာစကားများ ပြောကြားကြသည်။

ဒေါ်ခွဲဘူ။

ဦးခွန်လိန်း။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက မိမိတို့ဘဝတွင် တန်ဖိုးထားဂုဏ်ယူစရာ ပြည်သူ့တာဝန်များကို ထမ်းဆောင်ခွင့်ရခဲ့သည့် (၅)နှစ်တာ သက်တမ်းကာလတွင် အတွေ့အကြုံ၊ ဗဟုသုတ၊ အသိအမြင်များနှင့် မိတ်ဆွေညီအစ်ကိုမောင်နှမများလည်း တိုးလာခဲ့ပါကြောင်း၊ ရရှိခဲ့သည့်အတွေ့အကြုံ၊ ဗဟုသုတများကို အရင်းခံ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တတ်နိုင်သည့်ဘက်မှ ဆက်လက် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ နောင်ပေါ်ပေါက်လာမည့် လွှတ်တော်ကြီးကလည်း လွှတ်လပ်ခြင်း၊ ညီမျှခြင်းနှင့် တရားမျှတခြင်းတို့ကို ဖော်ဆောင်ရင်း နိုင်ငံ့အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်အောင်မြင်နိုင်ကြပါစေကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ချင်းတိုးတက်ရေးပါတီ၊ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက)၊ တအာင်း(ပလောင်) အမျိုးသားပါတီ၊ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ၊ အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၊ " ဝ"ဒီမိုကရက်တစ်ပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ အမျိုးသား ဒီမိုကရေစီအင်အားစုပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ရခိုင်အမျိုးသားပါတီ၊ တပ်မတော်သား ကိုယ်စားလှယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့မှ လွှတ်တော်ကိုယ်စားလှယ်များက နှုတ်ဆက်စကား အသီးသီးပြောကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသူရဦးရွှေမန်းက နှုတ်ဆက်အမှာစကား ပြောကြားရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းပေါ်ပေါက်လာခဲ့သည့် လွှတ်တော်များအတွင်းတွင် တန်ဖိုးကြီးလှသောကိစ္စရပ်များ ဆောင်ရွက်ခွင့်ရရှိခဲ့ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် တစ်နည်းဆိုရလျှင် အမျိုးသားအကျိုးစီးပွားအတွက် ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ကိုးကွယ်ရာဘာသာ အယူဝါဒအစွဲမထားရှိဘဲ ညီနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်သော မေးခွန်းများ၊ အဆိုများနှင့် ဥပဒေများကို ဆွေးနွေးညှိနှိုင်း ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ထို့အတူ လွှတ်တော်နိုင်ငံရေးအတွေ့အကြုံ၊ တိုင်းရင်းသားရေးရာအတွေ့အကြုံ အပါအဝင် စည်းလုံးညီညွတ်ရေးအတွက် ကျယ်ပြန့်လှသော ကိစ္စအကြောင်းအရာများကို (၅)နှစ်လုံးလုံး အမြင်ချင်း၊ အတွေ့အကြုံချင်း ဖလှယ်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ပထမအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ မေးခွန်း(၄)ခု မေးမြန်းဖြေကြားခြင်းကို ဆောင်ရွက်ကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၏ **လုပ်သက်ခွင့် ခံစားပိုင်ခွင့် တစ်လကို အမြဲတမ်းစုဆောင်းခံစားပိုင်ခွင့် ပြင်ဆင်သတ်မှတ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးခင်မောင်အေးက နိုင်ငံ့ဝန်ထမ်းတစ်ဦး၏ လုပ်သက်ခွင့်ကို ခံစားခွင့်ပြုရာတွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၇ နှင့်အညီ ပြက္ခဒိန်တစ်နှစ်အတွင်းတွင် ခံစားခွင့်ပြုပေးထားသည့်အပြင် နည်းဥပဒေ ၈၀ ၌ ပြက္ခဒိန်နှစ်အတွင်း ခွင့်စာရင်း၌ကျန်ရှိသော လုပ်သက်ခွင့်ရက်များ အတွက်ကိုလည်းဆုကြေးအဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုရန် ထည့်သွင်းရေးဆွဲ ပြဋ္ဌာန်းထားပါကြောင်း၊ သို့ရာတွင် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၏ လစာကို (၄) ကြိမ်တိုင်တိုင် တိုးမြှင့်ပေးခဲ့ခြင်းနှင့် ဘဏ္ဍာရေးအခြေအနေအရ အဆိုပါနည်းဥပဒေ ၈၀ ကို ကျင့်သုံးရန် လတ်တလော ဆိုင်းငံ့ထားပါကြောင်း။

ဦးတင်မောင်ဝင်း။

ဒေါ်ခင်ဝိုင်းကြည်။

ထို့ပြင် ပြက္ခဒိန်နှစ်အစပိုင်းတွင် မလွဲမရှောင်သာသည့် လူမှုရေး၊ ကျန်းမာရေး စသောကိစ္စရပ်များအတွက် အမှန်တကယ်လိုအပ်၍ လုပ်သက်ခွင့်တောင်းခံပါက ဝန်ထမ်းစုဆောင်းထားသော လုပ်သက်ခွင့်ရက် လက်ကျန်နည်းနေပါက ရှောင်တခင်ခွင့်၊ ဆေးလက်မှတ်ခွင့်ကဲ့သို့ အခြားခံစားခွင့်ရှိသည့် ခွင့်အမျိုးအစားများကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်း၏ စီမံခန့်ခွဲမှုနည်းလမ်းအရ ပြင်ဆင်သတ်မှတ်ခွင့်ပြုပေးနိုင်ပါကြောင်း၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ အနေဖြင့် လုပ်သက်ခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဆင်ပြေစွာဖြင့် ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီးအတွင်း လီဆူတိုင်းရင်းသား လူဦးရေစာရင်း ကောက်ယူပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ တိုင်းရင်းသားလူမျိုးစာရင်းအကြမ်း ထွက်လာချိန်တွင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့် အဆင့်ဆင့် အကျေအလည် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်၍ တိုင်းရင်းသားလူမျိုးအမည်များ သတ်မှတ်ပြီးမှသာလျှင် အတည်ပြုချက်ရယူ၍ ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း လီဆူတိုင်းရင်းသား လူဦးရေစာရင်းကို ထပ်မံကောက်ယူပေးရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က **ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း ဆောင်ရွက်ချက်များ**နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပထမအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးကို အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ ပြုလုပ်သည့် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနား တက်ရောက်သည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်၊ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ မိသားစုတို့က အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ဝြိမ်း) က လက်ခံရယူသည်။

**(သတင်းစဉ်)**

# အတွေ့အကြုံများကိုအခြေခံ၍ အမျိုးသမီးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၁၅ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး ပိတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် အဖွဲ့ချုပ်၏ အခြေခံစည်းမျဉ်း ပြင်ဆင်ချက်များကို တင်ပြခြင်း၊ ဆွေးနွေးအတည်ပြုခြင်း၊ နှစ်ပတ်လည်အစည်းအဝေး ဆွေးနွေးချက်များမှသည် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းနှင့် ဆုံးဖြတ်ချက်များ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မာထွန်းက နိုဝင်ဘာ အမှာစကားပြောကြားရာတွင် အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဖွဲ့ဝင်များက အဘက်ဘက်မှ နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံလူဦးရေ ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်သောကြောင့် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် နိုင်ငံတည်ဆောက်ရေးတွင် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း၊ အမျိုးသမီးများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက် အသေးစားချေးငွေ မတည်ပေးရာတွင် လက်တွေ့ကျကျ မိမိဒေသ၊ မိမိမလေ့နှင့် အခြေအနေအရ ကိုက်ညီမည့်လုပ်ငန်းများကို ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍဖြစ်သည့်အတွက် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ ထူးချွန်သော်လည်း မိသားစုအခက်အခဲကြောင့်၊ ငွေကြေးအခက်အခဲကြောင့် အတန်းပညာ မသင်ယူနိုင်သူများအား ပံ့ပိုးကူညီနိုင်ရေး၊ စာမတတ်သူ အမျိုးသမီးများအား စာတတ်စေရန် သက်ကြီးစာဖတ်ပိုင်း၊ စာသင်ပိုင်းများ ဆောင်ရွက်ပေးရေး၊ ကျန်းမာရေး အသိပညာပေး လုပ်ငန်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေး တို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ ကာကွယ်ရေးအတွက် အသိပညာပေး လုပ်ငန်းများကို အလေးထားကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အထူးအားဖြင့် ယခင်နှစ်များက အတွေ့အကြုံများကို စံနမူနာယူပြီး အမျိုးသမီးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက်မှ စတင်ကာ သုံးရက် ကျင်းပခဲ့ခြင်းဖြစ်ပြီး အစည်းအဝေးတွင် ပြီးခဲ့သည့်နှစ် တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်များမှ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ကာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးရေးအတွက် လက်တွေ့ကွင်းဆင်းဆောင်ရွက်နေသော အဖွဲ့ဝင်များ၏ အတွေ့အကြုံ အခြေခံသော ဆွေးနွေးမှုများမှသည် ဆက်လက်လုပ်ဆောင်သွားမည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ❒ စာမျက်နှာ ၆ မှ

တာဝန်ယူ၍ ပထမအကြိမ်အဖြစ် ၂၀၀၉ ခုနှစ်တွင် ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ ကျေးရွာလျှပ်စစ်မီးရရှိရေး စီမံကိန်းဖြင့် Winner ဆုနှင့် ဒုတိယအကြိမ်အဖြစ် ၂၀၁၅ ခုနှစ်တွင်လည်း ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တောင်ညိုဆည်အနီး အိုးဘိုကုန်းကျေးရွာရှိ Solar Home System ဖြင့် Winner နှင့် ရောဝတီတိုင်းဒေသကြီး ဟသ်တခရိုင် အင်ပူမြို့နယ် ကညွတ်ကွင်းကျေးရွာရှိ Rural Electrification with Mini Hydro Power Project ဖြင့် ကျေးရွာလျှပ်စစ်မီးရရှိရေးစီမံကိန်းဖြင့် Winner ဆု နှစ်ဆု စုစုပေါင်း Winner ဆု သုံးဆုကို ဆွတ်ခူးရရှိခဲ့သဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်တပ်ဆင်ပေးခဲ့သည့် အဖွဲ့အစည်းများနှင့် ဆုတံဆိပ်ရရှိရေး ကူညီဆောင်ရွက်ပေးခဲ့သည့် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့ကို မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

မြန်မာနိုင်ငံတွင် စွမ်းအင်ထုတ်လုပ်နိုင်သည့် သဘာဝအရင်းအမြစ်များစွာရှိနေသော်လည်း မဟာဓာတ်အားလိုင်းမှ ပြည်သူလူထု စွမ်းအင်လိုအပ်ချက်၏ ၃၃ ရာခိုင်နှုန်းကိုသာ ဖြည့်ဆည်းပေးနိုင်ပြီး အာဆီယံအဖွဲ့တွင် စွမ်းအင်သုံးစွဲမှုအနိမ့်ဆုံးဖြစ်ပါသည်။ တစ်ဖက်တွင်လည်း နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်ရုံ၊ အလုပ်ရုံသစ်များ၊ စက်မှုဇုန်သစ်များနှင့် မြို့၊ ရွာ၊ ကျေးလက်ပါမကျန် လျှပ်စစ်ဓာတ်အားကို ပိုမိုသုံးစွဲလာကြ၍ နှစ်စဉ်လျှပ်စစ်ဓာတ်အားလိုအပ်ချက် ၁၅ ရာခိုင်နှုန်းခန့်ရှိနေပါသည်။ ယင်းလိုအပ်ချက်ကို စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်ဒုတိယသမ္မတ(၂) ဦးဆောင်သည့် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် အမျိုးသားစွမ်းအင်မူဝါဒ၊ ကာလရှည်စွမ်းအင်ဆိုင်ရာပင်မစီမံချက်၊ အမျိုးသားလျှပ်စစ်ဓာတ်အား ပင်မစီမံချက်၊ အမျိုးသားလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစီမံချက်ရေးဆွဲခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားရရှိရေးရည်မှန်း၍ စီမံကိန်းများချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ယင်းကဲသို့ စီမံကိန်းများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသလို တစ်ဖက်ကလည်း စွမ်းအင်ကိုစနစ်တကျအကျိုးရှိ ထိရောက်စွာ အသုံးပြုရေးနှင့် ခြိုးခြံချွေတာရေးကို အထောက်အကူပြုစေရန် စွမ်းအင်အနည်းဆုံးလိုအပ်သောပမာဏကိုသာသုံးစွဲခြင်း၊ မဟာဓာတ်အားလိုင်းပြင်ပတွင် ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများ အကောင်အထည်ဖော်ခြင်းနှင့် ယခုကဲ့သို့ အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်အစီအစဉ်၌ပါဝင်ယှဉ်ပြိုင်ခြင်းများသည် ပြည်သူများ၏ စွမ်းအင်သုံးစွဲမှုရာခိုင်နှုန်းမြင့်တက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကာ ဝင်ငွေတိုးစေသည့် အကျိုးကျေးဇူးများကို ရရှိနိုင်သဖြင့် စွမ်းအင်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကပိုင်အဆောက်အအုံ စီမံကိန်းများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပါရန် လေးနက်စွာဖိတ်ခေါ်အပ်ပါသည်။

အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အဖွဲ့ဝင်နိုင်ငံများတွင် အကွာရာစဉ်အလိုက် တစ်နှစ်တစ်ကြိမ် အလှည့်ကျကျင်းပလေ့ရှိရာ (၃၄)ကြိမ်မြောက် စွမ်းအင်ဆိုင်ရာ အစည်းအဝေးများကို မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် အလှည့်ကျရောက်သဖြင့် ၂၀၁၆ ခုနှစ် စက်တင်ဘာလခန့်တွင် လက်ခံကျင်းပနိုင်ရန် စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

အချုပ်အားဖြင့်တင်ပြရလျှင် ယခုနှစ်တွင်ကျင်းပမည့် (၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာဝန်ကြီးများ အစည်းအဝေးအပြီး ပြုလုပ်သည့် ညစာစားပွဲတွင် အိမ်ရှင်အနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်ကာ ဆုတံဆိပ်အများအပြား ဆွတ်ခူးရရှိနိုင်ရေး ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ စွမ်းအင်အကျိုးရှိ ထိရောက်စွာအသုံးပြုထားသည့် စီမံကိန်းများ၊ အဆောက်အအုံများ၊ ဟိုတယ်များ၊ စက်ရုံများအနေဖြင့် အချိန်မီဝင်ရောက် ယှဉ်ပြိုင်နိုင်ရေး တိုက်တွန်းလိုက်ရပါသည်။

## ◆မန္တလေး-မူဆယ်မှ

သွားလို့မရတော့ဘူး။ အတက်ရော၊ အဆင်းရော ပိတ်တာပါ။ ကုန်တင်တွဲကားတွေ အတက်အဆင်း သွားလာတဲ့ရက်ကို ကန့်သတ်ပေးသင့်တယ်။"ဟု ခရီးသည်ယာဉ်လိုင်းမောင်းနှင်သူ ကိုမြင့်ဆွေက ပြောသည်။

အဆိုပါလမ်းပိုင်းတွင် ကုန်တင်တွဲကားများမှာ နေ့စဉ် ကုန်စည်ပို့ဆောင်ရေး လုပ်ဆောင်နေကြရာ သွားလာနေကြသည့် ယာဉ်များနှင့် လမ်းပိုင်း အနေအထား ကိုက်ညီမှုမရှိတော့၍ ကုန်တင်တွဲကားများအား အတက်နှင့်အဆင်းကို ရက်သတ်မှတ်ပါက ယာဉ်ကြောပိတ်ဆို့မှု မရှိနိုင်တော့ပါ။ "တွဲကားတွေ အသွားအလာများလွန်းလို့ လမ်းပိတ်ဆို့ပြီး လမ်းမှာခရီးသည်တွေ ပုံမှန်သွားလာချိန်ထက် ကြန့်ကြာတယ်။ တခြားခြောက်ဘီးနဲ့ ၁၂ ဘီး ကုန်တင်ကားတွေနဲ့ ဆိုရင်တော့ ဒီလိုဖြစ်မှာ မဟုတ်ပါဘူး။ လက်ရှိမှာ စက်သုံးဆီစျေးက လည်းကျတော့ ကုန်စည်ပို့ဆောင်မှုနဲ့ လက်မှတ်စျေးကတက်ဖို့ မဖြစ်သင့်ဘူး။"ဟု မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ (အေးပြေး)ဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက ပြောသည်။

မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမြို့နှင့်မူဆယ် နယ်စပ်မြို့မှ တရုတ်နိုင်ငံနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင်အဓိကလမ်းပိုင်းဖြစ်၍ ကုန်တင်ကားများ၊ခရီးသည်ယာဉ်လိုင်းများနှင့် အိမ်စီးကားများ နေ့စဉ်သွားလာမှုများပြားခြင်းကြောင့် ကုန်တင်တွဲယာဉ်ကြီးများ လမ်းပိုင်းတွင် စက်ချွတ်ယွင်းခြင်း၊ တိမ်မြှောက်ခြင်းတို့က ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားစေကြောင်းသိရသည်။

"လမ်းပိုင်းဖြတ်သန်းရတဲ့ တိုးဂိတ်တွေမှာ မလိုအပ်ဘဲ ခရီးသည်ယာဉ်တွေကို စစ်ဆေးတာတွေ လုပ်တာကလည်း ယာဉ်ကြောပိတ်ဆို့တာ၊ ကြန့်ကြာတာတွေဖြစ်စေတယ်။ တွဲကားတစ်စီးက လမ်းမှာ တစ်ခုခုဖြစ်ပြီဆိုရင် ရှုခင်းသာနေရာမှာ ရှောင်တိမ်းသွားဖို့ နေရာကမရှိဘူး။ အဲဒီနေရာမှာ လမ်းပိတ်ပြီး ညအိပ်ရတာပဲ။ တခြားနေရာတွေမှာ လမ်းပိတ်တာက နာရီပိုင်းလောက်ပဲကြာတယ်"ဟု ယာဉ်မောင်းတစ်ဦးကပြောသည်။ မန္တလေး-မူဆယ်ခရီးသည် ယာဉ်လိုင်း ၁၅ လိုင်းခန့်ရှိပြီး ယာဉ်ကြောပိတ်ဆို့သည့်အခါ ပုံမှန်သွားလာရန် ကြာချိန်ထက်တစ်ရက်မှ နှစ်ရက်ထိပိုမိုကြာမြင့်သဖြင့် ခရီးသွားများအခက်အခဲရှိနေကြောင်း သိရသည်။

**(အောင်ရဲသွင်)**

## ထူးခြားသည့် ညအပူချိန်များ

| | | | |
|---|---|---|---|
| လွိုင်လင် | - | ၂ | ဒီဂရီစင်တီဂရိတ် |
| ဟားခါး | - | ၃ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | - | ၄ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | - | ၄ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | - | ၅ | ဒီဂရီစင်တီဂရိတ် |
| နောင်ချို | - | ၅ | ဒီဂရီစင်တီဂရိတ် |

ပြည်တွင်းရေးရာ

# ရွှေတိုဂုံစေတီတော်၌ ခေတ္တကိန်းဝပ်အပူဇော်ခံထားသည့် ဘုရားရှင်၏ အရိုးဓာတ်တော် လာရောက်ဖူးမြော်သူများပြား

**ရန်ကုန် ဇန်နဝါရီ ၂၈**

ရန်ကုန်မြို့ ရွှေတိုဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်း၌ ခေတ္တကိန်းဝပ် အပူဇော်ခံထားသည့် ဘုရားရှင်၏ အရိုးဓာတ်တော်ကို လာရောက် ဖူးမြော်ကြည်ညိုသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် ယနေ့ စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ **(ယာပုံ)**

ဘုရားရှင်၏ အရိုးဓာတ်တော်ကို မြန်မာပြည်သူပြည်သားများ ဖူးမြော်ပူဇော်ကြည်ညိုနိုင်ရန် အိန္ဒိယနိုင်ငံ လဒတ်ပြည်နယ် လိမ္မြို့ ဟမ်းမစ်ကျောင်းတော်မှ မြန်မာနိုင်ငံသို့ ပင့်ဆောင်လာရာ စစ်ကိုင်း၊ မန္တလေး၊ နေပြည်တော်နှင့် တောင်ငူမြို့တို့၌ ကိန်းဝပ်စံပယ်အပူဇော်ခံပြီး ဇန်နဝါရီ ၂၇ ရက်တွင် တောင်ငူမြို့မှ ရန်ကုန်မြို့သို့ ဆက်လက်အပူဇော်ခံ ကြွချီရောက်ရှိလာခြင်းဖြစ်သည်။

ရန်ကုန်မြို့သို့ ကြွချီရောက်ရှိလာသော မြတ်စွာဘုရားရှင်၏ အရိုးဓာတ်တော်သည် ရွှေတိုဂုံစေတီရင်ပြင်တော်ရာဟုထောင့် အောင်မြေအနီး ချမ်းသာကြီးတန်ဆောင်း၌ ခေတ္တကိန်းဝပ်အပူဇော်ခံထားရာ ရောက်ရှိချိန်မှစ၍ ရဟန်းရှင်လူ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

မြောက်ဥက္ကလာပ မြို့နယ်နေ အသက် ၇၀ အရွယ် အဘွားဒေါ်မြစိန်က "ရွှေတိုဂုံစေတီတော် ဘုရားလာဖူးရင်းနဲ့ ကြုံကြိုက်ပြီး ဘုရားရှင်ရဲ့ အရိုးဓာတ်တော်ကို ဖူးမြော်ခွင့်ရတာပါ။ အိန္ဒိယကနေ ကြွလာပြီး အခုလိုဖူးခွင့်ရတာ ကံကောင်းလို့ပေါ့။ စွယ်တော်ကြွလာတုန်းကလည်း ကမ္ဘာအေးဘုရားမှာ ဖူးခွင့်ရတယ်"ဟုပြောသည်။

ရွှေတိုဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်း၌ ခေတ္တကိန်းဝပ် အပူဇော်ခံလျက်ရှိသည့် မြတ်စွာဘုရားရှင်၏ အရိုးဓာတ်တော်ကို ဘာသာရေး ဝတ်အသင်းများမှ ဗုဒ္ဓဒေသနာတော်ဆိုင်ရာ များကို ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

" ဟိမဝန္တာက ကြွလာတဲ့ ဘုရားရှင်ရဲ့အရိုးဓာတ်တော်ကို စစ်ကိုင်းကောင်းမှုတော်မှာလည်း ဖူးခဲ့ရတယ်။ မန္တလေးမဟာမြတ်မုနိဘုရားမှာလည်း ဖူးခဲ့ရတယ်။ အခု ရွှေတိုဂုံမှာလည်း ဖူးခွင့်ရတယ်ဆိုတော့ သုံးကြိမ် ဖူးခွင့်ရသွားတာပေါ့။ ဘုရားရှင်ရဲ့ အရိုးဓာတ်တော် ကြွတယ်ဆိုတာ ပူဇော်သူရှိတဲ့နေရာ သာသနာထွန်းကားတဲ့နေရာကို ကြွတာ။ မြန်မာပြည်က သာသနာထွန်းကားတယ်။ ပြည်သူပြည်သားတွေကလည်း စေတနာသဒ္ဓါတရား ထက်သန်တယ်"ဟု ကော့ကရိတ်မြို့တွင် တရားစခန်းဝင်ရောက်မည့် ချောက်မြို့မှ ဆရာတော် ဦးမာလာက မိန့်သည်။

ရန်ကုန်မြို့ ရွှေတိုဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်း၌ ကိန်းဝပ်အပူဇော်ခံသည့် မြတ်စွာဘုရားရှင်၏ အရိုးဓာတ်တော်ကို ဇန်နဝါရီ ၂၉ ရက်တွင် လေကြောင်းဖြင့် အိန္ဒိယနိုင်ငံသို့ပင့်ဆောင်ပြီး လဒတ်ပြည်နယ် လိမ္မြို့ ဟမ်းမစ်ကျောင်းသို့ ပြန်လည်ရောက်ရှိ ကိန်းဝပ်စံပယ် အပူဇော်ခံတော်မူမည်ဖြစ်ကြောင်း သိရ သည်။

**သတင်း -မင်းသစ်ဓာတ်ပုံ - ရဲထွန်**

**ရန်ကုန်မြို့ မဂ်လာတောင်ညွှန့်မြို့နယ် သပြေကုန်းရပ်ကွက် ကန်ရိပ်သာလမ်း ကန်တော်ကြီး ခေမာဒီပကျွန်းတွင် ဇန်နဝါရီ ၂၃ ရက်က အိန္ဒိယနိုင်ငံ ဟိမဝန္တာဒေသ ဗုဒ္ဓဘုရားရှင်၏ အရိုးဓာတ်တော်ကို တိဘက်သံယာအပါး ၁၀၀ ခန့်မှ ပင့်ဆောင်ပြီး ပြည်သူလူထု ၁၀၀၀ ခန့်က လာရောက်ဖူးမြော်ခဲ့ရာ မဂ်လာတောင်ညွှန့် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးဦးမြတ်ကိုထွေး၊ မဂ်လာတောင်ညွှန့် မြို့မရဲစခန်းမှ ရဲမှူး သိန်းအောင်နှင့် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်ပေးစဉ်။**

ကျော်စိုးမိုး(မဂ်လာတောင်ညွှန့်)

# (၆၈)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၂၈**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၆၈)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်စာမေးပွဲကို ၂၇-၁၂-၂၀၁၅ ရက်မှ ၁၉-၁-၂၀၁၆ ရက်အထိ လည်းကောင်း၊ သဘောရေးဖြေစာမေးပွဲကို ၂၂-၁-၂၀၁၆ ရက်မှ ၂၈-၁-၂၀၁၆ ရက်အထိ လည်းကောင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။

တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေစာမေးပွဲတွင် အဘိဓမ္မာ ပထမပိုင်း ငါးကျမ်းရေးဖြေအောင် (မူလ အဘိဓမ္မကောဝိဒ) နှစ်ပါး၊ ဝိနည်း ဒုတိယပိုင်း သုံးကျမ်းရေးဖြေအောင် (ဝိနယကောဝိဒ) ၁၀ ပါး၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းရေးဖြေအောင်(ဥဘတောဝိဘင်္ဂကောဝိဒ) ၁၀ ပါးတို့ အောင်မြင်တော်မူကြသည်။

တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံဆောင်စာမေးပွဲတွင် အဘိဓမ္မာ ဒုတိယပိုင်း နှစ်ကျမ်းအာဂုံအောင်(တိပိဋကရေ) တစ်ပါး၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်းအာဂုံအောင် (မူလ အာဘိဓမ္မိက) တစ်ပါး၊ ဒီဃနိကာယ် သုံးကျမ်းအာဂုံအောင် (ဒီဃဘဏ်္ဍက) နှစ်ပါး၊ ဝိနည်း ဒုတိယပိုင်း သုံးကျမ်းအာဂုံအောင်(ဝိနယရေ) ၁၆ ပါး၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင် (ဥဘတောဝိဘင်္ဂရေ) ၃၇ ပါးတို့ အောင်မြင်တော်မူကြသည်။

အဆိုပါစာမေးပွဲတွင် အာဂုံဖြေဆိုသံယာ ၈၄ ပါးအနက် ၅၇ ပါး အောင်မြင်၍ သဘောရေးဖြေ သံယာအပါး ၁၅၀ အနက် ၂၂ ပါး အောင်မြင်ကြပြီး ပိဋကသုံးပုံအာဂုံအောင်မြင်သည့် တိပိဋကရေ အရှင်မြတ်တစ်ပါး ပေါ်ထွန်းကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ❒ အခြေခံလူတန်းစားများမှ

အများဆုံး လာရောက်လည်ပတ်နေတာမို့ နိုင်ငံ့ပုံရိပ်အတွက် ပိုမိုအမြင်တင့်တယ်စေလာမှာပါ"ဟု ၎င်းကဆက်လက်ပြောကြားသည်။

အဆိုပါ အင့်ားအိမ်ရာတည်ဆောက်ပြီးစီးသွားပါက ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွင်နေထိုင်သည့် အခြေခံလူတန်းစားများနှင့် ကျူးကျော်တဲများတွင်နေထိုင်သောမိသားစုများကိုသာ အဓိကထား ၎ားရမ်းနေရာချထားပေးသွားမည်ဖြစ်ပြီး ၎ားရမ်းခများအနေဖြင့် တစ်လလျှင် ကျပ်သုံးသောင်းနှုန်းသတ်မှတ်ထားကာ အင့်ားစနစ်တွင် တစ်လ၊ ခြောက်လနှင့် တစ်နှစ်စသည့် သုံးမျိုးဖြင့် ၎ားရမ်းပေးသွားမည်ဖြစ်သည်။ "အခန်းနေရာချထားပေးမှုကတော့ မဲစနစ်နဲ့သွားမှာပါ။ ပထမထပ်ကနေ ဆဋ္ဌမထပ်အထိ ဘယ်နေရာမှာပဲရရ တစ်လကို ၎ားရမ်းခအနေနဲ့ တစ်ပြေးညီကျပ်သုံးသောင်းပဲ သတ်မှတ်ထားပါတယ်။ လက်ရှိကောက်ခံထားတဲ့ ရွှေပြောင်းလုပ်သားတွေရဲ့ အိမ်ထောင်စုစာရင်းအရ လူဦးရေ ၂၆၀၀ ကျော်ရှိပါတယ်။ လက်ရှိဆောက်လုပ်ထားတဲ့ အခန်းအရေအတွက်ကနည်းနေသေးတဲ့အတွက် ထပ်မံဆောက်လုပ်ပေးသွားဖို့ စီစဉ်ထားပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

လက်ရှိကျူးကျော်တဲများတွင်နေထိုင်နေသူ ဒေါ်အေးတင်ကလည်း "သားသမီးတွေငယ်တုန်းတော့ ဖြစ်သလိုနေရတာ ကိစ္စမရှိပေမယ့် အရွယ်ရောက်လာတော့ မသင့်တော်ဘူးလေ။ ဒီလိုအခြိန်မှာ အခုလိုတိုက်ခန်းမျိုးနဲ့ နေခွင့်ရရင်တော့ အင်မတန်ကောင်းမှာပေါ့။ စာရင်းတော့လာကောက်သွားပြီ။ ရ/မရတော့ မသိသေးပါဘူး"ဟု ပြောသည်။ အင့်ားအိမ်ရာစီမံကိန်းကို မြေကော ၅ ဒသမ ၅၃၇၉ ဧကပေါ်တွင် ၂၀၁၄ ခုနှစ် မတ်လက စတင်တည်ဆောက်ခဲ့ပြီး ယခုအချိန်တွင် တည်ဆောက်ရေးလုပ်ငန်းများမှာ ၇၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်သည်။ အင့်ားအိမ်ရာစီမံကိန်းတွင် လူနေတိုက်ခန်းများအဖြစ် ၁၀ ပေ × ပေ ၂၀ အကျယ် ၁၂ ခန်းတွဲ ခြောက်ထပ် ၂၂ လုံး အခန်းပေါင်း ၁၅၈၄ ခန်းပါရှိမည်ဖြစ်ကာ အခန်းများအလိုက် ရေချိုးခန်းနှင့် သန့်စင်ခန်းများထည့်သွင်းထားကြောင်း၊ လျှပ်စစ်မီးနှင့် ရေရရှိရေးတို့ကိုလည်း စီမံဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ❍ အာရှချန်ပီယံလိဂ်မှ

ယင်းပွဲစဉ်ကို ဖေဖော်ဝါရီ ၂ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် ထိုင်းနိုင်ငံရှိ ချောင်ဘူရီကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရန်ကုန်အသင်းမှာ ယခုအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ပါက Play off အဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ဂျေလိဂ်ကလပ် FC တိုကျိုအသင်းနှင့် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် အာရှဒေသတွင်း၏ အဆင့်မြင့်ဆုံးပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရထားသော်လည်း ယခုရာသီအစတွင် နည်းပြအပြောင်းအလဲနှင့်အတူ ရလဒ်ပိုင်းဆိုးရွားနေသည့် အသင်းဖြစ်သည်။ MNL အမှတ်ပေးပြိုင်ပွဲတွင် သုံးပွဲဆက်တိုက် နိုင်ပွဲပျောက်ထားပြီး အမာခံကစားသမားအချို့ ဒဏ်ရာရရှိနေရာ အဝေးကွင်းဖြစ်သောကြောင့် ပိုမိုရှုန်းကန်ရဖွယ်ရှိနေသည်။ ထို့ပြင် ရန်ကုန်အသင်းသည် ပြည်တွင်း၌လည်းပွဲကြေပ်များ ဆက်တိုက်ကစားနေရပြီး ဧရာဝတီအသင်းနှင့် ဇန်နဝါရီ ၂၉ ရက်တွင် အမှတ်ပေးပွဲကစားကာ သုံးရက်သာနားပြီး အာရှချန်ပီယံလိဂ်ခြေစစ်ပွဲကစားရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ခြေစစ်ပွဲကစားရမည့် ထိုင်းကလပ် ချောင်ဘူရီအသင်းနှင့် ၂၀၁၂ AFC Cup ပြိုင်ပွဲတွင် တွေ့ဆုံခဲ့ပြီး တစ်ပွဲသရေကျကာ တစ်ပွဲရှုံးနိမ့်ခဲ့သည်။

ချောင်ဘူရီအသင်းမှာ မူလက အာရှချန်ပီယံလိဂ်ခြေစစ်ပွဲကို ယှဉ်ပြိုင်ခွင့်မရသော်လည်း ၂၀၁၅ ထိုင်းပရီမီယာလိဂ်၌ တတိယနေရာရရှိခဲ့သည့် ဆူဖန်ဘူရီအသင်းမှာ AFC ကလပ်အသင်း လိုင်စင်မရှိသောကြောင့် စတုတ္ထနေရာရရှိခဲ့သည့် ချောင်ဘူရီအသင်းက အစားထိုးယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။ ချောင်ဘူရီအသင်းမှာ ထိုင်းနာမည်ကြီး လက်ရွေးစင်ဟောင်း သာဆတ်ချိုင်မန်း ကိုင်တွယ်နေသည့် အသင်းဖြစ်ပြီး ဘရာဇီးနှင့် တောင်ကိုရီးယား ကစားသမားများ ခေါ်ယူအသုံးပြုလျက်ရှိသည်။ ထို့ပြင် လက်ရှိ ထိုင်းလက်ရွေးစင်ကစားသမားများဖြစ်သည့် ဆူတီနန်၊ သာဝီခရန်၊ ပရာကစ်ဒီပရွန်၊ ဝေ့ါခ်လောတို့ ပါဝင်ကစားလျက်ရှိသည်။

**သတင်းနှင့်ဓာတ်ပုံ-ရွှင်းထက်ဇော်**

❍❍❍

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ပါမောက္ခ ဒေါက်တာဇော်ဝေစိုး | ပါမောက္ခချုပ် ဆေးတက္ကသိုလ်(၁) ရန်ကုန် ဆေးဘက်ဆိုင်ရာ လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန |
| (ခ) ပါမောက္ခ ဒေါက်တာအေးထွန်း | ပါမောက္ခချုပ် ဆေးတက္ကသိုလ်(မကွေး) ဆေးဘက်ဆိုင်ရာလူစွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မြန်မာ့ရေမြေသဘာဝအလှအပရှုခင်းများဖြင့် နိုင်ငံတကာခရီးသွားများကို အထူးဆွဲဆောင်

**မန္တလေး ဇန်နဝါရီ ၂၈**

မြန်မာ့ရေမြေသဘာဝသည် သယံဇာတများစွာထွက်ရှိသလို လှပသောရှုခင်းများ ခြံရံထားလျက်ရှိသည်။ ခရီးသွားရာသီတွင် ခရီးသွားဧည့်သည်များစွာဝင်ရောက်လျက်ရှိပြီး သဘာဝပတ်ဝန်းကျင်အလှအပများကို အထူးစိတ်ဝင်စားကြသည်။ မြန်မာ့သဘာဝအလှအပများကို ဖော်ကျူးထားသည့် ပန်းချီကားများ၊ မြန်မာ့ရှုခင်းဓာတ်ပုံများကို နိုင်ငံတကာခရီးသွားဧည့်သည်များ အထူးနှစ်သက်သဘောကျလျက်ရှိသည်။

မြန်မာ့ရှုခင်းများ၊ သဘာဝပတ်ဝန်းကျင်အလှအပများကို ရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပြည်ပပြိုင်ပွဲများတွင် မြန်မာနိုင်ငံအနေဖြင့် ဆုများစွာဆွတ်ခူးလျက်ရှိသည်။ မြန်မာ့ဓာတ်ပုံပညာဖြင့် နိုင်ငံတကာကို ထိုးဖောက်နေဆဲကာလတွင် ဓာတ်ပုံပညာတိုးတက်ရေးအတွက် ဓာတ်ပုံအသင်းများ၊ အနော်မာမဂ္ဂဇင်း၊ မြဝတီနှင့် အခြားမဂ္ဂဇင်းများမှ ပြိုင်ပွဲများ ပြုလုပ်ကာ ပံ့ပိုးပေးလျက်ရှိသည်။ ဓာတ်ပုံပြိုင်ပွဲများတွင် ၁၂ ရာသီအတွက် လှပသော ခေါင်းစဉ်အတိုင်း ပြိုင်ပွဲဝင်သလို အခါအားလျော်စွာ နိုင်ငံတကာပြိုင်ပွဲများအတွက် ရိုးရာယဉ်ကျေးမှုပုံများကို တစ်နှစ်ပတ်လုံး ရိုက်ကူးထားတတ်ကြသည်။

အောင်မြင်သော ဓာတ်ပုံပညာရှင်များ၏ ဓာတ်ပုံများကို စီးပွားရေးလုပ်ငန်းရှင်များက ပြက္ခဒိန်အဖြစ် အသုံးပြုခွင့်ကို တောင်းခံလေ့ရှိသည်။ လက်ရှိကာလ အောင်မြင်သော ဓာတ်ပုံဆရာတစ်ဦး၏ ဓာတ်ပုံကို အသုံးပြု၊ ပါက တစ်ပုံလျှင် ငွေကျပ်တစ်သိန်းရရှိကြောင်း သိရသည်။ ယခုအခါ မော်ဒယ်များနှင့် တမင်ဖန်တီးပြီး ရိုက်သောပုံများထက် သဘာဝပုံ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုပုံများကို သဘာဝအတိုင်း ရိုက်ကူးလာကြသည်။

အထူးသဖြင့် သဘာဝအလှအပများ ရှေးဟောင်းအမွေအနှစ် အလှအပများကို အလေးထားရိုက်ကူးကြသည်။ လက်ရှိကာလ မန္တလေးမြို့အနီးတွင် ရွှေကျောင်းကြီး၊ကုသိုလ်တော်ဘုရား၊ မန္တလေးတောင်အလှ၊ ဦးပန်တံတားအလှ၊ **(အောက်ဝဲပုံ)** သင်္ဇာကျောင်းအလှ၊ မန္တလေးတောင်ခြေခြေသော့်ကြီး နှစ်ကောင်ရှုခင်းနှင့်အတူ အင်းဝဒေသ ဗားကရာလမ်းလေးနှင့် မြင်းလှည်းများ၊ ဧရာဝတီမြစ် နေဝင်ဆည်းဆာအလှများ၊ ကိုတံဝါတို့ လုပ်ငန်းသိမ်းချိန်ရှုခင်းများ၊ နေဝင်ချိန် ဧရာဝတီမြစ်ကမ်းနံဘေးတွင် အုပ်စုလိုက်စွန်လွှတ်နေသည့်မြင်ကွင်းများ နှင့်အတူ မြစ်ငယ်မြစ်ရေကျချိန်စိမ်းလဲ့နေသော ရေပြင်ပေါ်မှ တံငါလှေငယ်လေးများ၏ အလှတို့ကို အလေးထားရိုက်ကူးလာကြသည်။

နိုင်ငံတကာခရီးသွား ဧည့်သည်များသည် ဓာတ်ပုံဆရာများ၏ ရိုက်ကူးမှု၊ ပန်းချီဆရာများ၏အနုပညာလက်ရာမြောက် ဖန်တီးရေးဆွဲထားသည့် သဘာဝအလှများကို အထူးစိတ်ဝင်စားပြီး ဓာတ်ပုံများ၊ ပန်းချီကားများ ထဲမှ ရှုခင်းများကို မေးမြန်းပြီးသွားရောက်လေ့ရှိသည်။ လက်ရှိကာလတွင် မြစ်ငယ်မြစ်အတွင်းမှ စိမ်းလဲ့လဲ့ရေပြင်ပေါ်တွင် လှုပ်ရှားနေသော ကိုတံဝါနှင့် လှေငယ်ရှုခင်းကို အထူးသဘောကျလျက်ရှိကြောင်း သိရသည်။ **(တိမ်တမန်)**

# လောင်းလုံးမြို့နယ်အတွင်းရှိ ကျေးရွာများအား လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးမည်

**လောင်းလုံး ဇန်နဝါရီ ၂၈**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်နှင့် သရက်ချောင်းမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးနိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် JICA ODA LOAN ၏ အစီအစဉ်ဖြင့် မြကန်သာ Engineering Co.,Ltd.မှ တည်ဆောက်လျက်ရှိသည့် လောင်းလုံးမြို့နယ် 33/ KV ,5MVA ဓာတ်အားခွဲရုံနှင့် သရက်ချောင်းမြို့နယ် 33/ KV , 5MVA ဓာတ်အားခွဲရုံများကို တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ ဦးမွန်းအောင်ဇေနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၆ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါဓာတ်အားခွဲရုံနှစ်ရုံ တည်ဆောက်ပြီးစီးပါက လောင်းလုံးမြို့နယ်တွင် ကျေးရွာ ၂၆ ရွာ၊ အိမ်ထောင်စု ၆၃၆၀ နှင့် သရက်ချောင်းမြို့နယ်တွင် ကျေးရွာ ၂၈ရွာ၊ အိမ်ထောင်စု ၄၃၀၃ စုကို လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ကျော်ကျော်လတ်)**

# ကျေးရွာသစ်သားတံတားတည်ဆောက်

**ဖြူး ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မျက်နီကွင်းကျေးရွာအုပ်စု လှေဆွဲမြောင်းကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခုနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၆၀ ဖြင့် ဂုဏ်ကြီးရှင် ကုမ္ဗဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော အရှည်ပေ ၁၀၀၊ အကျယ် ၁၄ ပေရှိသည့် လှေဆွဲမြောင်းကျေးရွာအဝင် သစ်သားတံတားတည်ဆောက်နေမှုအခြေအနေများကို အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့်အဖွဲ့က ဇန်နဝါရီ ၂၆ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ဖြူး-မြင့်ဦး)**

# မီးဘေးကြိုတင်ကာကွယ်ရေး စုပေါင်းအမှိုက်သိမ်း

**ရမည်းသင်း ဇန်နဝါရီ ၂၈**

ရမည်းသင်းမြို့စုပေါင်းရုံးဝင်းအတွင်း ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ဇန်နဝါရီ ၂၇ ရက် ညနေပိုင်းက ရုံးဝင်းအတွင်းရှိ ကျွန်းစိုက်ခင်းပင်များမှ ကြွေကျသော ကျွန်းဖက်ခြောက်များနှင့် အမှိုက်များအား မီးဘေးကြိုတင်ကာကွယ်ရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **တင်ဦး(ရမည်းသင်း)**

# မဟာအောင်မြေမြို့နယ်တွင် မီးလောင်၊ အိမ် ၁၈ လုံးဆုံးရှုံး

**မန္တလေး ဇန်နဝါရီ ၂၈**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ကမ်းနားလမ်းအရှေ့ဘက် (၄၁)လမ်းနှင့် (၄၂)လမ်းကြား မိုးကောင်းကျောင်းအနီး သံလျက်မှော်အနောက်ရပ်ကွက် တောင်ငံပြာရည် ရပ်ကွက် (၃၇၉)ရှိ ဦးမြတ်သူ၏ နေအိမ်မှ ယနေ့ညနေ ၃ နာရီ ၄၃ မိနစ်ခန့်က ဓာတ်ဆီထည့်ရာမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အဆိုပါအိမ်မှတစ်ဆင့် ပတ်ဝန်းကျင်နေအိမ်များသို့ မီးကူးဆက်လောင်ကျွမ်းခဲ့ရာ နေအိမ်စုစုပေါင်း ၁၈ လုံးမီးလောင်ကျွမ်းခဲ့ရကြောင်း သက်ဆိုင်ရာမှ သိရသည်။

မီးလောင်ရာသို့ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၆၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ဗဟိုမီးသတ်ကြက်ခြေနီယာဉ်များ၊ အုပ်ချုပ်မှုယာဉ် သုံးစီး၊ မီးသတ်ယာဉ်အစီး ၇၀ တို့ဖြင့် ပူးပေါင်းမီးငြိမ်းသတ်မှုကြောင့် ညနေ ၄ နာရီခွဲတွင် မီးငြိမ်းသွားကြောင်းနှင့် မီးလောင်မှုကြောင့် ငါးဦး(မစိုးရိမ်ရ) ဒဏ်ရာရရှိရာ ဆေးကုသမှုခံယူရန် မန္တလေး ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး မီးဘေးသင့်အိမ်ထောင်စုမိသားစုများအား တောင်ငံပြာရည် ရပ်ကွက် အုဋ္ဌကျောင်းဓမ္မာရုံ၌ ယာယီစခန်းဖွင့်လှစ်၍ သက်ဆိုင်ရာမှ ကူညီစောင့်ရှောက်ပေးလျက်ရှိကာ မီးစတင်လောင်ခဲ့သည့် အိမ်ရှင်ဦးမြတ်သူအား သက်ဆိုင်ရာမှ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

လာမည့် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ဒုတိယအကြိမ် အာရှဖိတ်ခေါ်ခြင်းလုံးခတ်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပြည်တွင်းပြိုင်ပွဲများ အရှိန်အဟုန်ဖြင့် ကျင်းပနိုင်ရေးအတွက် အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးစိုးနိုင်နှင့် အဖွဲ့ချုပ်မှတာဝန်ရှိသူများ ရန်ကုန်မြို့ အောင်ဆန်းဘောလုံး ပြိုင်ကွင်းအတွင်းရှိ ခြင်းလုံးအဖွဲ့ချုပ်ရုံးခန်းမ၌ ဆွေးနွေးမှုများပြုလုပ်နေစဉ်။ **ခင်မောင်ဝင်း(ကြေးမုံ)**

# စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း ရှေ့တန်းစခန်း မလှိုင်မြို့နယ် ကံကြီးကျေးရွာ၌ဖွင့်

**မလှိုင် ဇန်နဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်အတွင်း လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလာပြီး ဒေသခံပြည်သူများ၏ လူမှုဘဝးဘဝမြင့်မားလာစေရန်အတွက် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၆) စက်မှုလယ်ယာစခန်းမှ Sonalika (90 -HP) ထွန်စက်ကြီး ငါးစီးဖြင့် စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း ရှေ့တန်းစခန်းကို ကံကြီးကျေးရွာအုပ်စုတွင် ဇန်နဝါရီ ၂၅ ရက်မှ စတင်ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

အဆိုပါ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း ရှေ့တန်းစခန်းဖွင့်လှစ်ရခြင်းမှာ ဆည်ရေသောက် စပါးစိုက်ဧရိယာများဖြစ်သော ကံကြီးကျေးရွာအုပ်စု၊ လယ်ကြီးကျေးရွာအုပ်စုနှင့် ကုန်းတဲကျေးရွာအုပ်စုများမှ ဒေသခံတောင်သူများအနေဖြင့် မိုးစပါးကို အချိန်နှင့်တစ်ပြေးညီ ထွန်ယက်စိုက်ပျိုးနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝန်ဆောင်မှုနှုန်းထားများနှင့်ပတ်သက်၍ ထွန်တစ်ဧက ကျပ် ၇၅၀၀၊ ထယ်တစ်ဧက ကျပ် ၁၅၀၀၀၊ ရိုတာတစ်ဧက ကျပ် ၁၅၀၀၀၊ (၇)သွားထယ်တစ်ဧက ကျပ် ၁၅၀၀၀၊ မြေညီတစ်နာရီ(ရှေ့ဂေါ်) ကျပ် ၇၅၀၀၊ မြေညီတစ်နာရီ (Leveller ) ကျပ် ၁၅၀၀၀၊ မြေညီတစ်နာရီ (ဒိုးရိုးဂျုတ်) ကျပ် ၇၅၀၀နှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးလှမင်းဦးက ပြောသည်။

ထို့အပြင် အခြားကျေးရွာအုပ်စုများတွင်လည်း စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း ရှေ့တန်းစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်လည်း လက်ကမ်းစာစောင်များ ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပရေး အတိုက်အခံတို့ သဘောထားထုတ်ဖော်

**ဂျီနီဗာ ဇန်နဝါရီ ၂၈**

ဆီးရီးယားနိုင်ငံ၌ ငါးနှစ်ကျော်မျှ ဖြစ်ပွားလာခဲ့သော ပြည်တွင်းစစ်အဆုံးသတ်စေရေးအတွက် ပထမဆုံးသော ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပရေးမှာ မိမိတို့၏တောင်းဆိုချက်များနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏အရေးယူတုံ့ပြန်မှုအပေါ် မှီတည်နေကြောင်း ဆီးရီးယားအတိုက်အခံများက ဇန်နဝါရီ ၂၈ ရက်တွင် ပြောကြားကြသည်။

အရပ်သားများနေထိုင်ရာ ဒေသများအား အစိုးရတပ်ဖွဲ့က တိုက်ခိုက်မှုများ အဆုံးသတ်ပေးရန် အတိုက်အခံတို့က ကုလသမဂ္ဂကို တိုက်တွန်းခဲ့သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဇန်နဝါရီ ၂၉ ရက်တွင် ကျင်းပနိုင်ရန် ကုလသမဂ္ဂအထူးသံတမန် စတာဖင်ဒီမစ္စတူရာက ကြိုးပမ်းလျက်ရှိပြီး ယင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် ဆီးရီးယားအစိုးရက သဘောတူခဲ့ပြီးဖြစ်သည်။

ဆီးရီးယားအတိုက်အခံအုပ်စုများအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရောက်စေလိုကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် မာ့ခ်တိုနာက ပြောကြားသည်။ ဆော်ဒီအာရေဗျနိုင်ငံက ထောက်ခံသော အတိုက်အခံအဖွဲ့အစည်းတစ်ရပ်သည် မြို့တော်ရီယာဒီ၌ တွေ့ဆုံဆွေးနွေးလျက်ရှိသည်။ **ရိုက်တာ။**

# တာဝေးပစ်ဒုံးကျည်စမ်းသပ်ပစ်ခတ်ရန် မြောက်ကိုရီးယား ပြင်ဆင်နေဖွယ်ရှိဟုဆို

တိုကျို ဇန်နဝါရီ ၂၈

**မြောက်ကိုရီးယားနိုင်ငံသည် တာဝေးပစ် ပဲ့ထိန်းဒုံးကျည်တစ်မျိုးကို စမ်းသပ်ပစ်ခတ်ရန် ပြင်ဆင်နေဖွယ်ရှိသည်ဟု ကြိုတင်တုဓာတ်ပုံများအရ ခန့်မှန်းသိရှိရကြောင်း၊ ယင်းနိုင်ငံ၏ ဒုံးကျည်စမ်းသပ်ဖွယ်ရှိသည့် လူပ်ရှားဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဂျပန်နိုင်ငံက သတင်းအချက်အလက်များ စုဆောင်းနေပြီး ဆန်းစစ်လေ့လာလျက်ရှိကြောင်း ဂျပန်အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇန်နဝါရီ ၂၈ ရက်တွင် ပြောကြားသည်။**

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ရန်စလှုံ့ဆော်သည့်လှုပ်ရှားမှုများပြုလုပ်ခြင်းမပြုရန်နှင့် ကုလသမဂ္ဂ ဆုံးဖြတ်ချက်များကို လေးစားလိုက်နာရန်တိုက်တွန်းနိုင်ရေးအတွက် ဂျပန်နိုင်ငံက အမေရိကန်၊ တောင်ကိုရီးယားတို့ကဲ့သို့သော နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးအဖွဲ့ဒုတိယအတွင်းဝန်ချုပ် ကိုအိချိဟာဂီဒါက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ရေငုပ်သင်္ဘောမှတစ်ဆင့် ပစ်ခတ်နိုင်သော ပဲ့ထိန်း ဒုံးကျည်တစ်စင်းကို စမ်းသပ်ခဲ့သည်ဟု ဒီဇင်ဘာလက မြောက်ကိုရီးယားနိုင်ငံက ပြောကြားခဲ့ပြီးနောက် ဒုံးကျည်စမ်းသပ်မှု ထပ်မံပြုလုပ်ရန် ပြင်ဆင်နေဖွယ်ရှိသည်ဟု ဟာဂီဒါက ပြောကြားသည်။

လွန်ခဲ့သည့် ရက်များကာလပတ်လုံးစုဆောင်းရရှိသည့်ဂြိုဟ်တုဓာတ်ပုံများကို ဆန်းစစ်လေ့လာရာတွင် ရက်သတ္တတစ်ပတ်ခန့်အတွင်း မြောက်ကိုရီးယား ဒုံးကျည်စမ်းသပ်ဖွယ်ရှိသည်ဟု ခန့်မှန်းရကြောင်း ကျိုဒိုသတင်းဌာနများကလည်း သတင်းထုတ်ပြန်သည်။ **ရိုက်တာ။**

# လေးနှစ်အတွင်း အဲဘာတ်စ်ခရီးသည်တင် လေယာဉ်အစင်း ၁၀၀ အီရန်လက်ခံရရှိမည်

**အန်ကာရာ ဇန်နဝါရီ ၂၈**

ဥရောပတိုက်ရှိ အဲဘာတ်စ်ကုမ္ပဏီက လေးနှစ်အတွင်း အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံသို့ ခရီးသည်တင် လေယာဉ်အစင်း ၁၀၀ လွှဲအပ်မည်ဖြစ်ကြောင်း အီရန်နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက ဇန်နဝါရီ ၂၈ ရက်တွင် သတင်းထုတ်လွှင့်သည်။

"အဲဘာတ်စ်ကုမ္ပဏီနဲ့သဘောတူစာချုပ် အပြီးသတ်ချုပ်ဆိုလိုက်ပါပြီ။ လေယာဉ်တွေကို လေးနှစ်အတွင်း ဖြစ်နိုင်သမျှစောစော အီရန်နိုင်ငံကို လွှဲအပ်သွားမှာပါ။ တီဟီရန်က လေယာဉ်အတွက် ဆယ်နှစ်အတွင်း ငွေပေးချေရမှာဖြစ်ပြီး လေယာဉ်တွေအားလုံးက အသစ်စက်စက်တွေပါ" ဟု ယင်းရုပ်မြင်သံကြားဌာနကဆိုသည်။ ၂၀၁၅ ခုနှစ်အတွင်း အီရန်နိုင်ငံနှင့် ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံကြားရရှိခဲ့သည့် သဘောတူညီချက်အရ အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ် ကန့်သတ်ချက်များအတွက် အပြန်အလှန်အားဖြင့် တီဟီရန်အပေါ်ပြဋ္ဌာန်းထားသည့် ပိတ်ဆို့မှုများကို ဖယ်ရှားခဲ့သည်။

အဲဘာတ်စ်ကုမ္ပဏီအမှုဆောင်ချုပ် ဖာဘရိုက်ဘရီဂီယာက ၎င်းသည် အီရန်အစိုးရ၊ အီရန်လေကြောင်းတာဝန်ရှိသူများနှင့် တီဟီရန်မြို့တော်၌ ယခုလအတွင်း ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ယင်းဆွေးနွေးမှုများက လာမည့်လများအတွင်း လေယာဉ်များအလျင်အမြန်ရောင်းချမှုဖြစ်လာစေကြောင်း ဇန်နဝါရီ ၂၇ ရက်က ပြောကြားသည်။ သံတမန်ဆိုင်ရာသဘောထားကွဲလွဲမှုများရှိနေသော်လည်း စီးပွားရေးဆက်ဆံမှုကို ပြန်လည်အသက်သွင်းရန် တီဟီရန်ကအလိုရှိခဲ့ကြောင်း ဇန်နဝါရီ ၂၇ ရက်တွင် အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီက ပြင်သစ်စီးပွားရေးခေါင်းဆောင်များသို့ ပြောကြားသည်။

ပြင်သစ်ခရီးစဉ်မတိုင်မီ ပိတ်ဆို့မှုများရုပ်သိမ်းပြီးနောက် ပထမဆုံးသောပင်လယ်ရပ်ခြားခရီးစဉ်အဖြစ် ရိုဟာနီသည် စီးပွားရေးခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများပါဝင်သည့် အဖွဲ့ဝင် ၁၂၀ ဦးပါကိုယ်စားလှယ်အဖွဲ့နှင့်အတူ အီတလီနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ပြီး သဘောတူညီချက်အများအပြားကို လက်မှတ်ရေးထိုးခဲ့သည်။ **ရိုက်တာ။**

# ဂျပန်စီးပွားရေးဝန်ကြီး အမာရီ ရာထူးမှနုတ်ထွက်မည်

**ကျိုတို ဇန်နဝါရီ ၂၈**

ဂျပန်စီးပွားရေးဝန်ကြီး အကီရာ အမာရီက ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ အပြန်အလှန်သဘောဖြင့် ပေးသောငွေကြေးများကို လက်ခံရယူခဲ့သည်ဟု စွပ်စွဲခံရသည့်အတွက် လက်ရှိရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း ဒေသန္တရသတင်းများအရ သိရသည်။

ဝန်ကြီး အမာရီက ယင်းအားစွပ်စွဲလျက်ရှိသော ငွေကြေးများလက်ခံမှုနှင့် ပတ်သက်ပြီး ၎င်းက မိမိကိုယ်ကျိုးအတွက် လက်ခံခဲ့ခြင်းမဟုတ်ကြောင်း တိုကျိုမြို့တွင် ယနေ့ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။ လွန်ခဲ့သည့် ရက်သတ္တပတ်ကစပြီး ကုမ္ပဏီလုပ်ငန်း တစ်ခုမှပေးသော ငွေများကို လက်ခံရယူခဲ့သည်ဟု ဝန်ကြီးအားစွပ်စွဲသည့်စွပ်စွဲချက်များ နိုင်ငံအတွင်း မြင့်တက်ခဲ့သည်။

ယင်းငွေများကို နိုင်ငံရေးဆိုင်ရာ ငွေကြေးထောက်ပံ့မှုများတွင် အကျိုးရှိစွာသုံးစွဲရန် စီစဉ်မှုများ ပြုလုပ်ထားကြောင်း ဝန်ကြီးကဆိုသည်။

ဂျပန်စီးပွားရေးဝန်ကြီး အကီရာ အမာရီ

အစိုးရပိုင် အေဂျင်စီတစ်ခုမှ လျော်ကြေးရရှိရန် ကြားဝင်ညှိနှိုင်းပေးသည့်အတွက် အဆိုပါဆောက်လုပ်ရေးလုပ်ငန်းက အပြန်အလှန်အားဖြင့် ငွေများပေးခြင်းဖြစ်သည်ဟု မဂ္ဂဇင်းတစ်စောင်က ရေးသားထားသည်။

လွန်ခဲ့သည့်နှစ်က ပစိဖိတ်ဒေသနိုင်ငံများ လွတ်လပ်စွာကုန်သွယ်မှုစာချုပ်ကို သဘောတူညီမှုရရှိရန် ညှိနှိုင်းဆွေးနွေးရာတွင် ဦးဆောင်ခဲ့ပြီး ဒေသတွင်းနိုင်ငံများ သဘောတူညီမှုမြင့်တက်ခဲ့သည်။

ဝန်ကြီး အကီရာ အမာရီသည် ၂၀၁၂ ခုနှစ်တွင် စီးပွားရေးဝန်ကြီးတာဝန်ကို စတင်ထမ်းရွက်ခဲ့ပြီး ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ အယုံကြည်ရဆုံးသော အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးလည်း ဖြစ်သည်။ လာမည့်အပတ်တွင် ပစိဖိတ်ဒေသတွင်းနိုင်ငံများ လွတ်လပ်စွာကုန်သွယ်မှုစာချုပ်ကို သဘောတူညီမှုလက်မှတ်ရေးထိုးရန် နယူးဇီလန်နိုင်ငံသို့သွားရောက်ရန် စီစဉ်ထားကြောင်းသိရသည်။

ဝန်ကြီးအမာရီသည် ရှင်ဇိုအာဘေး၏ ငွေကြေးဖောင်းပွမှုလျော့နည်းစေရန် ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ဆောင်ပြီး ကမ္ဘာ့နိုင်ငံများတွင် ကမ္ဘာ့တတိယစီးပွားရေးအကြီးဆုံးနိုင်ငံအဖြစ် ဂျပန်နိုင်ငံကို ဆက်လက်ရပ်တည်နိုင်ရန်ဆောင်ရွက်ရာတွင် စွမ်းစွမ်းတမံကြိုးစားအားထုတ်ခဲ့သူလည်း ဖြစ်သည်။

ဂျပန်အစိုးရအဖွဲ့က စီးပွားရေးဝန်ကြီး အမာရီနေရာတွင် သဘာဝပတ်ဝန်းကျင် ဝန်ကြီး နိုဘူတီယူ အီရှိဟာရာအား ခန့်အပ်မည်ဖြစ်ကြောင်း သိရသည်။

**အင်နန်အိတ်ချ်ကော။**

# လေယာဉ်အရေးပေါ်တံခါးကို အကြောင်းမရှိဘဲဖွင့်ခဲ့သည့်ခရီးသည် အမှုရင်ဆိုင်ရ

**မွန်ဘိုင်း ဇန်နဝါရီ ၂၈**

ဇန်နဝါရီ ၂၄ ရက်က အဘူဒါဘီမြို့မှ အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့သို့ မောင်းနှင်ပျံသန်းခဲ့သည့် ဂျက်အဲဝေးစ် လေယာဉ်တစ်စင်းပေါ်တွင် လိုက်ပါစီးနင်းလာသူတစ်ဦးက လေယာဉ်အရေးပေါ်ထွက်ပေါက်ကို အကြောင်းတစ်စုံတစ်ရာမရှိဘဲ အပျော်သက်သက် ဖွင့်လှစ်ခဲ့သည့်အတွက် လေကြောင်းလိုင်းက အဆိုပါခရီးသည်အား တရားစွဲဆိုထားကြောင်း သိရသည်။

ဂျာမန်နိုင်ငံသားတစ်ဦးဖြစ်သည့် စတီဗင်တစ်ချ်လာက လေယာဉ်ဆင်းသက်နေစဉ် အကြောင်းတစ်စုံတစ်ရာမရှိဘဲ အပျော်ချည်းသက်သက် အရေးပေါ်တံခါးကိုဖွင့်လှစ်ခဲ့သည်ဟု လေကြောင်းအာဏာပိုင်များ အခိုင်အမာဆိုသည်။ အဆိုပါခရီးသည်အနေဖြင့် တရားရင်ဆိုင်ရမည်ဖြစ်ပြီး ၎င်းအား ရဲအရာရှိများလက်သို့ မွန်ဘိုင်းနိုင်ငံတကာလေဆိပ်ရှိ လေကြောင်းအာဏာပိုင်များက လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

လေကြောင်းလိုင်း 9W585 လေယာဉ်၏ ဇန်နဝါရီ ၂၄ ရက်က ပျံသန်းချိန်နှစ်နာရီခွဲကြာမြင့်သည့် အဘူဒါဘီမြို့မှ မွန်ဘိုင်းမြို့သို့ ပျံသန်းသည့် ခရီးစဉ်အတွင်း အထက်ပါဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဒေးလီးမေးလ်။**

# J.Estina အတွက် ဓာတ်ပုံရိုက်ကူးခဲ့တဲ့ ဆောင်းဟေကို

တောင်ကိုရီးယားမင်းသမီးချော ဆောင်းဟေကိုရဲ့ သဘာဝအလှကို ဖော်ကျူးထားတဲ့ ဓာတ်ပုံများကို ရိုက်ကူးခဲ့ပြီး ၂၀၁၆ ခုနှစ်အတွက် "J.Estina" ရဲ့ ကျောက်မျက်ရတနာဆောင်းပါးတစ်ခုတွင် တွဲဖက်ဖော်ပြခဲ့ကြောင်း အောကေပေါ့ပ်ဒေါ့ကွန်းမှာ ဖော်ပြခဲ့ပါတယ်။

အဆိုပါဓာတ်ပုံတွေမှာ သဘာဝဆန်တဲ့အလှတရားနဲ့ လှပနေတဲ့ မင်းသမီးရဲ့အလှကို အောကေပေါ့ပ်ဒေါ့ကွန်းက အချိန်ရဲ့တိုက်စားခြင်းကို မခံရတဲ့ အလှတရားရယ်လို့ တင်စားခဲ့ပါတယ်။

ဆက်လက်ပြီး ဆောင်းဟေကိုရဲ့အလှကြောင့် သူဝတ်ဆင်ကြော်ငြာပေးတဲ့ ကျောက်မျက်ရတနာတွေပင် ပိုမိုတောက်ပလာခဲ့ရကြောင်းလည်း ချီးကျူးဖော်ပြထားပါတယ်။

**(အေးပြည့်-စုစည်းသည်)**

# မိုက်ကယ်ဂျက်ဆင်နေရာတွင် သရုပ်ဆောင်မယ့် ဂျီးဇက်ဖိုင်းစ်

ကွယ်လွန်သွားပြီဖြစ်တဲ့ အမေရိကန်ပေါ့ပ်တေးဂီတလောကရဲ့ ဘုရင်တစ်ပါးဖြစ်ခဲ့တဲ့ မိုက်ကယ်ဂျက်ဆင်အကြောင်း တစ်စိတ်တစ်ပိုင်းကို ရိုက်ကူးမယ့် ရုပ်သံဇာတ်လမ်းတို တစ်ခုမှာ မိုက်ကယ်ဂျက်ဆင်၏နေရာတွင် "Shakespeare in Love" ရုပ်ရှင်၏ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်ခဲ့သော မင်းသားဂျီးဇက်ဖိုင်းစ်က ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမ်တီဗွီဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းရုပ်ရှင်တွင် ၂၀၀၁ ခုနှစ်စက်တင်ဘာ ၁၁ ရက်က ဖြစ်ပွားခဲ့သော နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးစင်တာ တိုက်ခိုက်ခံရမှုအတွင်း မိုက်ကယ်ဂျက်ဆင်က အယ်လီဇာဘက်တေလာနဲ့ မာလွန်ဘရန်ဒိုတို့နှင့်အတူ နယူးယောက်မြို့တော်မှ လွတ်မြောက်ရန်ကြိုးပမ်းခဲ့ပုံကို ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကာ နာရီဝက်ခန့်ကြာမြင့်မည်ဖြစ်သည်။ အဆိုပါရုပ်ရှင်သစ်အတွက် အမည်ကိုမူ မရွေးချယ်ရသေးပေ။

မိုက်ကယ်ဂျက်ဆင်ဟာ အာဖရိကန်-အမေရိကန် လူမည်းတစ်ဦးဖြစ်ပေမယ့် သူ့ရဲ့အရေပြားတွေကို ခွဲစိတ်မှုခံယူကာ အဖြူရောင်အဖြစ်ပြောင်းလဲခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာ မိုက်ကယ်ဟာ ဆေးလွန်ရာကနေ သေဆုံးခဲ့ကာ သူကွယ်လွန်ချိန်မှာ အသက်(၅၀)အရွယ်ပဲ ရှိပါသေးတယ်။

ယခုရိုက်ကူးမယ့်ရုပ်ရှင်မှာ လူမည်းတစ်ယောက်ဖြစ်တဲ့ မိုက်ကယ်ဂျက်ဆင်ရဲ့နေရာမှာ လူဖြူသရုပ်ဆောင်တစ်ဦးကို သရုပ်ဆောင်ရန် ရွေးချယ်ခဲ့ခြင်းနဲ့ပတ်သက်ပြီး ဒေသတွင်း မီဒီယာများက အပြင်းအထန် ဝေဖန်ခဲ့ကြပါတယ်။

မိုက်ကယ်ဂျက်ဆင် သက်ရှိထင်ရှားရှိနေသေးပါက သူ၏နေရာတွင် ယခုလို လူဖြူသရုပ်ဆောင်တစ်ဦးက ပါဝင်သရုပ်ဆောင်မည်ကို လုံးဝလိုလားမှာ မဟုတ်ကြောင်းနဲ့ မိုက်ကယ်ဂျက်ဆင် အသက်ရှိစဉ် ၁၉၉၃ ခုနှစ်က ရုပ်သံအင်တာဗျူးတစ်ခုတွင် သူ့နေရာမှာ လူဖြူသရုပ်ဆောင်တစ်ဦး ပါဝင်သရုပ်ဆောင်မည်ဆိုပါက သူ့အနေဖြင့် လက်ခံနိုင်၊ မခံနိုင်ကို မေးမြန်းခဲ့ရာ မိုက်ကယ်ဂျက်ဆင်က လုံးဝလက်မခံနိုင်ဟု ဖြေကြားခဲ့ဖူးကြောင်း အီးအွန်လိုင်းနယူးစ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

မိုက်ကယ်ဂျက်ဆင်ရဲ့ နေရာမှာ ပါဝင်သရုပ်ဆောင်မယ့် ဂျီးဇက်ဖိုင်းစ်ကမူ ယင်းဝေဖန်မှုများနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာတုံ့ပြန်ခဲ့ခြင်းမရှိသော်လည်း ယခုကဲ့သို့ မိုက်ကယ်ဂျက်ဆင်၏နေရာတွင် ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့ခြင်းသည် သူ့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ဂါးဒီးယန်းသတင်းစာကို ပြောကြားခဲ့ပါတယ်။

# ၂၀၁۶ ခုနှစ် ဗေဖော်ဝါရီလ လပတ်အတွက် မိုးလေဝသနှင့် ဇလပေဒဒေသ

နေပြည်တော် ဇန်နဝါရီ ၂၈

**ဘဂ်လားပင်လယ်အော်အခြေအနေ**

ဘဂ်လားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘဂ်လားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြခန့် မိုးထစ်ချုန်းရွာနိုင်ပြီး မိုးရွာရက်မှာ (၅)ရက်မှ (၇)ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြအောက် လျော့နည်းနိုင်ကာ မိုးရွာရက်မှာ (၂)ရက်မှ (၄)ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**ညအပူချိန်အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက်ပိုနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်ပါသည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၀ ရက်မှ ၂၆ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၆ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ပေဝက်မှ ၁ ပေခန့်နှင့် မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသ်တမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေခွဲမှ ၂ ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟူမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များ အောက်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလပေဒညွှန်ကြားမှူးဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

လေပြင်းတိုက်ခတ်စဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင်၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၉ - ၁ -၂၀၁۶ (သောကြာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော် |
| ၇း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၈း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၉း၃၅ | အနုပညာသတင်းအစီအစဉ် |
| ၁၀း၃၅ | မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ် |
| ၁၁း၁၅ | Weekly Sports Info |
| ၁၁း၃၅ | သိပ္ပံနှင့်နည်းပညာအစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၈၀) |
| ၁း၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၂) |
| ၁း၅၀ | ဥာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် |
| ၂း၁၅ | မြန်မာ့ရိုးရာလက်ဝှေ့ (မျိုးမာန်သစ်နှင့်အားမန်) |
| ၂း၃၅ | Football မဂ္ဂဇင်း |
| | **ညပိုင်း** |
| ၅း၃၅ | Hyper Sports |
| ၆း၃၅ | The Farmer |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်"(အပိုင်း- ၃) |
| ၈း၀၀ | ပြည်တွင်းသတင်းနိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း - နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၇၉) -ချစ်သောဤကမ္ဘာမြေ -သမိုင်းကို ဖော်ပြသောဝါကျများ "လူရွှင်တော်ကြီးဦးစံမတူနှင့် တွေ့ဆုံခြင်း" |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်း သတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် အလက်ဘဝတ်ရည်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း(အပိုင်း-၂၀) |
| ၆း၂၀ | ပြည်သူ့နီတိ "ငါမရှိရင်" |
| ၆း၃၅ | ဝတ်စားဆင်ယင်မှုပြပွဲ |
| ၆း၅၀ | တေးဂီတအစီအစဉ် |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၅၁) |
| ၇း၅၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၉၀) |
| ၈း၄၅ | မှတ်မှတ်သားသားပုံပြင်များ "ကောက်ပင်ရိတ်လိုး" (ဖူးပြည့်စည်သူ၊ အောင်မင်းဆွေ) [ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)] |
| ၉း၀၅ | တေးဂီတအစီအစဉ် |
| ၉း၂၀ | "တန်ဖိုး" |
| ၁၀း၀၀ | China In Myanmar Cultural Show |
| ၁၀း၁၀ | မြန်မာဗီဒီယိုဇာတ်လမ်း "သပ္ပတ်"(ခန့်စည်သူ၊ မေကဗျာ) (ဒါရိုက်တာ-သန့်ဇင်အောင်) |

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၅ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပုဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၆း၄၀ | မှတ်တမ်း |
| ၆း၅၀ | မြန်မာသံစဉ်ချိန်ခွားဝင် |
| ၇း၂၀ | မြန်မာပြည်တွင်ထုတ်လုပ်သည် |
| ၇း၂၅ | အမျိုးသားရေးတေးကဗျာ |
| ၇း၃၀ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၀ | စိုက်ပျိုးသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၈း၅၀ | မြဝတီနေ့စဉ်သတင်း |
| ၉း၂၀ | သူနှင့်သူ၏သီချင်းများ |
| ၄း၀၆ | တစ်ပတ်အတွင်းစီးပွားရေးသတင်း |
| ၄း၁၅ | မျိုးချစ်တပ်မတော် |
| ၄း၂၅ | မြန်မာသံစဉ်ချိန်ခွားဝင် |
| ၄း၄၀ | ဇာတ်လမ်းတို |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၁၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၂၀ | လည်မယ် . . . စားမယ်ကမ္ဘာတစ်ခွင်ဝယ် |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၀ | ရှုမောဖွယ်ရာရွှေရုပ်လွှာ |
| ၆း၃၀ | "ရွှာ"ဟာသဇာတ်လမ်းတွဲ အပိုင်း(၃၃၇) ဒါရိုက်တာ-မိုးဇော်ကို |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာထက်မင်း အပိုင်း(၆၀) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ ဒို့တာဝန်အရေး(၃)ပါး နိုင်ငံတကာသတင်း မိုးလေဝသသတင်း VOA အင်္ဂလိပ်စာသင်ခန်းစာ သံစဉ်များနှင့်ကမ္ဘာ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် Lucky Door |
| ၉း၅၀ | မြဝတီရုပ်မြင်သံကြားသတင်း |

## MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ အာဌာနာဌိယသုတ် |
| ၅း၄၀ | "စိတ္တာနုပဿနာ" (အပိုင်း-၃)တရားတော် [ဆရာတော်အရှင်ကုသလ (ဆားဘူးတောင်းဆရာတော်)] |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၈၆) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၀၀ | "မင်္ဂလာပါ" The Morning Show |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၅) |
| ၁၀း၁၀ | ခေတ်သစ်ယျိမေ |
| ၁၀း၅၅ | အနုပညာမိုးကောင်းကင် |
| ၁၁း၁၅ | Food & Decor |
| ၁၁း၅၀ | MRTV-4 Stage |
| ၁၂း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၄၇) |
| ၂း၅၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၈) |
| ၃း၁၀ | MRTV-4 Health Fix |
| ၃း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၈၇) |
| ၄း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၉) |
| ၄း၂၀ | ရသစုံညွှန်းတမ်းများ |
| ၄း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၆) |
| ၄း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၄၈) |
| ၅း၅၅ | အနုပညာမိုးကောင်းကင် |
| ၁၀း၂၀ | MRTV-4 Stage |
| ၁၀း၄၀ | World of Knowledge (Ground War : Warrior Weapon) |

အားကစား

# အဲဗာတန်အသင်း ကယ်ပီတယ်ဝမ်းဗလားပြိုင်ပွဲမှ ထွက်ခွာရခြင်းမှာ တရားမျှတမှုမရှိဟုခံစားရကြောင်း မာတီနက်ဇ်ဖွင့်ဟ

ကယ်ပီတယ်ဝမ်းဗလား အကြိုဗိုလ်လုပွဲအဆင့် ဒုတိယအကျော့ပွဲစဉ်တွင် အဲဗာတန်အသင်းမှာ မန်စီးတီးအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်၍ ပြိုင်ပွဲမှထွက်ခွာခဲ့ရခြင်းအပေါ် စိတ်ထိခိုက်ရသလို တရားမျှတမှုမရှိဟု ခံစားရကြောင်းလည်း အဲဗာတန်နည်းပြ မာတီနက်ဇ်က ထုတ်ဖော်ပြောကြားခဲ့သည်။ အဲဗာတန်အသင်းသည် ပထမအကျော့တွင် မန်စီးတီးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ဒုတိယအကျော့တွင် မန်စီးတီး၏ ပွဲချိန်ပြည့် တိုက်စစ်အင်အားကို တောင့်မခံနိုင်ဘဲ ဖာနန်ဒင်ဟို၊ ဒီဘရွန်နီ၊ အဂူရိုတို့၏ သွင်းဂိုးများကို ခွင့်ပြုခဲ့ရပြီးနောက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။ အဲဗာတန်အသင်းသည် ပထမပိုင်းအစ ၁၈ မိနစ်တွင် ဘာကလေ၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီးနောက် ဗိုလ်လုပွဲသို့ တက်ရောက်ရန် အကောင်းဆုံး အနေအထားတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သေးသည်။ သို့သော် မန်စီးတီးမှ ဖာနန်ဒင်ဟိုက ပွဲကစားချိန် ၂၄ မိနစ်တွင် ချေပဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် မိနစ် ၇၀ တွင် ဒီဘရွန်နီက ဒုတိယဂိုး၊ ၇၆ မိနစ်တွင် အဂူရိုက တတိယဂိုးကိုသွင်းယူခဲ့ရာ နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-သုံးဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

အဲဗာတန်နည်းပြ မာတီနက်ဇ်က စတာလင်း၏ ဖြတ်တင်ဘောမှ တစ်ဆင့် ဒုတိယဂိုးအဖြစ် သွင်းယူခဲ့သော ဒီဘရွန်နီ၏ သွင်းဂိုးအား ဒုတိယဂိုးအဖြစ် ခွင့်ပြုခဲ့သော ဖိုင်လူကြီး၏ ဆုံးဖြတ်ချက်မှာ မန်စီးတီးအသင်းကိုသာ ဗိုလ်လုပွဲရောက်စေချင်သည့် ဆန္ဒပေါ်လွင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ စတာလင်း ဘောလုံးကိုဆွဲပြေးလာပြီး ဖြတ်တင်ဘောမပေးပို့မီ ဘောလုံး၏အနေအထားမှာ စည်းပြင်ဘက်ရောက်နေခဲ့သော်လည်း ဖိုင်လူကြီးက ဂိုးအဖြစ် ခွင့်ပြုပေးခဲ့သည်။

"ဒုတိယဂိုးကို ခွင့်ပြုပေးခဲ့တဲ့ ဖိုင်ရဲ့ဆုံးဖြတ်ချက်က သူ့ဆန္ဒကို ရှင်းရှင်းလင်းလင်း ပေါ်လွင်သွားစေပါတယ်။ စတာလင်းက ပေးပို့ခဲ့တဲ့ဘောလုံးရဲ့အနေအထားဟာ ဘာဖြစ်နေလဲဆိုတာ သူကောင်းကောင်းသိပါတယ်။ ဒီဒုတိယဂိုးကပဲ အရာအားလုံးကို ပြောင်းလဲသွားအောင် စွမ်းဆောင်နိုင်ခဲ့တာလည်းဖြစ်ပါတယ်"ဟု မာတီနက်ဇ်က ပွဲအပြီးတွင် ရှင်းလင်းပြောကြားခဲ့သည်။

မန်စီးတီးနည်းပြ ပယ်လီဂရီနီကမူ အဲဗာတန်နည်းပြ မာတီနက်ဇ်အကြောင်းပြသကဲ့သို့ ဒုတိယဂိုးကို ခွင့်ပြုခဲ့သော ဖိုင်လူကြီး၏ ဆုံးဖြတ်ချက်မှာ မှားကောင်းမှားနိုင်မည်ဖြစ်ကြောင်း၊ သို့သော် ပထမအကျော့၌ အဲဗာတန် ကစားသမား မိုရီသွင်းယူသောဂိုးမှာ လူကျွံနေသလို မန်စီးတီးမှ နာဗက်စ်အား အဲဗာတန်ကစားသမားများ ပြစ်ဒဏ်ကျူးလွန်ခဲ့ကြသည့်အပေါ် ပင်နယ်တီပြစ်ဒဏ်ရသင့်သည်မှာ ထင်ရှားခဲ့ကြောင်း၊ ထို့ကြောင့် အခြေအနေအားလုံး ခြုံငုံသုံးသပ်ရလျှင် မန်စီးတီးအသင်းသာလျှင် ဗိုလ်လုပွဲရောက်သင့်ကြောင်း တုံ့ပြန်ပြောကြားလိုက်သည်။

ယင်းသို့ ရှုံးနိမ့်ခဲ့ခြင်းကြောင့် အဲဗာတန်မှာ မာဆေးဆိုက် ဒါဘီပွဲစဉ်အဖြစ် လီဗာပူးနှင့် ကယ်ပီတယ်ဝမ်းဗလား ဗိုလ်လုပွဲတက်ရောက်ရန် မျှော်လင့်ချက်ဆုံးရှုံးခဲ့သလို ဒုတိယဂိုးမှာ သူ့အတွက် "အသည်းခွဲဂိုး"ဟု မာတီနက်ဇ်က တင်စားလိုက်သည်။

## အားကစားလောက သတင်းတိုများ

▲ ဘိုင်ယန်တိုက်စစ်မှူး လီဝမ်ဒေါစကီးမှာ ယခုနှစ် နွေရာသီတွင် ဘိုင်ယန်မှ ထွက်ခွာရန် သေချာသလောက်ရှိနေပြီး ၎င်းအား ပရီမီယာလီဂ် ကလပ်အသင်းများဖြစ်ကြသော အာဆင်နယ်၊ မန်ယူနှင့် မန်စီးတီးတို့က ခေါ်ယူရန် ချိတ်ဆက်နေသော်လည်း လာလီဂါကလပ် ရီးယဲလ်သို့သာ ပြောင်းရွှေ့ရန် စိတ်အားထက်သန်နေကြောင်း သိရသည်။

▲ ချယ်လ်ဆီးအသင်းသည် လက်စတာတိုက်စစ်မှူး ဗာဒီအတွက် ကလပ်အသင်းမှ ချယ်လ်ဆီးတိုက်စစ်မှူး ရီမီအပြင် ပေါင်သန်း ၃၀ အလိုက်ပေးကမ်းလှမ်းခဲ့သော်လည်း လက်စတာအသင်းဘက်မှ ငြင်းဆန်ပယ်ချခဲ့သည်ဟု ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။

▲ အာဆင်နယ်အသင်းသည် ရီးယဲလ်မက်ဒရစ်ကွင်းလယ်လူ အစ္စကို အတွက် ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းဖြင့် ကမ်းလှမ်းခဲ့သည်။

▲ လီဗာပူးအသင်းသည် အာဆင်နယ်နှင့် ဘာစီလိုနာအသင်းတို့မှ အလိုရှိနေသော ဆယ်လ်တာဗီဂို တိုက်စစ်မှူး နိုလီတိုအတွက် ယူရို ၁စသန်းဖြင့် ကနဦးကမ်းလှမ်းခဲ့သည်။

## ဇီဒန်း ရီးယဲလ်မှာ အောင်မြင်မှာပါ

စပိန်လက်ရွေးစင်အသင်းနည်းပြ ဒယ်လ်ဘော့စကေးက ရီးယဲလ်နည်းပြ သစ်ဖြစ်လာသူ ဇီဒန်းမှာ အဝတ်လဲခန်းထဲမှ အကြောင်းအရာများကို ကြေညက်အောင်သိသူဖြစ်၍ ကလပ်အသင်းကို သေချာပေါက်အောင်မြင်အောင် ဦးဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း ထောက်ခံစကား ဆိုလိုက်သည်။ ဇီဒန်းမှာ ဒယ်လ်ဘော့စကေးလက်အောက် ရီးယဲလ်အသင်းတွင် ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ကစားခဲ့သူဖြစ်ပြီး ရီးယဲလ်ဥက္ကဋ္ဌကြီး ပီရက်ဇ်က ဒယ်လ်ဘော့စကေးအား စာချုပ်သက်တမ်း ထပ်မံမတိုးမြှင့်ခဲ့သောကြောင့် ရီးယဲလ်မှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ဒယ်လ်ဘော့စကေးမှာ စပိန်လက်ရွေးစင်အသင်းကို ကိုင်တွယ်နေစဉ်ကာလအတွင်း ဇီဒန်းမှာ မော်ရင်ဟို၊ အန်စလေတ့်တီတို့ လက်အောက်တွင် နည်းပြတစ်ဦး၏ နည်းစနစ်များကို လေ့လာသင်ယူနေခဲ့သူဖြစ်သည်။

"ဘောလုံးနည်းပြဖြစ်ရင် အတွေ့အကြုံရှိတာ ကောင်းပါတယ်။ ဒါပေမယ့် ဇီဒန်းက ဒီကြားကာလမှာ လေ့လာတယ်။ သင်ယူတယ်။ အချက်အလက်တွေကို စနစ်တကျ စုဆောင်းထားတယ်။ အောင်မြင်တဲ့ ကစားသမားဖြစ်လို့ ရီးယဲလ်နည်းပြရာထူးကို ချက်ချင်းရယူနိုင်တာ မဟုတ်ပါဘူး။ အဆင့်လိုက်လေ့လာပြီးကာမှ သူက ဒီနေရာကို ရောက်လာတာပါ။ အဝတ်လဲခန်းအတွင်း ကြယ်ပွင့် ကစားသမားတွေနဲ့ နည်းပြအဖွဲ့ဝင်တွေ ဘယ်လို ပြောဆိုဆက်ဆံတယ်ဆိုတာ သူကောင်းကောင်းသိပါတယ်။ ဒါက အဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံပါ။ ဒါကြောင့် သူ့အနေနဲ့ ရီးယဲလ်ကို အကောင်းဆုံးဦးဆောင်ပေးနိုင်မှာပါ" ဟု ဒယ်လ်ဘော့စကေးက ပြောကြားခဲ့သည်။

**မေလဲ့သင်း-စုစည်းသည်**


**ယာဉ်မောင်းအလိုရှိသည်**

စန်းရောင်နီကုန်းလမ်းပို့ဆောင်ရေးကုမ္ပဏီလိမိတက် SRT(1)ရန်ကုန်မြို့တွင်းအဆင့်မြင့်ယာဉ်လိုင်းတွင်တာဝန်ထမ်းဆောင်ရန် ယာဉ်မောင်း(၅)ဦးအလိုရှိသည်။ (လစာ+ထောက်ပံ့ကြေး+ခေါက်ကြေး) ခံစားခွင့်ရှိသည်။ **ဆက်သွယ်ရန်ဖုန်း-၀၁-၂၉၁၃၁၀,၀၉-၇၃၀၆၃၀၀၅၅**

**ရွှေထူးလွင် ကျိုက်ထီးမိုး ချောင်းသာ၊ စားတည်းခြင်းမ်း - ၂၅၀၀၀/-**

ကလေး၊ ဘေးမှ မုံလေး ရိုးရေကန်၊ ဟားခါ(၃)ရက် (မော်တင်ရန်း ရွှေကျောက်တော်(ဖွင့်ပွဲ) (ပုဂံ၊ ပုဗ္ဗမ)(ရွှေမော်တော်လေးဆူ(၃)ရက်) ထောင်ကြီး အင်းလေး၊ ပင်းဒေးယ(၄)ရက်၊ (လျှိုင်ကော် (၅)ရက်) (မန္တလေးကျောက်စိမ်းဈေး၊ ပြင်ဦးလွင်(၄)ရက် ပုဏ္ဏား အလောင်းတော်တသမ(၄/၅)ရက်) ရိုးတုတ်ပါ (၇)ရက် အားလုံးပါ(၁၀၊၁၂)ရက်) (ရခိုင်၊ ရေကြက်ဦး၊ စစ်တွေ၊ ငပလီ) (ထားဝယ်ရှင်ကိုးရင်း၊ မောင်းမကန်၊ ရွာပုရစ်၊ မြိတ်) (ကန်ခွန်ဘုရားမို့) (လားပန်း မုဆယ်၊ ရွှေလ်) (ကျိုက်ထီးမိုး၊ ကျိုတွမ်း ဝက်စ်မဲလ်ဆံတော်ရှင်) (မြည်အကောက်တောင်) လရှန်၊ ရွှေဆောင်း (တားစီးလုံးဘုရားဆည်) အမ်အရောက် ပို့/ကြေး 377921 အမှတ်(၄၄၄/၁)မြေညီထပ်၊ရွှေတိုးသာလမ်း Ph - 09 450044494, 09450044496.

**ဦးလှမြင့် အင်္ဂလိပ်စာ၊ စကား၊ သင်္ချာ နှင့် အာရေးသင်တန်းများ**

**GUIDE** **UDE** **PGDMA** **JO**

**၂၀၁၆ ခုနှစ် ၊ ပြည်ထောင်စုပွဲတော် ပိတ်ရက်တို့ ခရီးစဉ်**

**ဖြန်ဖြည်းအလယ်ဗိုင်း တစ်ကျော် ဗိုးတုတ် ရတနာမြေ**

**၁၁ - ၂ - ၂၀၁၆ မှ ၁၄ - ၂ - ၂၀၁၆ အထိ**

**သုခစိန်ဓာတ** 01 253079 / 09 51 55654 / 09 30184137

**ဖခင် အမည်မှန်** ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ် အထက ဆင်တဲ့ အဋ္ဌမတန်း(B)မှ မောင်ထက်လင်း၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင်ဦး ဖြစ်ပါကြောင်း။ **ဦးစိုးနိုင်ဦး [၇/ရတန(နိုင်)ဝ၆၉၉၃၇]**

**ပတ်စ်ပို့ ပျောက်** ကျွန်မ မချိုင်ရှာ(၁/မကန(ပြု)၀၀၀၂၆၀)၏ ပတ်စ်ပို့အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။ **ဖုန်း-၀၉-၇၈၂၈၀၀၈၃၇**

**ဗျိုး 380164 09 5017088 09250640699**

ခရီးစဉ်အမျိုးမျိုးနှင့် လေချွန်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ဂျင်းများ ဆက်သွယ်ပါ။

**အမည်ပြောင်း**

အလက(၄)တောင်ဥက္ကလာ၊ ဒုတိယတန်း(A)မှ ဦးဇော်လင်း [၁၂/ဥကတ(နိုင်)ဝ၁၉၅၂]၏သမီး မစုလင်ရတီ(ခ)ဆုသီရိမြတ်နိုးအား မမြသွန်းထည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမြသွန်းထည်**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရုပ်တွက်-၃မာန်ပြေ၊ မြေကွက်အမှတ်(၂၂/က)၊ မြေကွက်တည်နေရာအမှတ်(၂၂/က)၊ မာန်ပြေ(၂၂)လမ်း၊ ၃ မာန်ပြေရပ်ကွက် သာကေတမြို့နယ်(ဦးနိုင်သိန်းထွန်း RGN -၀၁၃၉၁၀ အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဦးနိုင်သိန်းထွန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်လှထိန် [၁၂/ပဇတ(နိုင်)၀၀၆၃၉၈]ထံမှ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၉၀၀၄/၂၀၁၅)ရသူ ဒေါ်မော်မော်ဝင်း (၇/ကကရ(နိုင်)ဘ၃၄၇၂၂) မှ သေစာရင်းကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်+ ပေးကမ်း+ စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြုပြင်မံကိန်းနှင့် မြေစိမ်းခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

[illegible]

**ကားမီးသတ်ပြေ**

**ကားမီးသတ်ပြေ**

**ကားမီးသတ်ပြေ**

# ဆားတင်သင်္ဘော် တွံတေးတူးမြောင်းတွင် နစ်မြုပ်

**ရန်ကုန် ဇန်နဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တွံတေးတူးမြောင်းအတွင်း လေးမိုင်ခန့်အကွာ သာစည်ကျေးရွာအနီး၌ ဆားပိသာ တစ်သိန်းကျော် တင်ဆောင်လာသည့် ရွှေသန္တာ(သစ်သားခွံ) တစ်ထပ်သင်္ဘောသည် ဇန်နဝါရီ ၂၇ ရက်ညနေ ၄ နာရီခန့်က နစ်မြုပ်သွားကြောင်း သိရသည်။

ယင်းရေယာဉ်သည် လပွတ္တာမြို့နယ် ပြင်စလူကျေးရွာမှ ဆားပိသာချိန် တစ်သိန်းတစ်သောင်း တင်ဆောင်၍ ရန်ကုန်မြို့ရှိ ဘုရင့်နောင်ဆိပ်ကမ်းသို့ ဘိုကလေးမြို့နယ် ရောကျေးရွာနေ ပဲ့နင်း ဦးခင်မောင်မြင့် (၅၇)နှစ်ပါ လှေသားရှစ်ဦးဖြင့် မောင်းနှင်လာစဉ် တွံတေးမြို့နယ် တွံတေးတူးမြောင်း (အရှည် လေးမိုင်ခန့်ရှိ) သာစည်ကျေးရွာအနီးတွင် သင်္ဘောဝမ်းဗိုက်မှ ရေဝင်ကာ နစ်မြုပ်သွားခဲ့သည်။

အဆိုပါရေယာဉ်မှာ သစ်သားခွံဖြစ်ပြီး အရှည် ၉၁ ပေ၊ အကျယ် ၂၁ ပေ၊ ရေစူး ၉ ပေရှိကြောင်း၊ သင်္ဘောပေါ် ပါသူများအား အနီးရှိလှေများက ကယ်ဆယ်သဖြင့် အသေအပျောက် မရှိကြောင်း၊ ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၂၅၇ သိန်းခန့်ရှိကြောင်း၊ သင်္ဘောပိုင်ရှင်မှာ လပွတ္တာမြို့နယ် (၆)ရပ်ကွက်နေသူ ဦးဇေယျာ(၂၇)နှစ်ဖြစ်ကြောင်း သိရသည်။

သင်္ဘောနစ်မြုပ်မှုနှင့် ပတ်သက်၍ သင်္ဘောပဲ့နင်း ဦးခင်မောင်မြင့်အား တွံတေးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **အောင်မင်း(ဒလ)**

# လူသတ်၍ မီးရထားသံလမ်းဘေး ချုံပုတ်အတွင်း စွန့်ပစ်ခဲ့သူအား စားသောက်ဆိုင် CCTV မှတစ်ဆင့် ဖမ်းဆီးဖော်ထုတ်

**တိုက်ကြီး ဇန်နဝါရီ ၂၈**

တိုက်ကြီးမြို့နယ် ဘူတာရပ်ကွက် မီးရထားသံလမ်းဘေး မိုင်တိုင်အမှတ် (၄၁/၈ နှင့် ၄၁/၉) အကြားရှိ ချုံပုတ်အတွင်း အသက် (၃၅) ခန့်ရှိ အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းအရ ဇန်နဝါရီ ၂၇ ရက်နံနက် ၈ နာရီခွဲက တိုက်ကြီးမြို့ မြို့မစခန်းမှူးကြည်စိုးသန့်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ယာချိုစောင်းပေါက်ပြဲ၊ နဖူးပေါက်ပြဒဏ်ရာများဖြင့် သေဆုံးနေသဖြင့် တိုက်ကြီးမြို့နယ်ဆေးရုံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တိုက်ကြီးမြို့ မြို့မစခန်းမှူးကြည်စိုးသန့်က တရားလိုပြုလုပ်၍ လူသတ်မှုကျူးလွန်သူအား အရေးယူပေးရန် တိုင်တန်း၍ တိုက်ကြီးမြို့မစခန်းက အမှုဖွင့်စစ်ဆေးရာ အခင်းဖြစ်အရပ်နှင့် ကိုက် ၂၀၀ ခန့်အကွာတွင် ရန်ကုန်-ပြည်လမ်းဘေးရှိ 'ပိုင်' စတိုးဘေးလမ်းကြားတွင် သွေးကွက်များတွေ့ရှိရပြီး သွေးစွန်းနေသော High class အရက်ပုလင်းခွံ၊ သွေးစွန်းနေသော အုတ်ခဲကျိုးများကို တွေ့ရှိရသဖြင့် အနီးရှိ "သရက်စ်" စားသောက်ဆိုင်အား စုံစမ်းရာ အဆိုပါဆိုင်၏ CCTV မှတ်တမ်းအရ ဇန်နဝါရီ ၂၆ ရက် ည ၁၀ နာရီတွင် သေဆုံးသူပါသုံးဦး အရက်သောက်ခဲ့သည်ကို တွေ့ရှိရသည်။

အရက်သောက်ရာတွင် ပါဝင်သူ ရှမ်းစုရပ်ကွက်နေ သူရဝင်း(ခ)ဟာစန်း (၃၂) နှစ်အား စစ်ဆေးရာ ဇန်နဝါရီ ၂၇ ရက်က ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

သေဆုံးသူမှာ ဂျိုးဖြူကျေးရွာအုပ်စု ဆိပ်သာကျေးရွာနေ စိုးစိုး(ခ)ရဲထွန်းစိုး (၃၂)နှစ်ဖြစ်ပြီး ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ လက်ပံတန်းမြို့နေသူတစ်ဦးအား ဖမ်းဆီးရမိရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ရွှေလှမ်းတက်ဇာတ်အဖွဲ့ ယာဉ်တိမ်းမှောက်မှု သေဆုံးဒဏ်ရာရသူများအား ငွေလျှာ်ငါန်း

**မန္တလေး ဇန်နဝါရီ ၂၈**

ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိခဲ့သော ရွှေလှမ်းတက်ဇာတ်အဖွဲ့ဝင်များအတွက် အလျှောင့်ပေးအင်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သဘင်ပညာရှင်များ အစည်းအရုံး လောကနတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဦးချမ်းသာ-ဒေါ်စိုးစိုးအိနှင့် ရွှေမန်းသဘင်အဖွဲ့သူ၊ အဖွဲ့သားများက ငွေကျပ်ငါးသိန်းကို ဦးနန်ဌေးအောင်မှတစ်ဆင့် လျှာ်ငါန်းရာ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး ဒုတိယဥက္ကဋ္ဌဦးနေဝင်းနှင့် မန္တလေးတိုင်းဒေသကြီး သဘင်ပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်မောင်းတို့က လက်ခံခဲ့ကြသည်။

ယင်းနောက် မန္တလေးမြို့ရှိ အငြိမ့်၊ ဇာတ်အဖွဲ့ပိုင်များ၊ အငြိမ့်ဇာတ်မင်းသားမင်းသမီးများ၊ လူရွှင်တော်အဖွဲ့များ၊ ဂီတအနုပညာရှင်များကလည်း မန္တလေးတိုင်းဒေသကြီး သဘင်ပညာရှင်များ အစည်းအရုံးမှတစ်ဆင့် လာရောက် လျှာ်ငါန်းလျက်ရှိသည်။

ဂန့်ဂေါနှင့် ကလေးမြို့အကြားတောင်းခရမ်းကျေးရွာ ဘုရားပွဲသို့ သွားရောက်ဖျော်ဖြေရန် မန္တလေးမြို့မှ ထွက်ခွာခဲ့သော ဇာတ်အဖွဲ့ဝင် ၄၀ ကျော်ပါ ရွှေလှမ်းတက်ဇာတ်အဖွဲ့ မော်တော်ယာဉ်သည် ဇန်နဝါရီ ၁၉ ရက် နံနက် ၅ နာရီက ပုလဲ-ဂန့်ဂေါလမ်း မိုင်တိုင်(၅၈)အနီးတွင် တိမ်းမှောက်ခဲ့သဖြင့် ဇာတ်အဖွဲ့မှ ပြဇာတ်မင်းသမီး၊ နဲ့ဆရာ၊ အသံချဲ့စက်ကိုင်တို့ အခင်းဖြစ်နေရာတွင် သေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိခဲ့ကာ မန္တလေးဆေးရုံကြီးနှင့် မုံရွာဆေးရုံတို့တွင် ဆေးကုသမှုခံနေကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# လားရှိုးမြို့တွင် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၈**

မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၅ ရက်က လားရှိုးမြို့အဝင် ဟိုပိတ်အိုရီယမ်တယ် တိုးဂိတ်အနီးတွင် ကွတ်ခိုင်မှ မန္တလေးသို့ မောင်းနှင်လာသည့် GG/--- AD Van ခရီးသည်တင် ယာဉ်ကိုရှာဖွေရာ ခရီးသည် ဆန်းအောင်ထံမှ ဘိန်းဖြူဆပ်ပြာခွက် ၁၁ ခွက် (ဘိန်းဖြူအလေးချိန် သုည ဒသမ ၁၅၄ ကီလို)၊ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ဘိန်းဖြူ သုည ဒသမ ၀၀၀၄ ကီလို စုစုပေါင်း ဘိန်းဖြူအလေးချိန် သုည ဒသမ ၁၅၄၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈ ပြားတို့ကို သိမ်းဆည်းရမိသဖြင့် ဆန်းအောင် (၃၁) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းချုပ်ဆိုသည့် အခွန်ထမ်းဆောင်ထိုက်သော စာချုပ်စာတမ်းများကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တံဆိပ်ခေါင်းခွန်ထမ်းဆောင်စေရန် အသိပေးကြေညာခြင်း

၁။ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီများနှင့် ချုပ်ဆိုခဲ့သော လုပ်ငန်းသဘောတူစာချုပ်၊ စာတမ်းအမျိုးမျိုးတို့အနက် တည်ဆဲဥပဒေများနှင့်အညီ ကျသင့်သည့်တံဆိပ်ခေါင်းခွန် ပြည့်ဝစွာထမ်းဆောင်ထားမှုမရှိသောစာချုပ်များ၊ စာချုပ်ချုပ်ဆိုပြီး သတ်မှတ်ကာလအတွင်း တံဆိပ်ခေါင်းခွန်ထမ်းဆောင်မှုမရှိသောစာချုပ်များ၊ စာချုပ်သက်တမ်းကုန်ဆုံးပြီး စာချုပ်အသစ်ထပ်မံချုပ်ဆိုရာ၌ ယခင်စာချုပ်အဟောင်းတွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ထားမှုမရှိခြင်း (သို့မဟုတ်) တံဆိပ်ခေါင်းလျော့နည်းထမ်းဆောင်ထားသောစာချုပ်များကို တည်ဆဲတံဆိပ်ခေါင်းအက်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပြီးသောစာချုပ်စာတမ်းများဖြစ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တံဆိပ်ခေါင်းခွန်ဒဏ်ကြေးကင်းလွတ်ခွင့်ကာလကို ၃၁-၃-၂၀၁၆ရက်အထိ သတ်မှတ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းဌာနများ၊ ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် လုပ်ငန်းသဘောတူ စာချုပ်များ ချုပ်ဆိုခဲ့သော်လည်း ကျသင့်သည့်တံဆိပ်ခေါင်းခွန်ပြည့်ဝစွာထမ်းဆောင်ထားမှုမရှိသောစာချုပ်များ၊ စာချုပ်ချုပ်ဆိုပြီး သတ်မှတ်ကာလအတွင်း တံဆိပ်ခေါင်းခွန်ထမ်းဆောင်မှုမရှိသောစာချုပ်များ၊ စာချုပ်သက်တမ်းကုန်ဆုံးပြီး စာချုပ်အသစ်ထပ်မံချုပ်ဆိုရာ၌ ယခင်စာချုပ်အဟောင်းများတွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ထားမှုမရှိခြင်း (သို့မဟုတ်) တံဆိပ်ခေါင်းခွန်လျော့နည်းထမ်းဆောင်ထားသောစာချုပ်များကို ဒဏ်ကြေးကင်းလွတ်စွာဖြင့် တံဆိပ်ခေါင်းခွန် ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့်ဆက်သွယ်၍ သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၃။ တံဆိပ်ခေါင်းခွန် ဒဏ်ကြေးကင်းလွတ်ခွင့်သတ်မှတ်ကာလကျော်လွန်ပြီးပါက ထိုက်သင့်သော တံဆိပ်ခေါင်းခွန်ကပ်နှိပ်ထားမှုမရှိခြင်းနှင့် တံဆိပ်ခေါင်းခွန် ပြည့်ဝစွာထမ်းဆောင်ထားမှုမရှိသော စာချုပ်စာတမ်းများကိုထိုက်သင့်သော တံဆိပ်ခေါင်းခွန် (သို့မဟုတ်) လျော့နည်းထမ်းဆောင်ထား၍ ထပ်မံထမ်းဆောင်ရမည့် တံဆိပ်ခေါင်းခွန်အပြင် ၎င်းထိုက်သင့်သော သို့မဟုတ် လျော့နည်းထမ်းဆောင်သောတံဆိပ်ခေါင်းခွန်၏(၁၀)ဆကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၃၅(က) အရ ပေးဆောင်ရမည်ဖြစ်ပါသည်။

၄။ အဆိုပါ ဒဏ်ကြေးကင်းလွတ်ခွင့်ဖြင့် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရာတွင် ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှ တံဆိပ်ခေါင်းများထုတ်ပေးခြင်းမပြုဘဲ ကျသင့်တံဆိပ်ခေါင်းခွန်ကို ချလန်ဖြင့် ပေးဆောင်စေပြီး မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေပုဒ်မ ၄၂(၁) အရ မူရင်းစာချုပ်ပေါ်တွင် (Endorsement) ထပ်ဆင့်ရေးသားပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန**

ဖြည်တွင်းရေးရာ

# မိုးကုတ်မြို့နယ်၌ သက်ငယ်မုဒိန်းမှုနှင့် မူးယစ်ဆေးဝါး အန္တရာယ်အသိပညာပေးဟောပြော

**မိုးကုတ် ဇန်နဝါရီ ၂၈**

မိုးကုတ်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အမှတ် (၉၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်နှင့် အမှတ် (၁၆) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုတို့ ပူးပေါင်းကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှု၊ သက်ငယ်မုဒိမ်းမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၆ နံနက်ပိုင်း ၉ နာရီခွဲက မိုးကုတ်မြို့ ရှောလီဝိုင်းရပ်ကွက် အောင်ချမ်းသာရပ်ရှိ အ-ထ-က (၃) အစည်းအဝေးခန်းမအတွင်း၌ ကျင်းပခဲ့သည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မိုးကုတ်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးနိုင်က သက်ငယ်မုဒိမ်းမှု ဖြစ်စဉ်များအားချပြ၍ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်နှင့် အင်တာနက်ကွန်ရက်တို့မှတဆင့် လူမှောင်ခိုကူးမှု၊ လူကုန်ကူးမှုဖြစ်စဉ်များအားချပြ၍လည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက်အမှတ်(၉၄) ယာဉ်ထိန်းရဲတပ်ဖွဲ့ စိတ်မှ ရဲတပ်ကြပ်ကျော်ကျော်က ၂၀၁၅ မော်တော်ယာဉ်ဥပဒေအကြောင်းနှင့် မော်တော်ယာဉ်များအား စည်းကမ်းမဲ့စွာရပ်နား မောင်းနှင်နေသည့် စည်းမဲ့ကမ်းမဲ့ မောင်နှင် ရပ်နားမှု မှတ်တမ်းဓာတ်ပုံများ၊ ယင်းအကြောင်းရင်းများကြောင့် ယာဉ်တိုက်သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများကိုလည်းကောင်း မှတ်တမ်းဓာတ်ပုံများအား ပြသကာ ယာဉ်စည်းကမ်းလမ်းစည်းကမ်းအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ထို့အပြင်အမှတ် (၁၆) မူးယစ်ဆေးဝါး တားဆီးနှိမ်နှင်းရေးတပ်ဖွဲ့စုမှ ရဲအုပ်သိန်းဌေးက အနာဂတ်တွင် ထူးချွန်ထက်မြက်သော ခေါင်းဆောင်များ ဖြစ်လာမည့် လူငယ်လူရွယ်များအနေဖြင့် မသုံးစွဲဘဲမနေနိုင်အောင် စွဲလမ်းစေပြီး ဦးနှောက်နှင့် အာရုံကြောကို ထုံထိုင်းစေသည့် မူးယစ်ဆေးဝါး များအား မသုံးစွဲကြစေရန် အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှု၊ သက်ငယ်မုဒိမ်းမှုနှင့် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲသို့ အောင်ချမ်းသာ အ. ထ. က (၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်လှနှင့် ဆရာ၊ ဆရာမများ၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူ ၃၃၀ ကျော်တက်ရောက် လေ့လာမှတ်သားခဲ့ကြပြီး ဟောပြောပွဲတက်ရောက်လာသူများအား ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဝေဒေပေးခဲ့သည်။

**နေဝါ(မိုးကုတ်)**

# ပဲခူးတိုင်းဒေသကြီးအတွင်း အချိန်အခါမဟုတ်ရွာသွန်းသည့် မိုးကြောင့် ပဲစိုက်တောင်သူများ အကျိုးသက်ရောက်မှု နည်းနိုင်

**ရေတာရှည် ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီးအနှံ့အပြားတွင် ဇန်နဝါရီ ၂၅ ရက် က အချိန်အခါမဟုတ်သည့် မိုးများ ရွာသွန်းခဲ့ပြီး လက်ရှိပဲစိုက်ပျိုးထားသော တောင်သူများ အနေဖြင့် အကောင်းနှင့်အဆိုး နှစ်မျိုးကြုံတွေ့ရနိုင်ကြောင်း ပဲစိုက်တောင်သူများက သုံးသပ်ပြောကြားခဲ့သည်။

ရေတာရှည်မြို့နယ်တွင် စိုက်ပျိုးထားသည့် ပဲစိုက်ခင်းများမှာ လက်ရှိအနေအထားအရ ရင့်မှဲ့ခြင်းမရှိသေးသည့်အတွက် အကျိုးသက်ရောက်မှုနည်းပါးနိုင်ကြောင်း တောင်သူတစ်ဦးက ပြောသည်။

"တောင်ငူမြို့နယ်ကနေ ပြွန်တန်ဆာအထိ ရန်ကုန်-မန္တလေးကားလမ်းဘေး ၀ဲယာ မျက်စေ့တဆုံး ပဲစိုက်ခင်းတွေကိုတွေ့ရကာ လက်ရှိ ခူးဆွတ်လျက်ရှိနေတဲ့အတွက် အခုအခါလွန်မိုးက တောင်သူများအတွက် ဖျက်မိုးဖြစ်နိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ထို့အတူ ဆွာချောင်းတစ်လျှောက် ကြက်သွန်နီစိုက်ပျိုးထားသော တောင်သူများမှာလည်း မိုးရက်ဆက်ရွာပါက ဆွာချောင်းရေကြောင့် ကြက်သွန်စိုက်ခင်းများ ပျက်စီးမည်ကို ယင်းဒေသရှိ စိုက်ပျိုးသူများက စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# အမရပူရမြို့နယ်တွင် ဂန္ဓာမာပန်းစိုက်တောင်သူများအဆင်ပြေ

**အမရပူရ ဇန်နဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် ဂန္ဓာမာပန်းစိုက်တောင်သူများ ပန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး နေ့စဉ်ဝင်ငွေရရှိနေသောကြောင့် အဆင်ပြေလျက်ရှိကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တောတွင်ကျေးရွာသည် ဆည်တောကြီး၊ ဆည်တော်လေး ဆည်ရေသောက်စနစ်ဖြင့် သီးနှံများစိုက်ပျိုးပြီး၊ ကိုယ်ပိုင်စက်ရေတွင်းများဖြင့်လည်း ဂန္ဓာမာပန်းများစီးပွားဖြစ်စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

"ဦးလေးကရွာမှာ ပန်းစိုက်တာ ဆယ်နှစ်ကျော်ပြီ၊ စိုက်ဖူးတဲ့ဂန္ဓာမာပန်းမျိုးတွေက လည်းစုံတယ်၊ အခု ဦးလေးတို့ဒေသက လပ်ကီး၊ ကီလို၊ ကြေးဖြူ၊ ပုလဲဖြူ၊ ရွှေ၀ါဝင်း၊ ဆမ်ဘား၊ ဂျူးဘုရင်၊ ချက်စိမ်း၊ ငုရွှေ၀ါ၊ အခုမကြာသေးခင်ကပေါ်တဲ့ ရေစိုအစရှိသော ဂန္ဓာပန်းမျိုးများစိုက်ပျိုးပါတယ်။

အဆိုပါ စိုက်ပျိုးထားသည့် ပျိုးပင်များကို ပြင်ဦးလွင်မြို့၌ သွားရောက်ဝယ်ယူကြပြီး အပင်တစ်ပင်လျှင်ယခင်က ခြောက်ကျပ်၊ ခုနစ်ကျပ်သာ ပေးဝယ်ရပြီး ယခုလက်ရှိတွင် ၁၂ ကျပ်ပေးရကြောင်း ပျိုးပင်များကို ထယ်ရေးပြင်၊ ပေါင်တင်ပြီး စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး ၁၅ ရက် ရက် ၂၀ ခန့်ကြာပါက ခါးခွ၊ ပေါင်းသင်၊ မြေဆီကျွေးရခြင်းများ ပြုလုပ်ပေးရကြောင်း အဆိုပါ ဂန္ဓာပန်းစိုက်ပျိုးသူတစ်ဦးက ပြောသည်။

ယင်းအပြင် အပင်သန်ဆေး၊ ပိုးသတ်ဆေးများလည်း ပက်ဖျန်းပေးရပြီး စိုက်ပျိုးပြီး သုံးလကျော်ကြာပါက အဖူးခြွေခြင်းများ၊ အရွက်ဆိတ်ခြင်းများဖြင့် အပင်ပြုစုပေးရသည်။

"ပန်းက ရေသန့်မှကောင်းတာ၊ ရေကတော့ နေ့စဉ်စက်နဲ့တင်ပြီး ဖျန်းပေးနေရတာ၊ ရေက ယာခင်းထဲမှာ တူးထားတာ၊ ပေ ၄၀/၅၀ လောက်တူးရင် စပယ်ရှယ်သုံးလို့ရတယ်၊ တစ်တွင်းတူးရင် ကျပ် ၁၀၀၀၀၀ လောက်ပဲကုန်တာ။ ဒါကြောင့် ယာခင်းတိုင်း ရေတွင်းတူးပြီးစိုက်ကြတာများတယ်။ ဒါကြောင့် ဦးတို့ဆီက ရာသီမရွေး စိုက်ပျိုးနိုင်တယ်။

"ဂန္ဓာမာပန်းစိုက်တာက အရင်းအနှီးတော့များတယ်၊ တစ်ဧကကို အပင် ၁၀၀၀၀၀ လောက်စိုက်တာ ဆိုတော့ ပျိုးပင်စရိတ်၊ အလုပ်သမားစရိတ်၊ ပိုးသတ်ဆေးဖိုးနဲ့ ကျပ်သိန်း ၆၀ ကျော်လောက်ကုန်တာ၊ နှစ်ပင်ကို တစ်စီးဆိုတော့ တစ်ဧကစိုက်ရင် အစီး ၄၀၀၀၀ လောက်တင်တယ်။ ကျန်တာက အသေအပျောက်နဲ့ အရိုးလိုတာနဲ့။

"ပန်းစေ့ကတော့ အခုပေါက်စေ့က တစ်စီးကို ယာခင်းထိကားနဲ့ လာ၀ယ်စေ့ ငွေကျပ် ၄၅၀ စေ့ရတယ်၊ အရင်က ကျပ် ၆၀၀ ထိ စေ့ပေါက်လိုက်သေးတယ်။ အခုမှ စေ့ကျသွားတာ၊ ဒီစေ့နဲ့လည်း အဆင်ပြေတယ်။ တစ်ဧကစိုက်ရင် ကျပ်သိန်း ၁၅၀ ကျော်လောက်ရတော့ အဆင်ပြေပါတယ်။ ဦးတို့ရွာကတော့ တစ်ရွာလုံးနီးပါး စပါးနဲ့ ဂန္ဓာမာပန်းစိုက်ကြတာများတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ယင်းစိုက်ခင်းများအား တခြားဒေသများမှ ဂန္ဓာမာပန်းစိုက်ပျိုးချင်သူများနှင့် စိတ်ဝင်စားသူများမှလည်း စီးပွားဖြစ်စိုက်ပျိုးလိုပါက လာရောက်လေ့လာနိုင်ကြောင်း အမရပူရမြို့နယ် တောတွင်ကျေးရွာမှ ဂန္ဓမာပန်းစိုက်တောင်သူ ဦးဝင်းဇော်က ပြောသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းဖွင့်

**မြစ်ကြီးနား ဇန်နဝါရီ ၂၈**

ကချင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် Spectrum-(Sustainable Development Knowledge Network) တို့ပူးပေါင်းကာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သင်ခန်းစာများ အခြေခံပညာအထက်တန်းကျောင်းများတွင် သင်ကြားနိုင်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၃ရက် နံနက် ၉နာရီက မြစ်ကြီးနားမြို့ရှိ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှူး ဦးကျော်အောင်မိုးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် Spectrum-SDKNမှ အစီအစဉ် တာဝန်ခံဒေါ်နော်မူးဖောထူးက သင်ခန်းစာများအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို Spectrum-SDKN မှ ကျောင်းသား၊ ကျောင်းသူများအား ကလေးဗဟိုပြုချဉ်းကပ်နည်း ဖြင့် ငယ်ရွယ်စဉ်မှအစပြု၍ သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေး သိလွယ်တတ်လွယ်စေနိုင်မည့် ကာတွန်းရုပ်ပုံများပါ ပုံပြင်စာအုပ် ခုနစ်အုပ်၊ ဆရာကိုင်လက်စွဲ တစ်အုပ်ပါ သင်ကြားရေးနည်းစနစ်များအတိုင်း သင်ကြားပေးနိုင်ရေးဆင့်ပွားဆွေးနွေးခဲ့ပြီး မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့မှ ဆရာ ဆရာမ ၄၀ တက်ရောက်ကြောင်း သိရသည်။

**မိုးယံးကျ(မြစ်ကြီးနား)**

## ရသေ့ပျံသမိုင်းဝင်ဂူဘုရားသွားကွန်ကရစ်လမ်းဖွင့်လှစ်

**ဘားအံ ဇန်နဝါရီ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့ ဘားကပ်-ရသေ့ပျံကျေးရွာသွား ကွန်ကရစ်လမ်းအား (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက ဖွင့်ပွဲပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်က အဖွင့်အမှာစကားပြောကြားပြီး ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးခင်မောင်ဝင်းက လမ်းနှင့်ပတ်သက်သည့်အကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းမှာ ဘားအံ-သထုံလမ်းမကြီးမှ တစ်ဆင့် ရသေ့ပျံကျေးရွာတွင်ရှိသော သမိုင်းဝင်ရသေ့ပျံဂူဘုရားရှိရာသို့ ကမ္ဘာလှည့်ခရီးသွားများ၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ခရီးသွားဧည့်သည်များ လေ့လာရေးနှင့် ဘုရားဖူးများ အများအပြား လာရောက်ကြလျက်ရှိရာ ရွှေ၊ မြိုး၊ ဆောင်း သွားလာနိုင်ရေးနှင့် ဘားကပ်ကျေးရွာအုပ်စု၊ ရသေ့ပျံကျေးရွာအုပ်စု၊ ဆင်ကျုံးကျေးရွာအုပ်စု၊ ပန်းကုံးကျေးရွာအုပ်စုအတွင်းမှ ကျေးရွာများအတွက် အဓိကအသုံးပြုသော လမ်းတစ်လမ်းဖြစ်သော အရှည်တစ်မိုင်ခြောက်ဖာလုံ၊ အကျယ် ၁၄ ပေရှိ ကွန်ကရစ်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၇၆ သန်းကျော်ဖြင့် ပြည်ဇာနည်ကုမ္ဍဏီက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## သမဝါယမအသင်းစုချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြောက်ဥက္ကလာပမြို့နယ်ခန်းမ၌ ဇန်နဝါရီ ၂၂ရက် နံနက် ၉နာရီတွင် ကျင်းပခဲ့သည်။

အသင်းစုချုပ် ဒါရိုက်တာအဖွဲ့ ၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ၊ အသင်းစာရင်းစစ် အစီရင်ခံစာများကို ဖတ်ကြားတင်ပြခဲ့သည်။

အသင်းစုချုပ်၏ အမှုဆောင်အဖွဲ့သစ်နှင့် အသင်းစာရင်းစစ်ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပပြီး အမှုဆောင်အဖွဲ့သစ် ၁၅ ဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့ကို ရွေးချယ်တင်မြှောက်ခဲ့သည်။

ယင်းနောက် ဥက္ကဋ္ဌအသစ်ဦးတင်မြင့်က မိတ်ဆက်စကားပြောကြားခဲ့သည်။

**၃၂၉**

## အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ငါ့သရောက် ဧနီနဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်ခွဲလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးထွန်းဝင်းနှင့် ဝန်ထမ်းများက ငါ့သရောက်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက အသက်(၁၀)နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ လက်ဝယ်ကိုင်ဆောင်နိုင်ရေး မိုးပွင့်စီမံချက်အပိုင်း(၂)ဖြင့် အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာ ငါ့သရောက်မြို့နယ်ခွဲ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှမြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းနှင့် ဝန်ထမ်းများက ငါ့သရောက်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ စတုတ္ထတန်းမှ အထက်တန်းဆင့်အထိ ကျောင်း သား၊ ကျောင်းသူ စုစုပေါင်း ဦးရေ ၁၀၃ဦးခန့်အား ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မြဝတီ၌စာဖတ်ရိုက်မြင့်မားရေးပွဲတော်ကျင်းပ

**မြဝတီ ဧနီနဝါရီ ၂၈**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အားကစားခန်းမတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုက်မြင့်မားရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးအောင်ကိုသန့်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုက်မြင့်မားရေးပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်အား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲ နှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို ကျင်းပပြီး ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ လ ၂၈ ရက်တွင် ဆက်လက်ကျင်းပခဲ့သည်။

ထိုသို့ စာဖတ်ရိုက်မြင့်မားရေးပွဲတော်အား ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့်အလေ့အထ ရရှိစေရေးနှင့် အသိပညာဗဟုသုတများ တိုးပွားရေးရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆုရရှိသူများ ကို ဇန်နဝါရီ ၃၁ ရက်တွင် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ငါ့သရောက်မြို့နယ်၌ မိသားစုတစ်နိုင်တစ်ပိုင် ထန်းမြူအိုးလုပ်ငန်းများအဆင်ပြေ၍လုပ်ကိုင်သူ ပိုမိုများပြားလာ

**ငါ့သရောက် ဧနီနဝါရီ ၂၈**

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်ခွဲ အမှတ်(၃)တောင်ကုန်းရပ်ကွက်သည် အိမ်ခြေ ၁၃၀ နီးပါးခန့် မြို့တင်းနေထိုင်ကြပြီး ဒေသခံပြည်သူများသည် နှစ်စဉ်မိရိုးဖလာ ထန်းရာသီလုပ်ငန်းအသုံးပြု ထန်းမြူအိုးလုပ်ငန်းကို မိသားစုတစ်နိုင်တစ်ပိုင်လုပ်ကိုင်ခြင်းဖြင့် စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ငါ့သရောက်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ ထန်းတောင်သူများ ထန်းလုပ်ငန်းစတင် လုပ်ကိုင်ကြပြီဖြစ်၍ ထန်းမြူအိုးများရောင်းချနိုင်ရန်အတွက် အိုးဖုတ်လုပ်ငန်းများ အပြိုင်လုပ်ကိုင် ဆောင်ရွက်နေကြကြောင်း အမှတ်(၃)တောင်ကုန်းရပ်ကွက်ရှိ ထန်းမြူအိုးလုပ်ငန်း လုပ်ကိုင်သူအများစုကပြောသည်။

ငါ့သရောက်မြို့၊ အမှတ်(၃)တောင်ကုန်းရပ်ကွက်ရှိ ဒေသခံပြည်သူများသည် မိရိုးဖလာထန်းမြူအိုးလုပ်ငန်းကို မိသားစုများဝိုင်းဖွဲ့၍ လုပ်ကိုင်ကြပြီး သုံးလရာသီလုပ်ငန်းဖြစ်၍ နတ်တော်၊ ပြာသို၊ တပို့တွဲလတွင် ထန်းမြူအိုးလုပ်ငန်းကို စတင်လုပ်ကိုင်ကြသည်။

ထန်းမြူအိုးလုပ်ငန်းအပြင် သောက်ရေအိုး၊ ဟင်းချက်အိုး၊ ဘုရားပန်းအိုးနှင့် ကလေးကစားစရာ အရုပ်များမကျန် အမျိုးအစားစုံလင်စွာပြုလုပ်ကြပြီး ထန်းမြူအိုးတစ်လုံးလျှင် ငွေကျပ် ၅၀ ခန့်၊ သောက်ရေအိုးတစ်လုံးလျှင် ငွေကျပ် ၃၅၀ခန့်၊ ဟင်းချက်အိုးနှင့် ဘုရားပန်းအိုးများမှာ တစ်လုံးလျှင် ငွေကျပ် ၁၅၀ ခန့်၊ ကလေးကစားစရာအရုပ်များမှာ စျေးနှုန်းသင့်သလို ရောင်းချပေးကြောင်း သိရသည်။

"ကျွန်တော်တို့ရပ်ကွက်က အိမ်တိုင်းလိုလို ထန်းမြူအိုးလုပ်ငန်းလုပ်ကိုင်ကြတာပါ။ ဒါ့ကြောင့် မြူအိုးလုပ်ငန်းက ကျွန်တော်တို့ရပ်ကွက်မှာ မိရိုးဖလာအလုပ်တစ်ခုလို ပြောရင်လဲရပါတယ်၊ မြူအိုးလုပ်ငန်း အကြောင်းပြောရရင်တော့ ဒီအလုပ်က ရှေးလူကြီးတွေပြောခဲ့တဲ့အတိုင်းဆိုရင်တော့ သုံးလရာသီလုပ်ငန်းပါပဲ။ ထန်းထွက်စောလို့ ထန်းတက်တောင်သူတွေလုပ်ငန်းစရင် ကျွန်တော်တို့ လုပ်ငန်းက လည်း စောစောအလုပ်ဖြစ်တာပါပဲ။

"ဒါပေမယ့် အိုးလုပ်ရ တာ အခက်အခဲလေးတွေတော့ ရှိတာပေါ့။ အိုးလုပ်တဲ့မြေတွေက ကျွန်တော်တို့အတွက် အလကားရပေမဲ့ အိုးဖုတ်ဖို့လိုအပ်တဲ့ ထင်းနဲ့ နွားချေးစေးတွေက မနှစ်ကထက်စျေးကြီးပေးဝယ်နေရတော့ ကိုယ့်အတွက် အမြတ်ငွေလျော့တာပေါ့။ ကျွန်တော်တို့ရပ်ကွက်မှာ မြူအိုးမီးဖုတ်တဲ့ ဖိုသုံးခုရှိပါတယ်။ မီးဖိုတစ်ဖိုလျှင် အိုးလုပ်တဲ့သူ ခုနစ်ဦးခန့် တစ်ပြိုင်နက်တည်း မီးဖုတ်လို့ရပါတယ်။ မြူအိုးလုပ်ငန်းလုပ်သူကများတော့ တစ်ခါတလေကျတော့ အလှည့်ကျစနစ်နဲ့လုပ်ရတာပေါ့ဗျာ။

"ဖိုတစ်ဖိုမီးဖုတ်လျှင် မြေအိုး အလုံးရေ ၁၀၀၀ မှ ၂၀၀၀ ခန့်အထိ မီးဖုတ်လို့ရပါတယ်။ ကျွန်တော်တို့ဒေသကထွက်တဲ့ မြေအိုးတွေကို ချောက်မြို့နယ်၊ မြင်းခြံမြို့နယ်၊ ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်များသို့ အများဆုံးတင်ပို့ရောင်းချနေရပါတယ်။ ပြီးတော့ ကျွန်တော်တို့ရပ်ကွက်မှာ အခုဆိုရင် လျှပ်စစ်မီးလည်းရပြီဖြစ်တဲ့အတွက် ထန်းမြူအိုးလုပ်ငန်းကို နေ့ရောညပါ လုပ်ကိုင်ဆောင်ရွက်နေရပါပြီ။

"ကျွန်တော်တို့ရပ်ကွက်က ဒေသခံပြည်သူတွေအနေနဲ့ မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းဖြစ်တဲ့ ထန်းမြူအိုးလုပ်ငန်းကို ပိုပြီးလုပ်လို့ရတဲ့အတွက် ထန်းရာသီမှာ မိသားစုဝင်ငွေရပြီး စီးပွားရေးအဆင်ပြေပါတယ်" ဟု တောင်ကုန်းရပ်ကွက်မှ ထန်းမြူအိုလုပ်ငန်းရှင် တစ်ဦး၏ပြောပြချက် အရသိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်း နွားစာစဉ်းစက်အငှားလိုက်သူများအဆင်ပြေ

**တပ်ကုန်း ဧနီနဝါရီ ၂၈**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းမှ စပါး၊ မြေပဲ၊ ပြောင်းစိုက်တောင်သူများအနေဖြင့် ယခုနှစ်သီးနှံရိတ်သိမ်းပြီးသည့်အခါမှ မိုးရာသီအချိန်တွင် ခိုင်းနွားများအတွက် အစာလုံလောက်မှု ရှိစေရန် နွားစာများကို သိုလှောင်သိမ်းဆည်းရာ၌ အချိန်ကုန်သက်သာပြီး လူလည်းသက်သာသော နွားစာ စဉ်းစက်များကို ငှားရမ်း၍ ကောက်ရိုး၊ မြေပဲရိုး၊ ပြောင်းရိုးများကို သိုလှောင်သောကြောင့် နွားစာစဉ်းစက် ငှားရမ်းသူများ များပြားလာကြောင်းသိရသည်။

"ကျွန်တော်တို့ နွားစာစဉ်းစက်ကိုလာငှားရင် ကောက်ရိုး၊ မြေပဲရိုး၊ ပြောင်းရိုးနှင့်အခြားနွားစာကိုပဲ စဉ်းစဉ်း တစ်နာရီကို ကျပ် ၄၀၀၀ ယူပါတယ်။ စက်သုံးဆီက တစ်နာရီကို တစ်ပုလင်းခွဲလောက် ကုန်ပါတယ်။ ကုန်ကျစရိတ်နဲ့နှိုင်းစာရင် နွားစာစဉ်းစက်ထောင်ရတာ တွက်ခြေကိုက်ပါတယ်။ နွားစာသိုလှောင်တဲ့ တောင်သူတွေလည်းမှာ အချိန်တိုအတွင်း အမိုးအကာအောက် ရောက်ရှိတော့ အခုဆိုရင် နွားစာစဉ်းစက်ကို ငှားရမ်းတာပိုများလာပါတယ်"ဟု သဲဖြူကျေးရွာမှ နွားစာစဉ်းစက် တည်ထောင်ထားသည့် ဦးဝင်းလှိုင်က ပြောပြသည်။

ယခင်က နွားစာများသိုလှောင်ရာတွင် ခြေထောက်နင်း ဓားစဉ်ဖြင့် လူငှားစဉ်းရပြီး နွားစာစဉ်းသူများအား ကျပ် ၃၀၀၀ဖြင့် ငှားရကြောင်း၊ နွားစာဖတ်မှာ စက်စဉ်းရာတွင် ထွက်ရှိသလောက်မရရှိကြောင်း၊ နွားတစ်ရှည်းစာအား ငါးရက်၊ ခြောက်ရက်ကြာ အောင်စဉ်းရကြောင်း နွားစာသိုလှောင်သူတစ်ဦးက ပြောပြသည်။

"အခုစက်ခေတ်ဆိုတော့ နွားစဉ်းစက်နဲ့တစ်ရက်တည်း စဉ်းရုံနဲ့ နွားစာသိုလှောင်အိမ်ထဲ အချိန်တိုအတွင်းရောက်ရှိပါတယ်" ဟု အဆိုပါ နွားစာသိုလှောင်သူတစ်ဦးက ပြောပြသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## Mini Book Corner များတွင် စာစဉ်အသစ်များဖြည့်

**စဉ်ကိုင် ဧနီနဝါရီ ၂၈**

စဉ်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ပြည်သူ့ကိုဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ ပြည်သူများစာပေ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန်အတွက် ပြည်သူအများစု သွားလာနေသော နေရာများတွင် Mini Book Corner စာပေရေချမ်းစဉ် ၁၇ ခုထားရှိရာ ဇန်နဝါရီ ၂၇ ရက်နံနက်၉နာရီက အတွဲ(၃) အမှတ်(၁၂)စာစဉ်အသစ်များထပ်မံဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ Mini Book Corner များကို ပြည်သူအများစုသွားလာနေသော နေရာများတွင် ထားရှိပေးခြင်းအားဖြင့် အချိန်အနည်းငယ်အတွင်း မိမိကြိုက်နှစ်သက်ရာစာပေများကို ပညာရပ်စုံ၊ ကဏ္ဍစုံကိုအချိန်တိုအတွင်း အလွယ်တကူဖတ်ရှု လေ့လာနိုင်သည့်အတွက် အလွန်ကောင်းမွန်ပြီး စာဖတ်သူများအတွက်များစွာ အကျိုးရှိကြောင်း စာဖတ်ပရိသတ်များက ပြောသည်။

**တင်တင်ထွေး(စဉ်ကိုင်)**

# နွားလက်တက်ပွားမွေးမြူသူများ တစ်နှစ်လျှင် ၁၀ သိန်းကျော် ဝင်ငွေရရှိနိုင်

**တပ်ကုန်း ဧနီနဝါရီ ၂၈**

နေပြည်တော် တပ်ကုန်းမြို့နယ်ကျေးလက်နေပြည်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြပြီး တောင်သူများသီးနှံရိတ်သိမ်းပြီးချိန်များတွင် နွားစားကျက်မြေပေါများ၍ တစ်ပိုင်တစ်နိုင် နွားလက်တက်ပွား မွေးမြူသူများ အဆင်ပြေကြောင်း သိရသည်။

တပ်ကုန်းမြို့သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်ဒေသတစ်ခုဖြစ်၍ ရာသီဥတု ပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုနည်းပါးခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်းများအား မြေအောက်ရေများကို ရေစုပ်တင်ယူကာ သီးနှံမျိုးစုံစိုက်ပျိုးလာကြသည်။

နွားလက်တက်ပွား မွေးမြူသူတစ်ဦးက မိုးရာသီနှင့် ဆောင်းရာသီကာလများတွင် ဆင်သေချောင်း၏ ပိတ်ဆွယ်တောနှင့် မိုးတွင်းပဲတီစိမ်းခင်းကျွတ်များတွင် လိုက်လံထိန်းကျောင်းရကြောင်း၊ ဆောင်းရာသီတွင် တောင်သူများ သီးနှံရိတ်သိမ်းပြီးသည့်အခင်းများတွင် သွားရောက်၍ စားကျက်ချရကြောင်း၊ သီးနှံများ ရိတ်သိမ်းခြင်း မရှိသေးသည့် အခင်းများကို နွားများကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက်လည်း အထူးအလေးထားဆောင်ရွက်ကြောင်းပြောသည်။

"ကျွန်တော် သားကျွန်း ၁၀ ကောင်လက်တက်ပွား မွေးမြူထားပါတယ်။ နွားမများက သားတစ်ခါကျ၍ တစ်နှစ်ပြည့်ပြီဆိုတာနဲ့ သားပြန်ရတဲ့အတွက် တစ်နှစ်တစ်သား မွေးပါတယ်။ တစ်နှစ်သားအရွယ် နွားပေါက်အမ တစ်ကောင်လျှင် ကျပ်သုံးသိန်း၊ နွားပေါက် အထီးတစ်ကောင်လျှင် သုံးသိန်းခွဲရရှိပါတယ်။

"တစ်နှစ်ပတ်လုံး နွားချေးများက ၁၅ စီးရရှိ၍ လှည်းတစ်စီးကို ကျပ် ၅၀၀၀ ရရှိပါတယ်။ နွားပေါက် ကလေးမွေးပြီး ၄၅ ရက်သားပြည့်တဲ့ အခါ နွားနို့ စတင်ညစ်ယူကာ နွားမ တစ်ကောင်မှာ တစ်နေ့ကို နို့ တစ်ပိဿာလောက် ရရှိပါတယ်။ နွားပေါက်၊ နွားနို့၊ နွားချေး တစ်နှစ်အတွင်း ရောင်းရငွေမှာ ကျပ် ၁၀ သိန်းကျော် ရရှိပါတယ်" ဟု သာယာဝှမ်းကျေးရွာမှ တစ်ပိုင်တစ်နိုင် နွားလက်တက်ပွား မွေးမြူသူ ဦးလှအောင်က ပြောပြသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

အာနန်းဆက်ဆောင်းပါး

*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်

**နတ်မောက်ထွန်းရှိန်**

**ယခင်အပတ်မှအဆက်**

**မြောက်ပြင်စက်ရုံရပ်ကွက်**

ရွှေမြို့တော်အတွင်း အမှုထမ်းများ နေထိုင်ခဲ့ရာ ဝင်းအိမ်နေရာများ၊ ရပ်ကွက်အတန်းအမည်များသည် ယခုအခါ အမည်နာမလောက်သာ ကျန်ရစ်ပြီး လုပ်ငန်းအတော်များများ ပြောင်းလဲသွားခဲ့ကြ၏။ မြို့သက်နှစ် (၁၃၀)ကျော် သက်တမ်းရှိလာသဖြင့်လည်း အမွေဆက်ခံသူများ ကွင်းဆက်ပြတ်သွားခြင်းလည်း ဖြစ်၏။ ခေတ်ကာလအလျောက် တိုးတက်ပြောင်းလဲလာခြင်းလည်းဖြစ်၏။ မြောက်ပြင်အမရဌာနီ အရှေ့စံခေါင်ရပ်ကွက်ကြီးတွင် ရှေးအခါက တည်ရှိခဲ့သော ရက်ကန်းစက်ရုံ၊ လက်နက်စက်ရုံတို့ပင် ယခုခေတ်၌ အရက်ချက်စက်ရုံ၊ ဘီယာစက်ရုံဘဝ ပြောင်းလဲသွား ခဲ့ကြ၏။

အဆိုပါစက်ရုံအကွက်သည် အကွက်(၂၄၊ ၂၅၊ ၂၆) ကွက်များဖြစ်ပြီး အကွက်(၂၇-က)သည် အလုပ်သမားလိုင်းများဖြစ်၏။ ၎င်းနှင့်အနီး အကွက်(၉၂၃)သည် လှည်းတန်းဟု ခေါ်တွင်သည်။ ရှေးအခါက လှည်းလုပ်ငန်းလုပ်ကိုင် သူများနေထိုင်ခဲ့ကြသည်။ အကွက် (၂၁)သည် ပန်းပဲတန်းဖြစ်၍ ပန်းပဲလုပ်ငန်းရှင်များ နေထိုင်ခဲ့ကြသည်။ အကွက် (၂၈၊၂၉)သည် ဗောင်းတော်ကျ ရေနားကျောင်းတိုက် တည်ရှိသည်။ ဗောင်းတော်ကျဘုရားငုတ်တိုအား တွေ့မြင်ဖူး မြော်နိုင်ကြသည်။ (၈)လမ်းနှင့် (၉) လမ်းကြားတည်ရှိပြီး (၈၀)နှင့် (၈၁)လမ်းကြား တည်ရှိသည်။

အရှေ့ဘက်တွင် ဘီယာစက်ရုံတည်ရှိသည်။ လမ်း ၈၀လမ်းမတန်းသည် ရှေးကပုရပိုက်လုပ်ကိုင်သူများ နေထိုင်လုပ်ကိုင်ကြရာ အရပ်ဖြစ်သဖြင့် ပုရပိုက်တန်းဟု ခေါ်သည်။ အကွက်နံပါတ် (၃၀)ဖြစ်သည်။ အကွက်(၃၁)သည် ညောင်ကုန်းရွာမှလူများ အနေများသောကြောင့် ညောင်ကုန်းတန်းဟု ယနေ့တိုင် ခေါ်ဝေါ်သည်။ ၇၆ လမ်းဘေးအကွက်(၃၃)တွင် သပိတ်တန်းဟုခေါ်သည်။ ထိုရပ်ကွက်ရှိ ဖိုလ်ပေါက်ဝင်းသည် ပန်းပဲဝန်၏ အဆက်အန္တယ်များ နေထိုင်ခဲ့ရာဝင်းဖြစ်သည်။ မြောက်ပြင်ပန်းပဲလုပ်ငန်းမှာ ရှေးယခင်ကတည်းက နာမည်ကြီးခဲ့သည်။ ဖားဖို၊ သံဒယ်အိုးများ ထုတ်လုပ်သည်။ ယခုမူဘော်ဒီသံဖြတ်လောက်သာ အဆက်အန္တယ်များ နေထိုင်ခဲ့ကြသဖြင့် ရှမ်းဝိုင်းဟု ခေါ်တွင်ခဲ့သည်။ ယခု ဆပ်ပြာစက်ရုံ ရှေ့ ၇၆၊၇၇ ကြားရပ်ကွက် ဖြစ်သည်။ ဆပ်ပြာစက်ရုံမှာ အကွက်(၃၅)အတွင်းဖြစ်၍ ရှေးယခင်က စွပ်ကျယ်စက်၊ ၎င်းမှ စောင်စက်၊ ယခုအမှတ်(၁)စက်မှ ဝန်ကြီးဌာန ဆပ်ပြာစက်ရုံတည်ထောင်ထားသည်။

အကွက်(၃၆)သည် ဆရာစံစေ့ားနေရာဖြစ်ပြီး အကွက် (၄၃)၊ ၇စလမ်း၊ ၇၉ လမ်းကြား၊ ၁၀လမ်းနှင့် ၁၁ လမ်းကြားတွင် ဆစ်ခ်ဲ့ဘုရားရှိခိုးကျောင်းတည်ရှိသည်။ အကွက်(၄၄)သည် ၇၇ လမ်းနှင့် ၇၈ လမ်းကြားတည်ရှိပြီး ၁၀ လမ်းနှင့် ၁၁ လမ်းကြား ကဲပါတန်း၊ လက်သမားတန်းတို့မှ ရှေးရှေးကတည်းက အကွက်ကျကျတည်ရှိသော ရပ်ကွက်များ ဖြစ်၏။ အကွက်(၄၃)မှ အကွက်(၄၈)ထိ ရပ်ကွက်များကို ခြုံ၍ ထားဝယ်ရပ်ဟု ခေါ်ဆိုကြသည်။ မြောက်ထားဝယ်ဗိုလ် အဆက်အန္တယ်များလည်း နေထိုင်ခဲ့ကြသည်ဟု ပြောဆိုမှတ်သားလာခဲ့ကြသည်။ အချို့တလည်း ဓားလွယ်တန်းမှာ ကာလရှေ့လျှောခ်ု ထားဝယ်တန်းဖြစ်လာသည်ဆိုသည်။ မြောက်ပြင်တွင် အရိပ်မထွက်ဘုရားနှင့် ၎င်း၏ မြောက်ဘက်တွင် မတ္တရာတိုက်မကြီးရှိသည်။ ဖောင်ဝန်မင်း၏ ရှေးဟောင်းဘုရားကျောင်းကိုလည်း အရိပ်မထွက်ဘုရား အနောက်မုခ်တွင် တွေ့မြင်နိုင်ကြသည်။

**အမရဌာနီအနောက်**

အမရဌာနီအနောက်ရပ်ကွက်သည် သူရဲစျေးကွက်အပါအဝင် ပေပင်ဝင်း၊ ပွဲစားဝင်း၊ ရေစက်ဝင်းများပါဝင်သည်။ သူရဲစျေးရပ်၊ သူရဲစျေးဘူတာ အနောက်ဘက် ၁၁ လမ်းနှင့် ၇၉ လမ်းထောင့်တွင် သပိုင်းဝင် ရွှေဘုံသာမြတ်စွာဘုရားတည်ရှိသည်။ မန္တလေးမြို့တွင်းရှိ ရွှေဘုံသာဘုရားငါးဆူစေတီဝင် တစ်ဆူဖြစ်သည်။ မန္တလေးမြို့တည်မင်းတုန်းမင်းတရားကြီးသည် မြို့တည်စဉ် ဤရွှေဘုံသာဘုရားငါးဆူကိုလည်း ပြုပြင်တော်မူခဲ့သည်ဟု အမှတ်အသားရှိသည်။ ရွှေဘုံသာဘုရားငါးဆူတွင် တိကျခိုင်လုံသော ကျောက်စာအထောက်အထားမတွေ့ရသေးချေ။ ဖန်ချက်ဝန်မင်း ပညာသိဒ္ဓိကျော်ခေါင်၏ ပုရပိုက်မှတ်တမ်း အထောက်အထားအရ ယုံကြည်လက်ခံလျက်ရှိကြသည်။ သီပေါမင်းလက်ထက်တွင်လည်း သူရဲစျေးရပ် ရွှေဘုံသာစေတီတော်တွင် သူရဲဝန်၊ သူရဲသူခက်များက အထွတ်အမြတ်ထား၍ ကိုးကွယ်ခဲ့ကြသည်ဟု မှတ်သားရသည်။ အထူးသဖြင့် ဤရွှေဘုံသာဘုရားငါးဆူတည်ရှိရာ ရပ်ကွက်များတွင် ခေတ်အဆက်ဆက် မန္တလေးမြို့ကြီး အကြောင်းအမျိုးမျိုးကြောင့် မီးလောင်ခဲ့ရာ၌ မီးဘေးမှ လွတ်ခဲ့သည်ဟု ယုံကြည်ကြသည်။

၁၂၄၅ ခုနှစ် ကဆုန်လဆန်း ၁၀ရက် နေ့ ၁နာရီတွင် ပြာသာဒ်ကျီတိုက်၊ ဒီပဲယင်းဆူးခါးတိုက်၊ ဘုန်းတော်ကြီးကျောင်းများအပါအဝင် အဓိကနေရာ ၅၄ နေရာ မီးလောင်ခဲ့ရာတွင် အလယ်၌တည်ရှိသော ဤရွှေဘုံသာစေတီမှာ မီးဘေးမှလွတ်ခဲ့သည်။ အမရဌာနီအနောက်၊ အမရဌာနီအရှေ့ရပ်ကွက်များတွင် လှည့်လည်ကြည့်ရှုပါက ဘုရားစေတီများစွာ တည်ရှိနေသည်ကို ဖူးမြော်နိုင်ကြသည်။ အရိပ်မထွက်စေတီမှာ ထင်ရှားသောစေတီတော်ဖြစ်သည်။ အရိပ်မထွက်စေတီ၏ သမိုင်းကို တနင်္ဂနွေထောင့်ရှိ ကျောက်စာရုံ၌ ဘုရားသမိုင်းကို လေ့လာနိုင်ကြသည်။

**ရှေးမြန်မာမင်းများလက်ထက် ရပ်ကွက်ပြည်သူ မှုထမ်းရာထမ်းများသည် မိမိတို့နေထိုင်ရာပတ်ဝန်းကျင်တွင် ဘုရားတည်ခြင်း၊ ဓမ္မာရုံဆောက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းတိုက်များ တည်ထားကိုးကွယ်ခြင်းပြုကြသည်မှာ ဗုဒ္ဓဘာသာ ရိုသေကိုင်းရှိုင်းမှု ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ခြင်း ဖြစ်**

သဖြင့် ရှမ်းဝိုင်းဟု ခေါ်တွင်ခဲ့သည်။ ယခု ဆပ်ပြာစက်ရုံ ရှေ့ ၇၆၊၇၇ ကြားရပ်ကွက် ဖြစ်သည်။ ဆပ်ပြာစက်ရုံမှာ အကွက်(၃၅)အတွင်းဖြစ်၍ ရှေးယခင်က စွပ်ကျယ်စက်၊ ၎င်းမှ စောင်စက်၊ ယခုအမှတ်(၁)စက်မှ ဝန်ကြီးဌာန ဆပ်ပြာစက်ရုံတည်ထောင်ထားသည်။

အကွက်(၃၆)သည် ဆရာစံစေ့ားနေရာဖြစ်ပြီး အကွက် (၄၃)၊ ၇စလမ်း၊ ၇၉ လမ်းကြား၊ ၁၀လမ်းနှင့် ၁၁ လမ်းကြားတွင် ဆစ်ခ်ဲ့ဘုရားရှိခိုးကျောင်းတည်ရှိသည်။ အကွက်(၄၄)သည် ၇၇ လမ်းနှင့် ၇၈ လမ်းကြားတည်ရှိပြီး ၁၀ လမ်းနှင့် ၁၁ လမ်းကြား ကဲပါတန်း၊ လက်သမားတန်းတို့မှ ရှေးရှေးကတည်းက အကွက်ကျကျတည်ရှိသော ရပ်ကွက်များ ဖြစ်၏။ အကွက်(၄၃)မှ အကွက်(၄၈)ထိ ရပ်ကွက်များကို ခြုံ၍ ထားဝယ်ရပ်ဟု ခေါ်ဆိုကြသည်။ မြောက်ထားဝယ်ဗိုလ် အဆက်အန္တယ်များလည်း နေထိုင်ခဲ့ကြသည်ဟု ပြောဆိုမှတ်သားလာခဲ့ကြသည်။ အချို့တလည်း ဓားလွယ်တန်းမှာ ကာလရှေ့လျှောခ်ု ထားဝယ်တန်းဖြစ်လာသည်ဆိုသည်။ မြောက်ပြင်တွင် အရိပ်မထွက်ဘုရားနှင့် ၎င်း၏ မြောက်ဘက်တွင် မတ္တရာတိုက်မကြီးရှိသည်။ ဖောင်ဝန်မင်း၏ ရှေးဟောင်းဘုရားကျောင်းကိုလည်း အရိပ်မထွက်ဘုရား အနောက်မုခ်တွင် တွေ့မြင်နိုင်ကြသည်။

**အမရဌာနီအနောက်**

အမရဌာနီအနောက်ရပ်ကွက်သည် သူရဲစျေးကွက်အပါအဝင် ပေပင်ဝင်း၊ ပွဲစားဝင်း၊ ရေစက်ဝင်းများပါဝင်သည်။ သူရဲစျေးရပ်၊ သူရဲစျေးဘူတာ အနောက်ဘက် ၁၁ လမ်းနှင့် ၇၉ လမ်းထောင့်တွင် သပိုင်းဝင် ရွှေဘုံသာမြတ်စွာဘုရားတည်ရှိသည်။ မန္တလေးမြို့တွင်းရှိ ရွှေဘုံသာဘုရားငါးဆူစေတီဝင် တစ်ဆူဖြစ်သည်။ မန္တလေးမြို့တည်မင်းတုန်းမင်းတရားကြီးသည် မြို့တည်စဉ် ဤရွှေဘုံသာဘုရားငါးဆူကိုလည်း ပြုပြင်တော်မူခဲ့သည်ဟု အမှတ်အသားရှိသည်။ ရွှေဘုံသာဘုရားငါးဆူတွင် တိကျခိုင်လုံသော ကျောက်စာအထောက်အထားမတွေ့ရသေးချေ။ ဖန်ချက်ဝန်မင်း ပညာသိဒ္ဓိကျော်ခေါင်၏ ပုရပိုက်မှတ်တမ်း အထောက်အထားအရ ယုံကြည်လက်ခံလျက်ရှိကြသည်။ သီပေါမင်းလက်ထက်တွင်လည်း သူရဲစျေးရပ် ရွှေဘုံသာစေတီတော်တွင် သူရဲဝန်၊ သူရဲသူခက်များက အထွတ်အမြတ်ထား၍ ကိုးကွယ်ခဲ့ကြသည်ဟု မှတ်သားရသည်။ အထူးသဖြင့် ဤရွှေဘုံသာဘုရားငါးဆူတည်ရှိရာ ရပ်ကွက်များတွင် ခေတ်အဆက်ဆက် မန္တလေးမြို့ကြီး အကြောင်းအမျိုးမျိုးကြောင့် မီးလောင်ခဲ့ရာ၌ မီးဘေးမှ လွတ်ခဲ့သည်ဟု ယုံကြည်ကြသည်။

၁၂၄၅ ခုနှစ် ကဆုန်လဆန်း ၁၀ရက် နေ့ ၁နာရီတွင် ပြာသာဒ်ကျီတိုက်၊ ဒီပဲယင်းဆူးခါးတိုက်၊ ဘုန်းတော်ကြီးကျောင်းများအပါအဝင် အဓိကနေရာ ၅၄ နေရာ မီးလောင်ခဲ့ရာတွင် အလယ်၌တည်ရှိသော ဤရွှေဘုံသာစေတီမှာ မီးဘေးမှလွတ်ခဲ့သည်။ အမရဌာနီအနောက်၊ အမရဌာနီအရှေ့ရပ်ကွက်များတွင် လှည့်လည်ကြည့်ရှုပါက ဘုရားစေတီများစွာ တည်ရှိနေသည်ကို ဖူးမြော်နိုင်ကြသည်။ အရိပ်မထွက်စေတီမှာ ထင်ရှားသောစေတီတော်ဖြစ်သည်။ အရိပ်မထွက်စေတီ၏ သမိုင်းကို တနင်္ဂနွေထောင့်ရှိ ကျောက်စာရုံ၌ ဘုရားသမိုင်းကို လေ့လာနိုင်ကြသည်။

**အိုးဘိုရွှေကျင်ရပ်နှင့် အိုးပုတ်ပွဲ**

၁၂၂၄ ခုနှစ် တပေါင်းလ မန္တလေးရပ်ကွက်များ စတင်ဖွဲ့စည်းချထားစဉ်က အိုးဘိုရွှေကျင်ရပ်ဟူ၍ မတွေ့ရပေ။ မူလအမည်များ ရွှေ့လျားရ၍ ရပ်ကွက်အမည်စွဲဖြင့် ထင်ရှားခဲ့ကာ ရပ်ကွက်ဖြစ်ပေလိမ့်မည်။ အိုးဘိုရပ်၊ အိုးဖိုရပ် အိုးပြုလုပ်သော ရပ်ကွက်ကို အကြောင်းပြု၍ ခေါ်ဝေါ်ခဲ့ရာမှ ယနေ့တိုင် ထင်ရှားလာခြင်းဖြစ်သည်။ အိုးဘိုရွှေကျင်ရပ်သည် မန္တလေးမြောက်ပြင် မန္တလေးတောင်၏ အနောက်မြောက်အစွန်အဖျား ရပ်ကွက်ဖြစ်သည်။ ပုသိမ်ကြီးမြို့နယ်နှင့် နယ်စပ်ဖြစ်သည်။ အကွက် (၁၆)၊ အကွက်(၄၀)အိုးဘိုရပ်ကွက်ဖြစ်၍ အကွက် (၅၀)(၅၂) ပတ္တမြားတောရပ် ကွက်၊ အကွက်(၅၁)ရွှေကျင်ရပ်ဖြစ်သည်။ ပတ္တမြားတောရပ် အနောက်ဘက်တွင် အိုးဘိုရေလွှဲတံခါး ဧရာဝတီတာပေါင်နှင့် ညောင်ကွဲဆက်စပ်သွားသည်။

အိုးဘိုရပ်တွင် မြန်မာမင်းလက်ထက်က အိုးလုပ်ငန်းလုပ်ကိုင်သူများ နေထိုင်ကြသည်။ ရှေးက အိုးဘိုအရပ်မှ ရေအိုးများလည်း ထင်ရှားသည်။ အိုးဘိုပတ္တမြားတောရပ်၌ ထင်ရှားသည့် ပွဲတော်တစ်ခုလည်း ရှိသေးသည်။ နှစ်စဉ် တောင်ပြုံးပွဲမတိုင်မီ တစ်ရက်အလိုကျင်းပသော အိုးဘိုအရပ်မှ "အိုးပုတ်ပွဲတော်"ဖြစ်သည်။ ဝါခေါင်လဆန်း (၈)ရက် နေ့တစ်ရက်တည်း ကျင်းပသည်။ ပွဲတော်စည်ကားသည့်အချိန်မှာလည်း ညနေပိုင်းဖြစ်သည်။ တောင်ပြုံးပွဲသို့ ရေလမ်း ဖြင့် သွားကြသည်။ အိုးပုတ်၊ ချိုးရုပ်သည်များ၊ စဉ့်အိုးစဉ့်ထည်သည်များသည် တောင်ပြုံးမရောက်မီ အိုးဘိုပတ္တမြားတောရပ် ရွှေတချောင်းဘေး၌ စခန်းချကာ အိုးထည်၊ စဉ့်ထည်များ ရောင်းချသည့်ပွဲတော်ဖြစ်သည်။

နှစ်ပေါင်း(၁၀၀)ခန့် ကြာပြီဖြစ်သော ဤအိုးပုတ်ပွဲတော်သည် ၎င်းရပ်တွင်လည်း မည်သူမျှ ဦးဆောင်ကျင်းပသည် လည်းမရှိ၊ အလိုအလျောက် ဈေးတန်းဖြစ်စည်ကားနေခြင်းမျှသာ ဖြစ်သည်။ ထိုနေ့၌ မန္တလေးမြို့ပေါ်မှလည်း ကစားစရာအိုးပုတ်မှအစ စဉ့်ထည်အိုးခွက်များ သွားရောက်ဝယ်ယူကြသည်။ ရပ်ကွက်များအတွင်း၌ ဘုရားပွဲကဲ့သို့ ဧည့်ခံကြသည်။ ဧရာဝတီမြစ်ရေတိုးချိန်ဖြစ်၍ လေ့သမ္မန်စီးသူများလည်း စည်ကားသည်။ ရွှေတချောင်းမြောင်းအတိုင်း တောင်ပြုံးသွားကြသည်။ ယခုအချိန်ထိ ထိုနေ့ရောက်လျှင် အိုးပုတ်ပွဲတော် အလိုအလျောက် စည်ကားလာမြဲဖြစ်သည်။ ထို့ကြောင့် အိုးဘိုရပ်ကို လူသိများလာကြခြင်းဖြစ်သည်။

**မြကျွန်းတန်ဆောင်**

မြောက်ပြင် အိုးဘိုရွှေကျင်ရပ်ကွက်တွင် ရှေးခေတ်အထိမ်းအမှတ်အဆောက်အအုံများဟူ၍ လက်ညှိုးထိုးပြစရာ များများမရှိတော့ချေ။ အိုးလုပ်ငန်းလုပ်သူများပင် တိမ်ကောသွားပြီဖြစ်၏။ လူနေအိမ်ခြေများ တိုးလာသောကြောင့်လည်း အိုးလုပ်သူများအတွက် နေရာမရှိနိုင်တော့ချေ။ အိုးလုပ်ငန်းလုပ်ရာမှာလည်း သူ့ရာသီသူ လုပ်ကိုင်ကြရကြောင်း သိရသည်။ အိုးဘိုရပ်တွင် အစဉ်အလာမိသားစု ရိုးရာလုပ်ငန်းအဖြစ် လုပ်ကိုင်သူမိသားစုတစ်စုမျှသာ ကျန်ရစ်သည်။ ယခုအခါ ၎င်းတို့သည်လည်း လုပ်ငန်းကြီးကြီးမားမား မလုပ်နိုင်ကြတော့ဘဲ သောက်ရေအိုး လုပ်ငန်းများအဆင့်မှ ပန်းအိုးလုပ်ငန်းအဆင့်လောက်သာ ကျန်ရစ်တော့သည်။ အိုးဘိုရပ်သည် တိုင်းရင်းဆေးသိပ္ပံ၊ တိုင်းရင်းဆေးရုံမြောက် ဘက်ခံကုန်းဘက်တွင် နောက်ထပ်တိုးအဆောက်အအုံတွေနှင့် လူနေစည်ကားသည်။ အိုးဘိုရပ်ကွက်ကို တောင်ပေါ် မှလည်း ကြည့်ရှုနိုင်ကြသည်။

ရှေးယခင်က အိုးဘိုရပ်ကွက်သည် မြကျွန်းတန်ဆောင် အမည်ရှိသည်ဟုလည်း ဆိုကြသည်။ လောကတန်ဆောင် ဘုရားသည်လည်း အိုးဘိုရပ်၏ မြောက်ဘက်မန္တလေးတောင်၏ အနောက်မြောက်ထောင့်အရပ်တွင် တည်ရှိသည်။ သက္ကရာဇ်စာတန်းထိုး မတွေ့ရပေ။ အရှေ့ဘက်တွင် လောကမာရဇိန်စေတီတည်ရှိသည်။

ရွှေနန်းတော်၏ အနောက်မြောက်ထောင့်အရပ်ဖြစ်သဖြင့် မင်းတုန်းမင်းလက်ထက်တွင် ခံကုန်းသုသာန်သည်လည်း ထင်ရှားသည်။ မင်းတုန်းမင်းလက်ထက် မောင်းထောင်ဆရာတော်၊ ညောင်ကန်ဆရာတော်(ခေါ်) ပြည်ဆရာတော်တို့ စာပန ခံကုန်း၌ ကျင်းပသည်။ အရိုးနှင့် ပရိက္ခရာရှစ်ပါး ဌာပနာ၍ စေတီတည်ဆောက်ထားသည်။ အရိုးအိုးစေတီကို ယခုတိုင် ခံကုန်းအတွင်းဖူးမြော်နိုင်ကြသည်။ မန်ကျည်းပင်စောက်မိဖုရား သီရိသုစန္ဒာ မဟေသီ ကံကုန်သည်ကိုလည်း ထီးလိုင်မိဖုရားနည်းလုပ်ဆောင်၍ ခံကုန်းသချိုင်း၌ သင်္ဂြိုလ်သည်။

**အိုးဘိုရပ်က သာလာယံဇရပ်**

မေးခွန်း(၁)မှာ မြန်မာဝတ္ထုတိုနှင့် မြန်မာပြဇာတ်ကို မေးမှာဖြစ်တယ်။ မြန်မာဝတ္ထုတိုမှာ ကိုလိုနီခေတ်မှ မျက်မှောက်ခေတ်အထိ ဆရာ(၁၁)ဦးရဲ့ ဝတ္ထုတို(၁၁)ပုဒ်နဲ့ ပြဇာတ်(၃)ပုဒ်ကို လေ့လာရမှာဖြစ်တယ်။ ဝတ္ထုတိုဆိုတာ လူအကြောင်း၊ လောကအကြောင်းကို စာရေးသူရဲ့ စိတ်ကူးဉာဏ်နဲ့ ဖန်တီးရေးဖွဲ့ထားတဲ့ ရသစာပေဖြစ်တယ်။ ဝတ္ထုတိုဟာ တစ်ထိုင်တည်းနဲ့ ဖတ်နိုင်လောက်အောင် တိုတိုနဲ့ဆိုလိုချက်ရောက်အောင် ရေးဖွဲ့လေ့ရှိတယ်။ ဝတ္ထုရေးဆရာက စာဖတ်သူ အာရုံကျက်စားစေလိုတဲ့ သဘောတစ်ရပ်၊ အချက်တစ်ချက်ကို တစ်ကွက်ကောင်း၊ တစ်ချက်ကောင်းနဲ့ ဖန်တီးရေးဖွဲ့တာဖြစ်တယ်။ ဝတ္ထုတိုမှာ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ ပါဝင်တယ်။ ဝတ္ထုတိုကို လေ့လာရာမှာ ဒီသဘောတရားတွေကို အခြေခံထားပြီး လေ့လာရမှာ ဖြစ်ပါတယ်။ ဝတ္ထုတိုတွေကို လေ့လာတဲ့အခါ ဝတ္ထုအာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ နောက်ခံဖန်တီးပုံ၊ အရေးအဖွဲ့၊ ရသနဲ့အသိအမြင်ဆိုတဲ့ အစီအစဉ်နဲ့ လေ့လာရမှာ ဖြစ်တယ်။

ဝတ္ထုအာဘော်ဆိုတာကတော့ ဝတ္ထုတိုရေးသူရဲ့ ဆိုလိုချက်ပဲ ဖြစ်ပါတယ်။ ဝတ္ထုတိုရေးသူဟာ ဝတ္ထုတိုမှာ မိမိရဲ့ဆိုလိုချက် (အာဘော်)ကို ပေါ်လွင်အောင် ဖော်ပြရပါတယ်။ စာဖတ်သူအနေနဲ့လည်း ဝတ္ထုတိုတစ်ပုဒ် ဖတ်ပြီးသွားတဲ့အခါ ဝတ္ထုတိုရေးဆရာရဲ့ ဆိုလိုချက် (အာဘော်)ကို နားလည်သွားမြဲ ဖြစ်ပါတယ်။ ဇာတ်လမ်းဖန်တီးပုံဆိုတာ ဇာတ်လမ်းဖြစ်ရပ်ကို သူ့ဘက်ကိုယ့်ဘက် အားပြိုင်မှုများ ဖန်တီးခြင်း၊ ဖြစ်ရပ်ကို ကြောင်းကျိုးဆက်စပ်ပြခြင်း၊ မြှုပ်ကွက်တွေကို ပြန်ဖော်ခြင်း၊ နောက်ပိုင်းဖြစ်ရပ်ကို ရှေ့ပိုင်းမှာ ကြိုတင်အရိပ်နိမိတ်ပြခြင်းစတဲ့ ဖန်တီးမှုအတတ်ပညာတွေနဲ့ ဇာတ်လမ်းဖန်တီးတာကို ဆိုလိုတာ ဖြစ်တယ်။

ဇာတ်ဆောင်ဖန်တီးပုံဆိုတာက ဇာတ်လမ်းမှာပါဝင်ရတဲ့ ဇာတ်ဆောင်တွေကို အသက်ဝင်လာအောင်၊ စရိုက်သဘာဝ ထင်ရှားလာအောင် ဖန်တီးရေးဖွဲ့တာကို ဆိုလိုခြင်းဖြစ်တယ်။ ဇာတ်ဆောင်ဖန်တီးရာမှာ ဇာတ်ဆောင်တွေရဲ့ ပုံပန်းသွင်ပြင်၊ အပြုအမူ၊ အပြောအဆို၊ ဇာတ်ဆောင်အချင်းချင်း ပြောဆိုပြုမူပုံတို့နဲ့ ဖန်တီးလေ့ရှိကြတယ်။ ဇာတ်ဆောင်တို့ရဲ့ ကံသုံးပါးအမူအရာလို့ ဆိုအပ်တဲ့ ကိုယ်နှုတ်နှလုံးအမူအရာတို့နဲ့ ဇာတ်ဆောင်တို့ရဲ့ စိတ်နေသဘောထား၊ စရိုက်သဘာဝ စတာတွေကို ပေါ်လွင်အောင်ရေးဖွဲ့လေ့ရှိကြတယ်။

နောက်ခံဖန်တီးပုံဆိုတာကတော့ ဇာတ်လမ်းဖြစ်ပျက်ရာ နောက်ခံအကြောင်းအရာတွေကို ဖန်တီးရေးဖွဲ့ခြင်းဖြစ်တယ်။ ဇာတ်လမ်းအဖြစ်အပျက်ရဲ့ နောက်ခံအကြောင်းအရာတွေကတော့ ခေတ်နောက်ခံ ဒါမှမဟုတ် အချိန်ကာလနောက်ခံ၊ ဒေသနောက်ခံတွေဖြစ်ပြီး ဒီနောက်ခံ အကြောင်းအချက်တွေကို စာရေးသူက ဝတ္ထုတိုရဲ့ ခေတ်အခြေအနေ၊ လူမှုဝန်းကျင်အခြေအနေတို့နဲ့ ထင်ဟပ်ပြီး ဖန်တီးရေးဖွဲ့လေ့ရှိပါတယ်။

ဝတ္ထုတိုရဲ့ အရေးအဖွဲ့ပိုင်းကို လေ့လာရာမှာတော့ စာရေးသူရဲ့ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံတို့ပေါ်အောင် စကားသုံးနှုန်းပုံ၊ ဝါကျဖွဲ့ပုံ၊ အလင်္ကာ၊ အဆင်တန်ဆာသုံးပုံတို့ကို လေ့လာရမှာ ဖြစ်ပါတယ်။ ဝတ္ထုတိုကပေးတဲ့ ရသနဲ့အသိအမြင်ဆိုတာကတော့ ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်ပြီးတဲ့နောက် စာဖတ်သူစိတ်ထဲ ဘယ်လိုနှစ်သက်မှုမျိုးခံစားရပြီး ဘယ်လိုသင်ခန်းစာ၊ ဘယ်လို ဘဝအသိအမြင်မျိုး ရတယ်ဆိုတာကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဝတ္ထုတိုလေ့လာသူတစ်ယောက်အနေနဲ့ ဒီအချက်ကိုလည်း အလေးထားလေ့လာရမှာဖြစ်တယ်။

သာဓကအနေနဲ့ အမျိုးသားပညာဝန်ဦးဖိုးကျားရဲ့ ကိုယ်တွေ့ဝတ္ထုတိုတစ်ပုဒ်ဖြစ်တဲ့ မောင်ဘစီဝတ္ထုတိုကို လေ့လာပြပါမယ်။ ဒီဝတ္ထုတိုကို လေ့လာတဲ့အခါ အပြစ်ကင်းတဲ့ အလုပ်မှန်သမျှ ဂုဏ်ရှိကြောင်း၊ ကိုယ့်အားကိုယ်ကိုး အလုပ်လုပ်ရင်း ဆက်လက်ပညာသင်တဲ့အတွက် ဘဝအခြေအနေ တိုးတက်ကြီးပွားသွားကြောင်းဆိုတဲ့ စာရေးသူရဲ့အာဘော်ကို တွေ့နိုင်တယ်။ ဒီအာဘော်ကို ပေါ်လွင်စေဖို့အတွက် လူငယ်တစ်ယောက်ရဲ့ခံယူချက်နဲ့ ကြိုးစားအားထုတ်မှုကို ဇာတ်လမ်းဆင်ဖန်တီးထားတယ်။

ဇာတ်လမ်းပါ အဓိကဇာတ်ဆောင်ဖြစ်တဲ့ မောင်ဘစီရဲ့ရိုးသားတဲ့စိတ်ထား၊ ကြိုးစားတဲ့စရိုက်ကို ပေါ်လွင်အောင် သရုပ်ဖော်ရေးဖွဲ့ပြီး ဇာတ်ဆောင်ကို ဖန်တီးထားတယ်။ ပုသိမ် တလိုင်းချောင်းအရပ်နဲ့ ပုသိမ်မြို့အမျိုးသားကျောင်းဟာ ဒီဇာတ်လမ်းရဲ့ နောက်ခံဒေသဖြစ်တယ်။ စာရေးသူ ဦးဖိုးကျား အမျိုးသားပညာဝန်အဖြစ် အမှုထမ်းဆောင်နေစဉ် ၁၉၂၀ ခုနှစ် ဝန်းကျင်ကာလ မှာရေးတဲ့ ဝတ္ထုဖြစ်တဲ့အတွက် ဒီဝတ္ထုရဲ့ကာလနောက်ခံအဖြစ် သတ်မှတ်ရမယ်။

ဒီဝတ္ထုတိုရဲ့ အရေးအဖွဲ့ပိုင်းကို လေ့လာရာမှာတော့ ဇာတ်ဆောင် အချင်းချင်း အပြန်အလှန်ပြောစကားတွေ၊ လွယ်ကူရှင်းလင်းတဲ့ စကားသုံး တွေ၊ ဖျတ်လတ်သွက်လက်တဲ့ ရေးဟန်တွေ ပေါ်လွင်ထိမိတဲ့စကားလုံးတွေနဲ့ ရေးဖွဲ့ထားပုံတွေကို ဖော်ထုတ်လေ့လာရမှာ ဖြစ်ပါတယ်။

ရသနဲ့အသိအမြင်ပိုင်းမှာတော့ ရိုးသားကြိုးစားတဲ့ လူငယ်တစ်ဦးရဲ့ ခံယူချက်နဲ့စိတ်ဓာတ်ကို နှစ်သက်ကျေနပ်စေတဲ့ သန္တာရသ ခံစားစေနိုင်ပြီး ရိုးသားတဲ့အလုပ်ဟူသမျှ ဂုဏ်ရှိကြောင်း၊ ကြိုးစားလုပ်ကိုင်လျှင် အောင်မြင်နိုင်ကြောင်း စတဲ့ အသိအမြင်တွေရရှိကြောင်း လေ့လာဖော်ထုတ်ရမှာ ဖြစ်တယ်။

စိတ်ကြိုက်မြန်မာစာဘာသာရပ် မေးခွန်း ၁(ခ)ကတော့ မြန်မာပြဇာတ် မေးခွန်း ဖြစ်ပါတယ်။ ပြဇာတ်(၃)ပုဒ်သာ ပြဋ္ဌာန်းထားတဲ့အတွက် ဒီပြဇာတ်(၃)ပုဒ်ကိုပဲ ရှုထောင့်အမျိုးမျိုးနဲ့ မေးမှာဖြစ်ပါတယ်။ ပြဇာတ်ဆိုတာ ကပြသရုပ်ဆောင်နိုင်အောင် ရေးဖွဲ့တဲ့စာပေမျိုး ဖြစ်တယ်။ ပြဇာတ်တစ်ပုဒ်ကို လေ့လာတဲ့အခါမှာလည်း ဝတ္ထုတို လေ့လာတုန်းကလိုပဲ ပြဇာတ်ရဲ့အာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ နောက်ခံနဲ့ ပြဇာတ်အရေးအဖွဲ့တို့ကို လေ့လာရမှာဖြစ်တယ်။ ပြဇာတ်အာဘော်ဆိုတာ ပြဇာတ်ဆရာရဲ့ ဆိုလိုချက်ဖြစ်တယ်။ ပြဇာတ်ဇာတ်လမ်းကို ဇာတ်ဆောင်ပြောစကားတွေနဲ့ ဖန်တီးရတယ်။ ဒီအချက်တွေနဲ့ ပြဇာတ်ကို ချိန်ထိုးလေ့လာကြရမယ်။

သာဓကအနေနဲ့ အာဇာနည်မိခင်ပြဇာတ်ကို တင်ပြပါမယ်။ ဒီပြဇာတ်ရဲ့ အာဘော်ကတော့ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ အသက်ပေးသွားတဲ့ အာဇာနည်သားကောင်းရဲ့မိခင်ဖြစ်ရတာ ဂုဏ်ယူတဲ့ အာဇာနည်မိခင်တစ်ဦးရဲ့ စိတ်ဓာတ်ကို ဖော်ပြလိုတဲ့ စာရေးသူရဲ့အာဘော်ကို တွေ့ရမယ်။ ဂျပန်ခေတ်မှာ ဖက်ဆစ်တော်လှန်ရေးအတွက် အရှိန်ယူနေခိုက် တော်လှန်ရေးကို လမ်းခင်းပေးတဲ့ ပြဇာတ်တစ်ပုဒ်ဖြစ်တယ်။ ဇာတ်ဆောင်တို့ရဲ့ ပြောစကားတွေကမှ ဇာတ်ဆောင်စရိုက်၊ နောက်ခံဝန်းကျင်နဲ့ ပြဇာတ်ပါ အရေးအဖွဲ့တို့ကို လည်း လေ့လာဖော်ထုတ်ရမှာ ဖြစ်တယ်။ ဇာတ်ဆောင်တို့ရဲ့ ပြောစကားနဲ့ ဇာတ်ဆောင်စရိုက်ကိုလည်း ဖန်တီးရတယ်။

ပြဇာတ်ဆရာရဲ့ ဇာတ်ညွှန်းစကားတွေနဲ့ နောက်ခံကာလဒေသကို ဖော်ထုတ်ရတယ်။ အရေးအဖွဲ့မှာတော့ ပြဇာတ်ဆရာရဲ့ အမြင်မတော်၊ အကြားမတော်တဲ့ ကိစ္စရပ်တွေကို ထေ့သံ၊ သရော်သံတွေနဲ့ ဟာသမြောက်အောင် ရေးဖွဲ့လေ့ရှိတယ်။ အရေးအကြီးဆုံးအချက်ကတော့ မေးခွန်းကို အသေအချာဖတ်ပြီး မေးခွန်းနဲ့ အံဝင်ခွင်ကျဖြေတတ်ဖို့ အလွန်အရေးကြီးပါတယ်။

မေးခွန်း(၂)ကတော့ သံဝရပျို့မေးခွန်းဖြစ်တယ်။ သံဝရပျို့ကို အင်းဝခေတ်မှာ စာဆို ရှင်မဟာရဋ္ဌသာရက ဖွဲ့ဆိုခဲ့တယ်။ ၅၅၀ နိပါတ်တော်မှာ ပါရှိတဲ့ သံဝရဇာတ်တော်ကို ရေးဖွဲ့ထားခြင်း ဖြစ်ပါတယ်။ မူရင်းပျို့စာမှာ စာကိုယ်ပိုဒ်ရေ ၁၈၉ ပိုဒ်၊ နိဂုံးပိုဒ်ရေ ၄ ပိုဒ် စုစုပေါင်း ၁၉၃ ပိုဒ် ပါရှိပေမယ့် ကျောင်းသားများအတွက် အပိုဒ် ၁မှ ၇၁ ထိကိုပဲ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။

ဒီပျို့ကိုရေးချိန်မှာ ဆရာတော်ဟာ အသက်(၆၀)ဝန်းကျင်ကို ရောက်နေပြီ ဖြစ်တယ်။ စာပေအသိအမြင်နဲ့ ဘဝအတွေ့အကြုံ စုံလင်နေပြီလည်း ဖြစ်တယ်။ ဒါကြောင့်မို့ ဒီပျို့ကို ရေးတဲ့အခါမှာ စာဖတ်သူ အလိမ္မာတိုးစရာ အကြောင်းအရာတွေ များစွာပါဝင်လာပါတယ်။ အကြောင်းအရာ အနှစ်သာရ အလွန်ထူးခြားတဲ့ ပျို့တစ်စောင်ဖြစ်ပါတယ်။ သံဝရပျို့ကို လေ့လာတဲ့အခါမှာလည်း ပျို့နိဒါန်းမှာပါရှိတဲ့ ပျို့လေ့လာနည်းများကို လက်စွဲပြုပြီးတော့ လေ့လာရမှာ ဖြစ်ပါတယ်။ ပျို့ကိုလေ့လာရာမှာ အကြောင်းအရာ၊ အရေးအဖွဲ့၊ အသုံးအနှုန်းဆိုပြီး ကဏ္ဍသုံးခုခွဲပြီး လေ့လာသင့်ပါတယ်။

သံဝရပျို့လာအကြောင်းအရာတွေကို နိဒါန်းမှာ ခွဲပြထားပါတယ်။ အကြောင်းအရာ လေ့လာရာမှာ ပထမအဆင့်အနေနဲ့ အခန်းအလိုက်ပါဝင်တဲ့ အကြောင်းအရာတွေကို ကဏ္ဍခွဲပြီး လေ့လာသင့်ပါတယ်။ အကြောင်းအရာတွေကို ကဏ္ဍခွဲကြည့်မယ်ဆိုရင်-

(၁) မြတ်စွာဘုရား ဟောရခြင်းအကြောင်း (၂) ခမည်းတော်နှင့် သံဝရမင်းသား ပြောဆိုခန်း (၃)အမတ်ကြီးနှင့်တိုင်ပင်ခန်းများ (ဒီနေရာမှာ အမတ်ကြီးနှင့်တိုင်ပင်ခန်း ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် ဆိုပြီးတော့ သုံးကြိမ်ရှိပါတယ်။ သုံးကြိမ်လုံးကို လေ့လာရမှာ ဖြစ်ပါတယ်။) (၄) အမတ်များက နန်းလျှာထားရန်တောင်းပန်ခန်း (၅) သံဝရမင်းသား ထီးနန်းရခန်းဆိုပြီးတော့ ခွဲခြားနိုင်မှာ ဖြစ်ပါတယ်။

သံဝရပျို့ကို အခန်းလိုက်သာမက ဇာတ်ဆောင်တစ်ဦးချင်းအလိုက်လည်း လေ့လာရပါမယ်။ ဇာတ်ဆောင်တွေရဲ့စရိုက်ကို လေ့လာတဲ့အခါမှာ သူတို့ရဲ့ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံ၊ အရည်အသွေးတွေကို လေ့လာဖို့ လိုပါတယ်။ ဒီပျို့မှာ အဓိကဇာတ်ဆောင်သုံးဦးကို တွေ့ရပါမယ်။ ဗြဟ္မဒတ်မင်းကြီး၊ အမတ်ကြီးနဲ့ သံဝရမင်းသားတို့ ဖြစ်ပါတယ်။ ဒီဇာတ်ဆောင်သုံးဦးရဲ့ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံနဲ့ အရည်အသွေးတွေကို မိမိရဲ့ အရေးအသားနဲ့ ပြန်ရေးနိုင်အောင် လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

အဲဒါတွေအပြင် ပျို့မှာပါရှိတဲ့ ဥပမာအလင်္ကာအဖွဲ့တွေ၊ ရူပကအလင်္ကာ အဖွဲ့တွေ၊ အနက်အဓိပ္ပာယ်ပြည့်ဝပြီး အဖွဲ့အစပ်ပြေပြစ်လှပတဲ့အဖွဲ့ကောင်းတွေ၊ စကားပုံတွေ၊ ဆိုရိုးစကားတွေ စတာတွေရဲ့ အဓိပ္ပာယ်တွေကိုလည်း အသေးစိတ်ရှင်းပြတတ်ရပါမယ်။ ပြေပြေပြစ်ပြစ် ပြန်ရေးပြတတ်ရပါမယ်။ သာဓကပြရမယ်ဆိုရင်-

"ရွှေစက်နှစ်ပါး၊ ဖဝါးတော်အောက်၊ ကြာပင်ပေါက်သို့၊ လက်မြှောက်ဦးတင်၊ မြဲလှချင် "ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။

သံဝရမင်းသားရဲ့ ခမည်းတော်မင်းကြီးဟာ သားတော်ကြီးများနည်းတူ ဇနပုဒ်ပေးရန် သံဝရမင်းသားအား ပြောကြားတဲ့အခါမှာ သံဝရမင်းသားက "ခမည်းတော်မင်းကြီး၏ ရွှေစက်ဖဝါးစုံအောက်၌ မိမိ၏လက်ကို ကြာဖူးကြာငုံ သဖွယ် လက်အုပ်ချီကာ နမ္ဗုးပေါ်လက်တင် ရှိခိုးဦးတင်လျက် ဖခင်အပါးမှာ အမြဲထာဝရပြုစုခွင့်ပြုပါရန် နားတော်လျှောက်ကြောင်း ဖော်ပြဖို့ ဖြစ်ပါတယ်။

"ပျားလူးမြက်ကို၊ နေ့ရက်ရှည်လျား၊ စားစများသော်၊ ကပ်လှာယဉ်လွယ်၊ သမင်နှယ်" ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေကြည့်ပါမယ်။

ပျားရည်လူးတဲ့မြက်ကို နေ့စဉ်ရက်ဆက် စားရပါများတဲ့အခါ ယဉ်ကျေးလာတဲ့သမင်ဟာ လူအနားကို အလွယ်တကူ ကပ်လာတယ်လို့ ဆိုလိုပါတယ်။ ဒီနေရာမှာ ဘယ်လိုသမင်မျိုးဆိုတာကို ဖော်ပြဖို့ လိုပါတယ်။ ဝါတာမိဂဆိုတဲ့ လေကဲ့သို့လျင်မြန်တဲ့သမင်ဟာ လူမြင်လို့ရှိရင် တောထဲမှာ ခုနှစ်ရက် ပုန်းနေလေ့ရှိပါတယ်။ အဲဒီလို ဝါတာမိဂသမင်မျိုးဟာ ပျားရည်လူးတဲ့မြက်ကို စားရဖန်များလာတဲ့အခါမှာ ယဉ်ပါးပြီးနောက် လူအနားကိုကပ်လာတယ်လို့ ဆိုချင်ကြောင်း အပြည့်အစုံပြောရပါမယ်။

"ထုတ်ချင်းယဉ်ကြား၊ လွန်းလျှင်သွားသို့" ဆိုတဲ့ ဥပမာအလင်္ကာဆိုရင် လည်း ယဉ်ကြား ဆိုတာဟာ ရက်ကန်းစင်က ယဉ်သွားများကို ဆိုလိုကြောင်း ပေါ်လွင်အောင် ရေးရပါမယ်။

ယဉ်သွားများမှာ လွန်းဟာ ထုတ်ချင်းပေါက်ပြီး အလွယ်တကူသွားသလိုပါပဲ ဆိုတဲ့ အဓိပ္ပာယ်ကိုပေါ်အောင် ဖြေရပါမယ်။

ဆက်လက်ပြီး သံဝရပျို့စာသားများကနေ ဆိုရိုးစကားဖြစ်လာတဲ့ အဖွဲ့အနွဲ့တွေအကြောင်းကို ရှင်းလင်းဆွေးနွေးပါမယ်။ ရှင်မဟာရဋ္ဌသာရရဲ့ ပျို့များမှာ ဆိုရိုးစကားများ၊ စကားပုံများ အလွန်ပါပါတယ်။ ပျို့စာသားများ သည်ပင်လျှင် နောင်အခါ ဆိုရိုးများ၊ စကားပုံများ ဖြစ်သွားတာကို တွေ့ရပါတယ်။ ဒီသံဝရပျို့မှာ "တစ်ယောက်ချမ်းသာ၊ ကိုယ့်ဖို့ရှာ၍၊ သတ္တဝါအပေါင်းဆင်းရဲကြောင်း" ဆိုတဲ့ ဆိုရိုးစကားလေးကို တွေ့ရပါမယ်။ ဒီနေ့ခေတ်မှာ အလွန်သုံးလေ့ရှိတဲ့ ဆိုရိုးဖြစ်ပါတယ်။ ကိုယ်တစ်ယောက် ချမ်းသာဖို့အတွက် အများဆင်းရဲရတယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ အဲ့ဒီလိုပဲ အနှစ်သာရမရှိတဲ့ လူ့ဘဝကို ရှင်မဟာရဋ္ဌသာရက "ကြက်ဥသံချောင်" လို့ ပြောပါတယ်။ ဒီစကားကလည်း ဆိုရိုးအဖြစ်နဲ့ ယခုတိုင် သုံးစွဲကြပါတယ်။ အဆန်ချောင်တဲ့ ကြက်ဥဆိုတဲ့အနေနဲ့ တင်စားပြီး သုံးစွဲခြင်းဖြစ်ပါတယ်။

ဒီလိုပဲ "ငယ်ကတည်းက၊ မဆုံးမသော်၊ မိဘတလည်၊ ရန်သူမည်" ဆိုတဲ့ အဖွဲ့ကိုလည်း တွေ့ရပါမယ်။ အဲဒီအဖွဲ့ကလည်း ဆိုရိုးစကားအဖြစ်နဲ့ မြန်မာလူမှုနယ်ပယ်မှာ တွင်ကျယ်နေပါတယ်။ မိဘဆိုတာ သားသမီးကို ငယ်စဉ်ကတည်းက ဆုံးမပဲ့ပြင်ခဲ့ရမယ်။ ငယ်ငယ်ကတည်းက မဆုံးမ မသွန်သင်ခဲ့ဘူးဆိုရင် ဒီမိဘသည် ရန်သူနှင့်တူသော မိဘဖြစ်တယ်လို့ ဆိုလိုပါတယ်။

အဲဒီဆိုရိုးစကားတွေကို ရှင်းရှင်းလင်းလင်း သိရှိနားလည်ပြီးတော့ ပြန်လည်ရေးသားတတ်ရမှာ ဖြစ်ပါတယ်။ သံဝရပျို့မှာ အလင်္ကာများ၊ ဆိုရိုးများသာမက အလွန်နှစ်သက် စွဲမက်ဖွယ်ကောင်းတဲ့ အဖွဲ့ကောင်းများကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

ငါးတွေဟာ သူတို့ဘာသာဘာဝအလိုက် တံငါက ကွန်ကို ကြိပါဖြန့်ပါမှ ဝင်လာတတ်ကြပါတယ်။ တံငါသည်က ကွန်ကို မကြဲမဖြန့်ဘဲ ကိုင်ဆုပ်ထားရင် ငါးတွေက ဝင်မလာတတ်ပါဘူး။ အဲဒီလိုပဲ လူတွေကို လက်ဆောင်ပစ္စည်းပေးခြင်းဖြင့် လူတွေရဲ့ချစ်ခြင်းမေတ္တာ၊ လူတွေရဲ့ခင်မင်မှု အဲဒါတွေကို အလွယ်တကူ ရရှိနိုင်မယ်။ ဒီသဘောသဘာဝတွေကို ဆရာတော်ရှင်မဟာရဋ္ဌသာရက "ငါးတို့ဘာသာ၊ တံငါကွန်စွန့်၊ ပစ်ကြဖြန့်မှ၊ ဝင်လာကြ၏၊ ကွန်ကိုတံငါ၊ ကိုင်ဆုပ်ဌာလျှင်၊ တီမှာ ငါးများ၊ ဝင်လာငြားအံ့"။ "သစ်သီးသစ်ပွင့်၊ လက်ဆောင်ဖြစ်လျှင်၊ ချစ်ခွင့်လွယ်ကူ၊ မြို့လုံးချ" စသည်ဖြင့် ရေးဖွဲ့ထားလို့ ဒီအဖွဲ့ကောင်းတွေကို ထုတ်နုတ်ပြီးတော့ လေ့လာကျက်မှတ်ထားဖို့၊ ပြေပြေပြစ်ပြစ် ချောချောမွေ့မွေ့ စကားပြေနဲ့ ပြန်လည်ပြီး ရေးသားနိုင်ဖို့ ကျင့်ထားရမှာ ဖြစ်ပါတယ်။

နောက်လေ့လာရမယ့် အချက်တစ်ချက်ကတော့ ပျို့လာအသုံးအနှုန်းစကားလုံးများ ဖြစ်ပါတယ်။ သံဝရပျို့ဟာ အင်းဝခေတ်မှာပေါ်ထွန်းခဲ့တဲ့ ပျို့ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အင်းဝခေတ်သုံး စကားလုံးများကို တွေ့ရပါတယ်။ တစ်နည်းအားဖြင့် ရှေးသုံးစကားလုံးများ ပါဝင်နေတာကို တွေ့ရပါတယ်။ အလွန်စိတ်ဝင်စားစရာ ကောင်းပါတယ်။

"မျက်ချစ်"၊ "မရွှံ့မရှာ" "ဆိတ်ညံ" "ပြယာယ်" "ခိုင်းပယ်" ဆိုပြီးတော့ ဒီစကားလုံး ငါးလုံးကို သာဓကအနေနဲ့ ပြပါမယ်။ ဒီစကားလုံးတွေရဲ့ အဓိပ္ပာယ်ကို သိဖို့လိုပါတယ်။ "မျက်ချစ်" ဆိုရင် နှစ်သက်မြတ်နိုးသည်၊ မေတ္တာရှိသည်။ "မရွှံ့မရှာ" ရဲ့ အဓိပ္ပာယ်ကတော့ မကြောက်မလန့် ဖြစ်တယ်။ "ဆိတ်ညံ" ဆိုတာဟာ တိတ်ဆိတ်တာကို ဆိုလိုတယ်။ "ပြယာယ်"ဆိုတာဟာ သွယ်ဝိုက်ပြောဆိုခြင်း ဖြစ်တယ်။ "ခိုင်းပယ်" ဆိုတာ စေခိုင်းတယ်ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်ပါတယ်။ အဲဒီအသုံးအနှုန်းတွေရဲ့ အနက်အဓိပ္ပာယ်တွေကို သိရှိနားလည်ထားဖို့ လိုအပ်ပါတယ်။

အခု သံဝရပျို့ရဲ့ မေးခွန်းပုံစံကို ရှင်းပြပါမယ်။ သံဝရပျို့ မေးခွန်းဖြစ်တဲ့ မေးခွန်း(၂)မှာ ပုဒ်ခွဲ(၂)ခု ပါဝင်ပါတယ်။ ၂(က)မှာ ပျို့စာကိုယ်လာ စာပိုဒ်တွေကို ရှင်းပြရမှာ ဖြစ်တယ်။ ၂(ခ) မှာတော့ ဇာတ်ဆောင်အလိုက် ဇာတ်ခန်းအလိုက် ပျို့တစ်စောင်လုံးအလိုက် အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ သုတရသ သင်ခန်းစာတွေကို မေးမှာဖြစ်တယ်။ ဗြဟ္မဒတ်မင်းကြီး၏ဂုဏ်ရည်၊ အနှစ်သက်ဆုံးအခန်း၊ ရသမြောက်အဖွဲ့များ၊

စာမျက်နှာ ၂ သို့ »»

»» စာမျက်နှာ ၁ မှ

ဖခင်နှင့်သားတို့၏ နှစ်လိုဖွယ်ဆက်ဆံရေး၊ ဆရာကောင်းတပည့် ပန်းကောင်းပန်သောသဘော စသည်ဖြင့် မေးနိုင်ပါတယ်။ ရှုထောင့်အထွေထွေက လေ့လာထားရင် ပျို့ကဗျာဖြေဆိုရတာဟာ အလွန်နှစ်သက်ကြည်နူးစရာ ဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ မြန်မာကဗျာဖွဲ့နည်းမေးခွန်း ဖြစ်ပါတယ်။ မြန်မာကဗျာဖွဲ့နည်းစာအုပ်ရဲ့ အမှာစာမှာ ဖော်ပြထားတဲ့ ကဗျာ၏သဘော၊ ကဗျာစပ်နည်းအမျိုးမျိုးနဲ့ ကဗျာစပ်နည်းရဲ့ အခြေခံလေးလုံးစပ်နည်း၊ သံပေါက်စပ်နည်း၊ အချိုးကဗျာများ စပ်နည်းတို့အကြောင်းနဲ့ လေ့လာသင်ကြားရန် လမ်းညွှန်ချက်များ စတာတွေကို သေသေချာချာ လေ့လာထားဖို့လိုပါမယ်။ ကဗျာဖွဲ့နည်းများမှာတော့-

ငွေးချိုး၊ ကြိုချိုး၊ လေးချိုး၊ သံချို၊ တျာချင်း၊ အိုင်ချင်း၊ လွမ်းချင်း၊ တေးထပ်ဆိုတဲ့ ကဗျာအမျိုးအစား (၈)မျိုးကို ဖော်ပြထားပါတယ်။ အဲဒီကဗျာ(၈)မျိုးရဲ့ ဖွဲ့နည်းကဗျာတွေကို ဖော်ပြရာမှာ သက်ဆိုင်ရာ ကဗျာ အမျိုးအစားရဲ့ အခေါ်အဝေါ် အဓိပ္ပာယ်တွေ၊ စပ်နည်းတွေ၊ ဖွဲ့စပ်တဲ့ သာဓကပုံစံတွေ၊ လေ့ကျင့်ခန်းတွေ ပြည့်ပြည့်စုံစုံ ဖော်ပြထားပါတယ်။ ကဗျာစပ်နည်းအမျိုးမျိုးထဲ ကမ္ဘထူးခြားတဲ့ ကာရန်ယူစနစ်တွေဖြစ်တဲ့ ပြန်ဂဟပ်ကာရန်၊ ခြသေ့လည်ပြန်ကာရန်၊ အခံကာရန်၊ အအုပ်ကာရန် အကြောင်းတွေ၊ ကဗျာဥာဏ် ကွန်မြူနိုင်ဖို့အတွက် ဇဝနဥာဏ်၊ လက်တန်းဥာဏ် စတဲ့ မြန်မာကဗျာဆိုင်ရာ သိမှတ်စရာတွေကို လေ့လာမှတ်သားရမှာ ဖြစ်ပါတယ်။ဒီဖော်ပြချက်တွေကို စေ့စေ့စပ်စပ် လေ့လာထားမယ်ဆိုရင် ကဗျာဖွဲ့နည်းကို အခက်အခဲမရှိ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

မေးခွန်း(၃) ပုဒ်ခွဲ(က)မှာ အဲဒီကဗျာဖွဲ့နည်းဆိုင်ရာတွေကို မှတ်စုရေးရမှာ ဖြစ်တယ်။ (၄)ခုပေးထားပြီး (၂)ခု ဖြေရပါမယ်။ မေးခွန်း(၃) ပုဒ်ခွဲ(ခ)ကတော့ လက်တွေ့ဖြေဆိုရတဲ့ ကဗျာမေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ပေးထားပြီး ဒီကဗျာရဲ့အမျိုးအမည်ကို ဖြေရမှာဖြစ်တယ်။ ပြီးတော့ ကာရန်စနစ်ကို သင်္ကေတနဲ့ ပြရမှာဖြစ်တယ်။

ကာရန်ယူပုံစနစ်ကို သင်္ကေတနဲ့ ရှင်းပြတဲ့အခါမှာ ကဗျာအမျိုးအစားနှင့် ကာရန်ယူပုံ သင်္ကေတကို ရှင်းပြပါမယ်။

စာသားကို မျဉ်းတို၊ ကာရန်ကို ခရေပွင့်၊ ကာရန်ကို အပေါင်းလက္ခဏာတို့နဲ့ သင်္ကေတပြုဖော်ပြမှာ ဖြစ်ပါတယ်။

- ➢ စာသား - -
- ➢ ပိုဒ်တွင်းကာရန် - *
- ➢ အချိုးသတ်ကာရန် - +

သာဓကအနေနဲ့ ဒွေးချိုးကဗျာတစ်ပုဒ်ရဲ့ ကာရန်ယူပုံကို လေ့လာတင်ပြပါမယ်။

" ချိုးနှစ်ကောင်
ထနောင်းပင်ညီနောင်က
လွမ်းအောင်ကူခွဲ။
ပန်းတော်ဖြူ
ပင်မြက်နေစာထူလှ
ဘိုးတောင်သူတဲ။

ဆိုတဲ့ကဗျာကို ပေးထားရင် ဒွေးချိုးကဗျာဖြစ်ကြောင်း ဦးစွာဖြေရပါမယ်။

"ကောင်" နဲ့ "နောင်"၊ "နောင်" နဲ့ "အောင်" တို့ဟာ ပထမပိုဒ်ရဲ့ ပိုဒ်တွင်းကာရန်တွေ ဖြစ်တာကြောင့် ခရေပွင့်ပြရမှာ ဖြစ်တယ်။ "ခွဲ" ကတော့ ပထမပိုဒ်ရဲ့ အခံပိုဒ်ဆုံးကာရန် (အချိုးသတ်ကာရန်) ဖြစ်တဲ့အတွက် အပေါင်းလက္ခဏာ သင်္ကေတနဲ့ပြရမှာ ဖြစ်ပါတယ်။

"ဖြူ" နဲ့ "ထူ"၊ "ထူ" နဲ့ "သူ" တွေကတော့ ဒုတိယပိုဒ်ရဲ့ ပိုဒ်တွင်းကာရန်တွေဖြစ်လို့ ခရေပွင့် ပြရပါမယ်။ "တဲ" ကတော့ အခံပိုဒ်ဆုံး ကာရန် (အချိုးသတ်ကာရန်) ဖြစ်တာကြောင့် အပေါင်းလက္ခဏာသင်္ကေတနဲ့ ပြရမှာ ဖြစ်ပါတယ်။

မေးခွန်း(၄) ကတော့ မြန်မာစာပေသမိုင်း ပြဋ္ဌာန်းစာတွေကို မေးပါမယ်။ စာပေသမိုင်းရဲ့ ခေတ်တွေထဲက ပုဂံခေတ်ကနေ ညောင်ရမ်းခေတ်အထိ နဝမတန်းမှာ လေ့လာသင်ယူပြီးဖြစ်လို့ တက္ကသိုလ်ဝင်တန်းမှာတော့ နောက်ပိုင်းနှစ်ခေတ်ဖြစ်တဲ့ ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ်စာပေသမိုင်းတွေကို ပြဋ္ဌာန်းထားပါတယ်။ စာပေသမိုင်းတစ်လျှောက်မှာ ခေတ်အလိုက် ခေတ်လိုအင်အရ ဦးတည်ချက်တွေ အလေးပေးပုံတွေ ပြောင်းလာပုံ၊ အကြောင်းအရာတွေ ကျယ်ပြန့်လာပုံ၊ စာဆိုတွေ စာပေပုံသဏ္ဌာန်တွေ တစ်စတစ်စ တိုးပွားလာပုံတွေကို လေ့လာထားရမှာ ဖြစ်ပါတယ်။

မြန်မာစာပေသမိုင်း စာမေးပွဲမေးခွန်းအနေနဲ့တော့ မေးခွန်း (၄)မှာ မေးပါတယ်။ မေးခွန်း(၄)(က) က မြန်မာစာပေသမိုင်း ဓမ္မမိဠာန်မေးခွန်းတွေ ဖြစ်ပြီး (၄)(ခ) မှာတော့ ဆွေးနွေးတင်ပြရတဲ့ ရှင်းလင်းဖြေဆိုရတဲ့ မေးခွန်းမျိုး မေးပါတယ်။ (၄)(က) မြန်မာစာပေသမိုင်း ဓမ္မမိဠာန် မေးခွန်းမှာ (၈)ခု မေးထားပြီး (၅)ခု ဖြေရပါမယ်။ ခေတ်နှစ်ခေတ်ရဲ့ စာပေဆိုင်ရာ အချက်အလက်တွေကို မေးပါမယ်။ ဓမ္မမိဠာန်မေးခွန်းဖြစ်တဲ့အတွက် တိုတိုနဲ့ တိတိကျကျ ဖြေရပါမယ်။ မြန်မာစာပေသမိုင်း ဓမ္မမိဠာန်မေးခွန်းတွေကို သာဓကအနေနဲ့ တင်ပြသွားပါမယ်။

ကုန်းဘောင်ခေတ်သည် မည်မျှကြာမြင့်သနည်း။

ဗုဒ္ဓဝင်ဝတ္ထုဟူသည် အဘယ်နည်း။

ဦးပုညစ၏ဝတ္ထုများကို နှစ်သက်ရခြင်းအကြောင်းအရင်းကိုဖော်ပြပါ။

လောကဗျူဟာကျမ်းရေးသူ၏အမည်ကိုဖော်ပြပါ။

ပထမဆုံးမြန်မာသတင်းစာ၏အမည်သည် အဘယ်နည်း။

အစရှိတဲ့ မေးခွန်းမျိုးတွေဖြစ်ပါတယ်။

ရွှေပြည်စိုးဝတ္ထု ရေးသူအမည်၊ကိုလိုနီခေတ် - စာပေလှုပ်ရှားမှုတစ်ခု၊ ဆရာဇော်ဂျီမြန်မာမှုပြုထားသော ပြဇာတ်အမည်၊ "ဓား" ဝတ္ထုကလုံ့ဆော်သော စိတ်ဓာတ်၊ စာပေသစ် - ကြွေးကြော်သံ စတဲ့ အချက်အလက်တွေကိုလည်း လေ့လာမှတ်သားထားရမှာ ဖြစ်ပါတယ်။

ဓမ္မမိဠာန်မေးခွန်းတွေ ဖြေတဲ့အခါမှာ အဖြေဟာ တိကျဖို့ အလွန်လိုအပ်ပါတယ်။ ကုန်းဘောင်ခေတ်သည် မည်မျှကြာမြင့်သနည်း - ဆိုတဲ့ ဓမ္မမိဠာန်မေးခွန်းဖြေရင် ကုန်းဘောင်ခေတ်သည် နှစ်ပေါင်း (၁၃၀)ကျော် ကြာမြင့်သည်လို့ ဖြေရမှာဖြစ်တယ်။ ဗုဒ္ဓဝင်ဝတ္ထုဟူသည် အဘယ်နည်း - လို့မေးထားရင် ဗုဒ္ဓဝင်ဝတ္ထုဟူသည် ဘုရားရှင်၏ နောက်ဆုံးဘဝ ဖြစ်တော်စဉ်ကို ရေးသားထားသော ဝတ္ထုဖြစ်သည်လို့ ဖြေရပါမယ်။ ဦးပုညစ၏ဝတ္ထုများကို နှစ်သက်ရခြင်းအကြောင်းရင်းကို ဖော်ပြပါ - ဆိုရင်တော့ ဦးပုညစ၏ဝတ္ထုများကို နှစ်သက်ရခြင်းအကြောင်းရင်းမှာ ပရိသတ်စိတ်ညွှတ်နူးဖွယ် ဖွဲ့နွဲ့ရေးသားထားသောကြောင့် ဖြစ်သည်လို့ ဖြေရပါမယ်။ လောကဗျူဟာကျမ်းရေးသူ၏ အမည်သည် အင်ရုံဝန်ကြီးဖြစ်သည်။ ပထမဆုံး မြန်မာသတင်းစာသည် ဓမ္မသတင်းစာဖြစ်သည် စသည်ဖြင့် အတိအကျ ပြည့်ပြည့်စုံစုံဖြေရပါမယ်။

ရွှေပြည်စိုးဝတ္ထုရေးသူ၏ အမည်ဆိုရင်တော့ ရွှေပြည်စိုးဝတ္ထုရေးသူ၏ အမည်မှာ ဦးလတ်ဖြစ်သည်။ ကိုလိုနီခေတ် စာပေလှုပ်ရှားမှုတစ်ခု၏ အမည်တစ်ခုကိုဖော်ပြပါဆိုရင် ဒီနေရာမှာ ကိုလိုနီခေတ်စာပေလှုပ်ရှားမှုမှာ ခေတ်စမ်းစာပေလည်းရှိခဲ့တယ်။ နဂါးနီစာပေလည်းရှိခဲ့တယ်။ အဲဒီအတွက်ကြောင့် ဒီလိုမေးခွန်းမျိုးမှာ တစ်ခုဖြေရင် လုံလောက်ပါတယ်။ ကိုလိုနီခေတ် စာပေလှုပ်ရှားမှုတစ်ခု၏အမည်တစ်ခုမှာ ခေတ်စမ်းစာပေလှုပ်ရှားမှုဖြစ်တယ်။ သို့တည်းမဟုတ် ကိုလိုနီခေတ် စာပေလှုပ်ရှားမှုတစ်ခု၏ အမည်တစ်ခုမှာ နဂါးနီစာပေလှုပ်ရှားမှု ဖြစ်တယ်ဆိုပြီးတော့ တစ်ခုဖြေရင် လုံလောက်ပါတယ်။ ဆရာဇော်ဂျီ မြန်မာမှုပြုထားသော ပြဇာတ်အမည်သည်အဘယ်နည်းလို့မေးရင် "မဟာဆန်ချင်သူပြဇာတ်" လို့ ဖြေရပါမယ်။ ဓားဝတ္ထုက လုံ့ဆော်သောစိတ်ဓာတ်ကို ရေးပါဆိုရင် "အမျိုးသားရေးစိတ်ဓာတ်လို့" ဖြေရပါမယ်။ စာပေသစ်ဟူသော ကြွေးကြော်ကာလတွင် ပေါ်ထွက်ခဲ့သော မဂ္ဂဇင်းသည် တာရာမဂ္ဂဇင်းဖြစ်သည် ဆိုပြီးတော့ ပြည့်ပြည့်စုံစုံဖြေရမှာ ဖြစ်ပါတယ်။ တိကျမှန်ကန်ရင် အမှတ်ပြည့်ရမယ့် မေးခွန်းတွေ ဖြစ်ပါတယ်။

မေးခွန်း(၄)(ခ)ကတော့ မြန်မာစာပေသမိုင်းနဲ့ပတ်သက်ပြီး ခြုံငုံဆွေးနွေးရတဲ့ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာလည်း ကုန်းဘောင်ခေတ်နဲ့ကိုလိုနီခေတ် အဲဒီခေတ်နှစ်ခေတ်က စာပေအခြေအနေတွေကို မေးမှာဖြစ်ပါတယ်။ သာဓကပြရမယ်ဆိုရင် "ကုန်းဘောင်ခေတ် မဟာဂီတ သီချင်းများအကြောင်းကို လေ့လာတင်ပြပါ။ (သို့မဟုတ်) "ကိုလိုနီခေတ် သမိုင်းနောက်ခံဝတ္ထုများ အကြောင်းကို ဆွေးနွေးပါ။" ဆိုတဲ့ မေးခွန်းမျိုးဖြစ်တယ်။ ဒီမေးခွန်းတွေကို ဖြေနိုင်ဖို့အတွက် ခေတ်နှစ်ခေတ်ရဲ့စာပေသမိုင်းကို ကဏ္ဍအလိုက် ဆစ်ပိုင်းကျက်မှတ်ထားဖို့ လိုပါတယ်။ ဖြေဆိုရာမှာလည်း ပြည့်ပြည့်စုံစုံ ပြေပြေပြစ်ပြစ် ရေးသားနိုင်ရပါမယ်။

စိတ်ကြိုက်မြန်မာစာဟာ မေးခွန်း(၄)ပုဒ်ပဲဖြေရပြီးတော့ ပြဋ္ဌာန်းစာ(၃)အုပ်က အမျိုးအစား(၄) မျိုးကို (၁)မျိုး (၁)ပုဒ်မေးမှာဖြစ်ပါတယ်။ မေးခွန်းတွေကို ချန်ပြီးခြွင်းပြီးဖြေရင် မအောင်နိုင်ပါဘူး။ အမျိုးအစား (၄)မျိုးကိုလည်း ချန်ပြီးခြွင်းပြီးကျက်လို့ မရပါဘူး။ (၄)မျိုးလုံးကို ကျေကျေညက်ညက် လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။ အဲဒီလို ကျေညက်နေမယ်ဆိုရင် စိတ်ကြိုက်မြန်မာစာ မေးခွန်းလွှာကို ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာ ဖြေဆိုကြမယ့်သူများအားလုံး တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ပျော်ရွှင်အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဒီကနေ့ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။ ။


## အထူးလှိုက်လဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆)ဖြင့် လူမှုထူးချွန်ဒုတိယဆင့် ဂီတစာဆို ဟင်္သာတမြင့်ငွေအား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့အဖြစ် အလင်္ကာကျော်စွာဘွဲ့ကို ထပ်ဆင့်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် "အလင်္ကာကျော်စွာ ဂီတစာဆို ဟင်္သာတမြင့်ငွေ၊ မိသားစု"နှင့်အတူ လှိုက်လှဲဝမ်းမြောက်ဂုဏ်ယူရပါကြောင်း။

ဥက္ကဋ္ဌ၊ CEOနှင့် မြဝတီဘောလုံးအသင်းများ

GOLDEN STAR ခရီးသွားလုပ်ငန်း
ဂျာမနီ နိုင်ငံထုတ် MAN အဆင့်မြင့် ကားများမြင့် ...
ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph: 703790, 09-861-9008
707962, 09-861-7770

သုံးရာသီ ဝမ္ပဒါန
ပန္ဓလေး၊ မေမြို့၊ စစ်ကိုင်း၊ ပုံရွာ
Jan - 29
Feb - 4, 11
420144148, 421163797

Travel Palace
FEB 11th,26th
Hotel တည်း Restaurant တွေ
01 577755, 09 253881795, 09 5150170

TRAVEL VILLAGE
No.345, 3rd Floor, Kyike Kasan Road, Tamwe Tsp., Ygn.
ရှေစက်တော်ဘုရားပူးခရီးစဉ် (၃ညဉ့်ရက်) Feb 11(80,000)
ပုဂံ(ရွယ်တော်လေးဆူ)–ပုပ္ပါး (၃ညဉ့်ရက်) Feb 11(110,000)/Feb19 (99,000)
ဘားအံ–ကျိုထော် ရေတံခွန် ဘုတ်ဈင်ခရီး (35,000)
Hot Line : 09 977601661, 09 450358734, 09 4501 40116

Aircon Express
ရှေဆိုးကြီး
ကျိုထော်ရေတံခွန်၊ လမ်းဘုရား၊ စိုးတယ်(၃)ရက် ခရီးစဉ်
(85000 Ks) Jan(29), Feb(11)
09-421073634, 09-777636630

## ပေါက်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းပွဲဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပေါက်မြို့နယ်ဖွား စာအောင်သံယာများနှင့် ၁၀-တန်း ဂုဏ်ထူးဖြင့် အောင်မြင်သူများ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် ပေါက်မြို့နယ်သူ/သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

စာအောင်သံယာတော်များနှင့် ၁၀-တန်းဂုဏ်ထူးဖြင့် အောင်မြင်သူများ ဖော်ပြပါ အသင်းဝင်လူကြီးမင်းများထံသို့ ဆက်သွယ်စာရင်းပေးပို့နိုင်ပါသည်။

| | | |
|---|---|---|
| ဒေါ်မြမြဟိန်း | ဥက္ကဋ္ဌ | ဖုန်း-၀၉၃၁၉၅၀၀၃ |
| ဦးဇော်ဝင်း | ဒုဥက္ကဋ္ဌ("ဟိန်း"သူဌေးမင်းအိမ်ခြံမြေ) | ဖုန်း-၀၉၅၀၁၅၁၃၃ |
| ဦးရဲထွန်း | အတွင်းရေးမှူး | ဖုန်း-၀၉၂၆၂၉၄၃၆ |
| ဦးအောင်နိုင်ဦး | ဘဏ္ဍာရေးမှူး | ဖုန်း-၀၉၄၅၅၀၀၆၅ |

"အစီအစဉ်"

| | | |
|---|---|---|
| နေ့ရက်။ | ။ | ၇-၂-၂၀၁၆ရက်(တနင်္ဂနွေ) |
| အချိန်။ | ။ | နံနက် ၉နာရီ |
| နေရာ။ | ။ | မူလကမ္ဘာအေးလေးကျောင်းတိုက်၊ ရွှေတိုဂုံဘုရားမြောက်ဘက် သွေးဆေးကန်အနီး။ |

အလုပ်အမှုဆောင်အဖွဲ့

WISE College
Strengthening English Skills for Youths (SESY)

# ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေပြဋ္ဌာန်း

**၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈ ။)**

**၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်**

**(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဆိုင်** ဆိုသည်မှာ ကုန်ပစ္စည်း သို့မဟုတ် ဝတ္ထုပစ္စည်းကို လက်ငင်းသော်လည်းကောင်း၊ အကြွေးသော်လည်းကောင်း၊ အရစ်ကျစနစ်ဖြင့်သော်လည်းကောင်း၊ လက်ကား သို့မဟုတ် လက်လီရောင်းချရန်အလို့ငှာ လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ အသုံးပြုသည့် နေရာတစ်ခုခုကိုဆိုသည်။ ယင်းစကားရပ်တွင် ဆံသလုပ်ငန်း၊ အလှပြုပြင်ခြင်းလုပ်ငန်း၊ ကိုယ်ခန္ဓာကျန်းမာရေးနှင့်အလှပြုပြင်ခြင်းလုပ်ငန်း၊ ပန်းတိမ်လုပ်ငန်း၊ ရေဒီယို၊ တီဗီ၊ တယ်လီဖုန်းပြင်လုပ်ငန်း၊ စာအုပ်ချုပ်လုပ်ငန်း၊ မိတ္တူကူးလုပ်ငန်း၊ ဓာတ်ပုံဆိုင်၊ အပေါင်ဆိုင်၊ ထုပ်ပိုးခွံချုပ်ဆိုင်၊ ပင်မင်းဆိုင်၊ ဖိနပ်ချုပ်ဆိုင်၊ အပ်ချုပ်ဆိုင်၊ စီးပွားရေးအလို့ငှာ လုပ်ကိုင်သည့် ကွန်ပျူတာနှင့် အီလက်ထရွန်နစ်စနစ်သုံးပစ္စည်း ကိရိယာများ ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းသည်လည်းကောင်း၊ ဝန်ကြီးဌာနက အမိန့် ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေနှင့်အကျုံးဝင်သည့် နေရာတစ်ခုခုသည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေး အလုပ်ဌာန၊ အလုပ်ရုံ သို့မဟုတ် စက်မှုလက်မှုအလုပ်ဌာနတို့မပါဝင်။

(ခ) **ကုန်သွယ်အလုပ်ဌာန** ဆိုသည်မှာ ကြော်ငြာလုပ်ငန်း၊ ကော်မရှင်လုပ်ငန်း၊ ကုန်စည်ပေးပို့ရေး ကိုယ်စားလှယ်လုပ်ငန်း၊ ကုန်သွယ်ရေးကိုယ်စားလှယ်လုပ်ငန်းများ ဆောင်ရွက်သည့် အလုပ်ဌာနတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် စက်မှုလက်မှု အလုပ်ဌာန သို့မဟုတ် ကုန်သွယ်လုပ်ငန်း၏ ရုံးလုပ်ငန်းဌာန၊ အာမခံကုမ္ပဏီ၊ ကုမ္ပဏီ၊ ပုဂ္ဂလိကဘဏ်၊ အကျိုးဆောင်လုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ ပုဂ္ဂလိက အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်း၊ ပုဂ္ဂလိကကျောင်း၊ ပုဂ္ဂလိက ဆေးရုံ၊ ပုဂ္ဂလိကဆေးခန်း၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းနှင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်း၊ ကျန်းမာရေးလေ့ကျင့်မှုအားကစားရုံ၊ မြို့ဝင်ကြေး၊ လမ်းအသုံးပြုခ၊ တံတားဖြတ်သန်းခကောက်ခံသည့် ဂိတ်များသည်လည်းကောင်း၊ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဤဥပဒေနှင့် အကျုံးဝင်သည့် ကုန်သွယ်အလုပ်ဌာနဟု သတ်မှတ်သည့် နေရာသည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ ဆိုင် သို့မဟုတ် အများပျော်ရွှင်ရေးအလုပ်ဌာန မပါဝင်။

(ဂ) **အများပျော်ရွှင်ရေးအလုပ်ဌာန** ဆိုသည်မှာ ရုပ်ရှင်ရုံ၊ ဇာတ်ရုံ၊ ကလပ်၊ ညေ့ခံဖျော်ဖြေပွဲများ ကျင်းပသည့်ခန်းမ၊ ဗီဒီယိုရုံ၊ ကာရာအိုကေရုံ၊ ကွန်ပျူတာနှင့် အီလက်ထရွန်နစ်စနစ် အသုံးပြုသည့် ကစားရုံများ၊ အပန်းဖြေကစားကွင်း၊ ပန်းခြံ၊ ဥယျာဉ်၊ ကလေးကစားကွင်းတို့ကို ဆိုသည်။

(ဃ) **စက်မှုလက်မှုအလုပ်ဌာန** ဆိုသည်မှာ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေနှင့် အကျုံးမဝင်သော စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းတစ်မျိုးမျိုးကို ဆိုသည်။

(င) **အလုပ်ဌာန** ဆိုသည်မှာ ကုန်သွယ်အလုပ်ဌာနနှင့် အများပျော်ရွှင်ရေးအလုပ်ဌာန၊ စက်မှုလက်မှုအလုပ်ဌာနအပြင် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေနှင့် အကျုံးဝင်သည့် အလုပ်ဌာနအဖြစ် ကြေညာထားသည့် အခြားအလုပ်ဌာနများကို ဆိုသည်။

(စ) **အလုပ်ရှင်** ဆိုသည်မှာ ဆိုင် သို့မဟုတ် အလုပ်ဌာနကို ပိုင်ဆိုင်သူ သို့မဟုတ် အုပ်ချုပ်သူ သို့မဟုတ် အဆိုပါ ဆိုင် သို့မဟုတ် အလုပ်ဌာနကို အရေးရပ်စီမံကြီးကြပ်ရာ၌ အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ် သို့မဟုတ် အလုပ်ရှင်ကွယ်လွန်ပါက ယင်း၏ အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင်လွှဲပြောင်းရရှိသူကိုဆိုသည်။

(ဆ) **မန်နေဂျာ**ဆိုသည်မှာ ဆိုင် သို့မဟုတ် အလုပ်ဌာနတွင် အလုပ်ရှင်ကိုယ်စား ဤဥပဒေပါ ကိစ္စအလို့ငှာ ဆုံးဖြတ်ဆောင်ရွက်ရန် အလုပ်ရှင်က တရားဝင်ခန့်ထား၍ စစ်ဆေးရေးအရာရှိထံသို့ နို့တစ်စာ ပေးပို့ထားသူကိုဆိုသည်။

(ဇ) **အလုပ်သမား** ဆိုသည်မှာ ဆိုင် သို့မဟုတ် အလုပ်ဌာနဖြစ်လျှင် ထိုလုပ်ငန်းနှင့် စပ်လျဉ်း၍ လုံးဝဖြစ်စေ၊ မူရင်းအားဖြင့်ဖြစ်စေ အလုပ်လုပ်သူကိုဆိုသည်။ ထို့အပြင် ထိုအလုပ်ဌာနတွင် စာရေး၊ စာပို့သူ၊ ငွေထိန်း၊ အစောင့်၊ လုံခြုံရေး၊ သန့်ရှင်းရေး၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ထမင်းချက်အဖြစ် အလုပ်လုပ်သူတို့လည်းပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ အလုပ်ရှင်သော်လည်းကောင်း အလုပ်ရှင်နှင့်အတူ နေထိုင်၍ အလုပ်ရှင်အပေါ်မှီခိုနေသည့် အလုပ်ရှင်၏ ခင်ပွန်း၊ ဇနီး၊ သား၊ သမီး၊ မိဘ၊ ညီအစ်ကို (အရင်း) သို့မဟုတ် မောင်နှမ (အရင်း)တို့ မပါဝင်ချေ။

(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဦးစီးဌာန** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနကို ဆိုသည်။

(ဋ) **စစ်ဆေးရေးအရာရှိချုပ်** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဌ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ပေးအပ်ထားသော စစ်ဆေးရေးအရာရှိ တစ်ဦးဦးကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆိုင်များနှင့် အလုပ်ဌာနများရှိ အလုပ်သမားများ၏ အလုပ်လုပ်ခိုန် သတ်မှတ်ရန်၊

(ခ) လုပ်ခမှုန်ကန်စွာရရှိရန်၊

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရန်၊

(ဃ) ကျန်းမာရေးအတွက် လိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ပေးရန်။

**အခန်း (၃)**

**စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၄။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် စစ်ဆေးရေးအရာရှိများကို ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ခန့်အပ်နိုင်သည်။

၅။ စစ်ဆေးရေးအရာရှိချုပ်သည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသော အောက်ပါလုပ်ပိုင်ခွင့်များအပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် စစ်ဆေးရေးအရာရှိ၏ လုပ်ပိုင်ခွင့်များကို သုံးစွဲဆောင်ရွက်နိုင်သည် -

(က) စစ်ဆေးရေး အရာရှိများအား နယ်မြေသတ်မှတ်တာဝန်ပေးနိုင်ခြင်း၊

(ခ) တစ်ရက်လျှင် ၂၄ နာရီ ဖွင့်လှစ်လုပ်ကိုင်ရန် လိုအပ်သည့် ဆိုင်၊ အလုပ်ဌာနနှင့် အများပျော်ရွှင်ရေးအလုပ်ဌာနများအား ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်သူ မည်သူကိုမဆို တရားစွဲဆိုရန် စစ်ဆေးရေးအရာရှိတစ်ဦးဦးအား တရားစွဲဆိုခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် တာဝန်ပေးအပ်ခြင်း။

၆။ စစ်ဆေးရေးအရာရှိ တစ်ဦးဦးသည်-

(က) မိမိအားခန့်ထားသည့် နယ်နိမိတ်အတွင်းရှိ ဆိုင်နှင့်အလုပ်ဌာနဖြစ်သည်ဟု ယုံကြည်ရန် အကြောင်းရှိသည့်နေရာသို့ ဤဥပဒေပါ ကိစ္စများအလို့ငှာ စစ်ဆေးရေးအရာရှိ သက်သေခံကတ်ပြားကို ပြသပြီး ဝင်ရောက်နိုင်သည်။ ညဉ့်အချိန် ထိုသို့ဝင်ရောက်ပါက သက်သေနှစ်ဦးနှင့်အတူ ဝင်ရောက်ရမည်။ ထိုနေရာရှိ မှတ်တမ်းများနှင့် စာရွက်စာတမ်း အထောက်အထားများ၊ အီလက်ထရွန်နစ်စနစ်သုံးမှတ်တမ်း၊ အကြောင်းကြားစာများကို ကြည့်ရှုစစ်ဆေးရမည့်အပြင် လုပ်ငန်းစဉ်များ၏ မှတ်တမ်းနှင့်စပ်လျဉ်း၍ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းများရယူခြင်း၊ ကူးယူခြင်းနှင့် အခြားလိုအပ်သော စစ်ဆေးမေးမြန်းခြင်းများကို ဆောင်ရွက်နိုင်သည်။

(ခ) ဤဥပဒေအရ အကျုံးဝင်သက်ဆိုင်သော ဆိုင်နှင့် အလုပ်ဌာန၏ မှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ သို့မဟုတ် ခေတ်မီနည်းပညာသုံး အခြားအထောက်အထားများကို လိုအပ်ပါက သက်သေနှစ်ဦးနှင့်အတူ ရှာဖွေပုံစံဖြင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းနိုင်သည်။

(ဂ) သို့ရာတွင် မည်သူ့ကိုမျှရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်စေနိုင်သည့် အဖြေကို ပေးရမည် ဟူ၍လည်းကောင်း၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်စေနိုင်သည့် သက်သေခံချက်ကို ထွက်ဆိုရမည်ဟူ၍လည်းကောင်း ဤပုဒ်မအရ တောင်းဆိုပိုင်ခွင့် မရှိစေရ။

**အခန်း (၄)**

**အလုပ်ချိန်ဆိုင်ရာ ပြဋ္ဌာန်းချက်များ**

၇။ အလုပ်ရှင်သည် -

(က) ဆိုင်နှင့် ကုန်သွယ်အလုပ်ဌာနများကို သာမန်အားဖြင့် ည ၁၁ နာရီ နှင့် နံနက်ငါးနာရီကြား ပိတ်ထားရမည်။ သို့ရာတွင် ည ၁၁ နာရီအချိန်တွင် ဆိုင်၌ဝယ်ယူရန် စောင့်ဆိုင်းနေသူအား သို့မဟုတ် ဝန်ဆောင်မှုရယူနေသူအား အဆိုပါအချိန်ကုန်လွန်ပြီးနောက် တစ်ဆက်တည်းဖြစ်သော မိနစ် ၃၀ ကာလ အပိုင်းအခြားအတွင်းတွင် ရောင်းချဝန်ဆောင်မှုပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်းမပြုရ။

၈။ အလုပ်ရှင်သည် -

(က) အများပျော်ရွှင်ရေး အလုပ်ဌာနပါ ဇာတ်ရုံ၊ ဖျော်ဖြေပွဲများနှင့် ဝင်ကြေးအခမဲ့ ဗလာပွဲများ ကျင်းပသည့် နေရာများမှလွဲ၍ ကျန်အများပျော်ရွှင်ရေးအလုပ်ဌာနများကို နံနက် တစ်နာရီမှ နံနက်ငါးနာရီကြား ပိတ်ထားရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်း မပြုရ။

၉။ အလုပ်ရှင်သည် -

(က) ပုဒ်မ ၁၁ ပါပြဋ္ဌာန်းချက်များမှအပ လုပ်ငန်းသဘာဝအရ တစ်ရက်လျှင် ၂၄ နာရီ ဖွင့်လှစ်ရန်လိုအပ်သည့်ဆိုင်၊ အလုပ်ဌာနနှင့် အများပျော်ရွှင်ရေး အလုပ်ဌာနများအတွက် ဦးစီးဌာနသို့ ကြိုတင်၍ ခွင့်ပြုချက်တောင်းခံရမည်။

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုချက်မရရှိဘဲ ၂၄ နာရီ ဖွင့်လှစ်ခြင်းမပြုရ။

၁၀။ အလုပ်ရှင်သည် အောက်ဖော်ပြပါ ဆိုင်၊ ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေးအလုပ်ဌာနများကို လုပ်ငန်းသဘာဝအရ တစ်ရက်လျှင် ၂၄ နာရီ ဖွင့်လှစ်လိုပါက ဦးစီးဌာနသို့ ကြိုတင်အသိပေးအကြောင်းကြား၍ လုပ်ကိုင်နိုင်သည် -

(က) လေဆိပ်၊ သင်္ဘောဆိပ်၊ အဝေးပြေးကားဂိတ်နှင့် ဘူတာရုံများရှိ ဆိုင်၊ လမ်းတံတား အသုံးပြုခကောက်ခံရေးစခန်း၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်းနှင့် ကလပ်များ၊

(ခ) ဆေးရုံ၊ ဆေးခန်း၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ရောင်းချသည့်ဆိုင်များ၊

(ဂ) ပြည်သူတို့အား လျှပ်စစ်ဓာတ်အား သို့မဟုတ် ဓာတ်ငွေ့ရည် သို့မဟုတ် ရေပေးဝေသောလုပ်ငန်း သို့မဟုတ် ဆက်သွယ်ရေးလုပ်ငန်းများနှင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ကင်းလွတ်ခွင့်ပြုသည့် အများပြည်သူအတွက် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုလုပ်ငန်း၊ ဆိုင်နှင့် အလုပ်ဌာန။

၁၁။ (က) ဆိုင် သို့မဟုတ် အလုပ်ဌာနခ၌ အလုပ်လုပ်သော အလုပ်သမား တစ်ဦးကို တစ်ရက်လျှင် ရှစ်နာရီထက်ပို၍လည်းကောင်း၊ ရက်သတ္တပတ်လျှင် ၄၈ နာရီထက်ပို၍လည်းကောင်း အလုပ်မလုပ်စေရ။ သို့ရာတွင် တစ်ရက်လျှင် ရှစ်နာရီထက်ပို၍ လည်းကောင်း၊ ရက်သတ္တပတ်လျှင် ၄၈ နာရီထက်ပို၍လည်းကောင်း အလုပ်သမား၏ သဘောဆန္ဒရယူ၍ ဥပဒေနှင့်အညီ အချိန်ပိုလုပ်ကိုင်နိုင်သည်။

(ခ) အချိန်ပိုလုပ်သော နာရီစုစုပေါင်းသည် မည်သည့် ရက်သတ္တပတ်၌ မဆို ၁၂ နာရီထက်မပိုစေရ။ သို့ရာတွင် အထူးကိစ္စရပ်အနေဖြင့် လိုအပ်ချက်ရှိပါက ရက်သတ္တပတ်၌ ၁၆ နာရီထက် မပိုစေရ။ ထို့ပြင် ညဉ့်သန်းခေါင် ၁၂ နာရီထက် ကျော်လွန်လုပ်ကိုင်ခြင်း မပြုရ။

၁၂။ (က) ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခုတွင် လုပ်ကိုင်သော အလုပ်သမားတစ်ဦးဦးကို မည်သည့်နေ့ရက်၌မဆို အနည်းဆုံး မိနစ် ၃၀ အနားမယေးဘဲ တစ်ဆက်တည်း လေးနာရီထက်ပို၍ အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ။ ထို့အပြင် နားချိန်နှင့်အလုပ်လုပ်ချိန်စုစုပေါင်းသည် ဆိုင်နှင့် ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေးအလုပ်ဌာနအတွက်ဖြစ်ပါက အချိန်ပိုနှင့် နားချိန်တစ်နာရီ အပါအဝင် တစ်ရက်လျှင် ၁၁ နာရီထက် မပို စေရ။

(ခ) အစောင့်၊ လုံခြုံရေးအဖြစ်ဖြင့် အလုပ်လုပ်သူတို့အတွက် ပုဒ်မခွဲ (က) ပါ အနားယူရန် အားလပ်ချိန်မပေးဘဲ နေနိုင်သည်။

၁၃။ (က) အသက် ၁၄ နှစ်မပြည့်သေးသော မည်သူ့ကိုမဆို ဆိုင်တစ်ခုခု၌ ဖြစ်စေ၊ အလုပ်ဌာန တစ်ခုခု၌ဖြစ်စေ အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ။

(ခ) ဆိုင်တစ်ခုခု၌ဖြစ်စေ၊ အလုပ်ဌာနတစ်ခုခု၌ဖြစ်စေ အသက် ၁၆ နှစ် မပြည့်သေးသူအား သတ်မှတ်အလုပ်ချိန်ထက်ကျော်လွန်၍ အချိန်ပိုလုပ်ခွင့် မပြုရ။

၁၄။ (က) အသက် ၁၄ နှစ် ပြည့်ပြီး အသက် ၁၆ နှစ် မပြည့်သေးသူများကို အလုပ်လုပ်ရန်သင့်တော်ကြောင်း လက်မှတ်ထုတ်ပေးခွင့်ရှိသည့် တာဝန်ခံဆရာဝန်၏ ခွင့်ပြုချက်ရယူ လုပ်ကိုင်စေနိုင်သည်။ သို့ရာတွင် တစ်ရက်လျှင် လေးနာရီထက်ပို၍ လုပ်ကိုင်ခွင့်မပြုရ။

(ခ) အသက် ၁၄နှစ်ပြည့်ပြီး အသက် ၁၆ နှစ် မပြည့်သေးသည့်မည်သူ့ကိုမျှ ညဉ့်ခြောက်နာရီမှ နံနက် ခြောက်နာရီအချိန်အတွင်း မခိုင်းစေရ သို့မဟုတ် အလုပ်လုပ်ခွင့်မပြုရ။

(ဂ) အသက် ၁၄ နှစ် ပြည့်ပြီး အသက် ၁၆ နှစ် မပြည့်သေးသည့်မည်သူ့ကိုမျှ ဆိုင် သို့မဟုတ် အလုပ်ဌာန တစ်ခုခုတွင် အလုပ်လုပ်ပြီးသောရက်၌ အခြားဆိုင် သို့မဟုတ် အလုပ်ဌာန တစ်ခုခု၌ ခိုင်းစေခြင်း မပြုရ သို့မဟုတ် အလုပ်လုပ်ခွင့် မပြုရ။

(ဃ )အသက် ၁၈ နှစ်မပြည့်သေးသော မည်သည့်အလုပ်သမားကိုမျှ အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားသော လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင်တွင် အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ။

(င) အသက် ၁၈ နှစ် မပြည့်သေးသော်လည်း အသက် ၁၆ နှစ်ပြည့်ပြီး သူများအနက်မှ သက်ဆိုင်ရာလုပ်ငန်းအလိုက် အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်အောင်မြင်ပြီးသူဖြစ်ခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို

**စာမျက်နှာ ၄ သို့**

**စာမျက်နှာ ၃ မှ**

နားလည်သိရှိ လိုက်နာနိုင်သူဖြစ်ခြင်း၊ ကျန်းမာကြံ့ခိုင်သူဖြစ်ခြင်း တို့နှင့် ပြည့်စုံသူများအား ဘေးအန္တရာယ်ကင်းရှင်းပြီး ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စိတ်ဓာတ်ကိုမထိခိုက်စေနိုင်သည့် လုပ်ငန်းများတွင် အလုပ်လုပ်ရန် သင့်တော်ကြောင်း တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်၏ထောက်ခံချက်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်။

၁၅။ အလုပ်ရှင်သည် -

(က) ဆိုင်နှင့် အလုပ်ဌာနအသီးသီး၌ ရက်သတ္တပတ်လျှင် အနည်းဆုံး တစ်ရက်ကို အလုပ်သမား နားရက်အဖြစ် သတ်မှတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) ပါ နားရက်တစ်ရက်အတွက် ထိုအလုပ်သမား၏ ရသင့်သောအခကြေးငွေကို ဖြတ်တောက်ခြင်းမပြုရ။

၁၆။ အလုပ်ရှင်သည် ဆိုင်နှင့် အလုပ်ဌာနအသီးသီး၌ အလုပ်သမား၏ အခကြေးငွေပေးရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် တစ်ဆက်တည်းဖြစ်သော ခုနစ်ရက်ထက် နောက်ကျ၍ ထုတ်ပေးခြင်းမပြုရ။

၁၇။ အလုပ်ရှင်သည် -

(က) ဆိုင် နှင့် အလုပ်ဌာနအသီးသီး၌ အလုပ်သမား၏ သဘောတူညီချက်အရ အချိန်ပို လုပ်ရလျှင် အချိန်ပိုနာရီအလိုက်သတ်မှတ်ချက်နှင့်အညီ အချိန်ပိုအခကြေးငွေကို တွက်ချက်ပေးချေရမည်။

(ခ) ပုဒ်မခွဲ (က) အရ အချိန်ပိုအခကြေးငွေကို တွက်ချက်ပေးချေခြင်းမပြုဘဲ အချိန်ပို ခိုင်းစေခြင်းမပြုရ။

**အခန်း (၅)**

**အလုပ်သမားများ၏ တာဝန်များ**

၁၈။ အလုပ်သမားသည် -

(က) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ချုပ်ဆိုသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ခ) ကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများကို မပျက်စီး၊ မပျောက်ပျက်၊ မလေလွင့်အောင် ထိန်းသိမ်းရမည်။

၁၉။ အလုပ်သမားသည် -

(က) မိမိလုပ်ကိုင်ရန် သတ်မှတ်ထားသည့် လုပ်ငန်းပမာဏကို ပြည့်မီစေရန်နှင့် တိုးတက်စေရန် ကာယ၊ ဉာဏစွမ်းအားရှိသမျှ စိုက်ထုတ်လုပ်ကိုင်ဆောင်ရွက်ရမည်။

(ခ) ရပိုင်ခွင့်များ၊ ခံစားပိုင်ခွင့်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ အလုပ်ရှင်ထံ ဥပဒေနှင့်အညီ စနစ်တကျ တင်ပြတောင်းဆိုရမည်။

**အခန်း (၆)**

**အလုပ်ရှင်၏ တာဝန်များ**

၂၀။ အလုပ်ရှင်သည် ဆိုင် သို့မဟုတ် အလုပ်ဌာန တစ်ခုခုကို စတင်ဖွင့်လှစ်ခြင်း၊ နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း၊ လုပ်ငန်းပြောင်းလဲလုပ်ကိုင်ခြင်း၊ လုပ်ငန်းတိုးချဲ့လုပ်ကိုင်ခြင်း၊ လုပ်ငန်းပိုင်ရှင်ပြောင်းလဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ ဝန်ထမ်းခန့်အပ်ခြင်းနှင့် အပြောင်းအလဲပြုလုပ်ခြင်းတို့ကို ပြုလုပ်သည့်နေ့ရက်မှစ၍ ၁၀ ရက်အတွင်း သတ်မှတ်ထားသောပုံစံဖြင့် စစ်ဆေးရေးအရာရှိထံ သက်ဆိုင်ရာဌာန၊ ကော်မတီအသီးသီးမှ ခွင့်ပြုထုတ်ပေးထားသော လိုင်စင်မိတ္တူနှင့်အတူ အကြောင်းကြားစာ ပေးပို့ရမည်။

၂၁။ အလုပ်ရှင်သည် ဤဥပဒေပါ ကိစ္စရပ်များအလို့ငှာ -

(က) ထားရှိရမည့် စာရွက်စာတမ်း၊ စာရင်းဇယား၊ စာချုပ်၊ သက်သေခံ အထောက်အထားများ၊ ပုံစံများ၊ နမူနာပစ္စည်းများကို စစ်ဆေးရေးအရာရှိက ကြည့်ရှုစစ်ဆေးနိုင်ရန်စီစဉ်ထားရှိရမည်။

(ခ) ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခု၌ ဤဥပဒေနှင့် ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ မိမိထားရှိသည့် မှတ်ပုံတင်စာအုပ်၊ အလုပ်ရှင်ဖြစ်ကြောင်း အထောက်အထား သို့မဟုတ် လုပ်ငန်းနှင့်သက်ဆိုင်သော စာချုပ်စာတမ်းများကို စစ်ဆေးရေးအရာရှိက တောင်းဆိုသည့်အခါ တင်ပြရမည်။

၂၂။ အလုပ်ရှင်သည် လုပ်ငန်းခွင်တွင် မြင်သာသောနေရာ၌ အလုပ်လုပ်ရန် ကာလအပိုင်းအခြား နှီတစ်စာကို ချိတ်ဆွဲထားရမည်။

၂၃။ အလုပ်ရှင်သည် အလုပ်သမားများ၏ ရပိုင်ခွင့်များ၊ ခံစားပိုင်ခွင့်များနှင့် စပ်လျဉ်း၍ အလုပ်သမားများကို အသိပေးထားရမည်။

**အခန်း(၇)**

**လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး**

၂၄။ အလုပ်ရှင်သည် ဆိုင် သို့မဟုတ် အလုပ်ဌာနတိုင်းတွင် အောက်ပါတို့ကို လိုက်နာရမည်-

(က) သန့်ရှင်းရေး၊ အနံ့အသက် ကင်းရှင်းစေရေး၊ ကျန်းမာရေးနှင့် ညီညွတ်ရေးတို့အတွက် ကောင်းမွန်စွာ စီမံထားရမည်။

(ခ) လေဝင်လေထွက် ကောင်းမွန်စေရန်နှင့် လုံလောက်သော အလင်းရောင်ရရှိစေရန် စီမံထားရမည်။

(ဂ) သတ်မှတ်ထားသည့် ဆူညံသံထက် မပိုစေရန် စီမံထားရမည်။

(ဃ) အပူချိန်လွန်ကဲမှုမရှိစေရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးကို စီမံဆောင်ရွက်ထားရမည်။

(င) အလုပ်သမားများအတွက် ရှေးဦးသူနာပြုဆေးသေတ္တာနှင့် ဆေးဝါးများကို သတ်မှတ်ချက်များနှင့်အညီ လုံလောက်စွာ စီမံထားရမည်။

**အခန်း (၈)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၂၅။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၇ နှင့် ၈ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၂၆။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၉၊ ၁၀ နှင့် ပုဒ်မ ၁၂ ၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၁၃ နှင့် ၁၄ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်၇၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သည့်အလုပ်သမားမဆို ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) ပါပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၉။ မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၂၁၊ ၂၂ နှင့် ၂၃ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၀။ မည်သည့်အလုပ်ရှင်နှင့် အလုပ်သမားမဆို ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ထပ်မံ၍ ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထပ်မံ၍ ကျူးလွန်သည့်ပြစ်မှုအတွက် သတ်မှတ်ထားသည့် အများဆုံးပြစ်ဒဏ်၏ နှစ်ဆအထိ ချမှတ်ရမည်။

**အခန်း (၉)**

**အထွေထွေ**

၃၂။ (က) အလုပ်သမားသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အလုပ်ရှင်က ဖောက်ဖျက်ကျူးလွန်သည့်နေ့ရက်မှ သုံးလအတွင်း စစ်ဆေးရေးအရာရှိထံ အကြောင်းကြားစာပေးပို့၍ တိုင်ကြားနိုင်သည်။

(ခ) စစ်ဆေးရေးအရာရှိသည် ပုဒ်မခွဲ (က) အရ အကြောင်းကြားစာကို လက်ခံရရှိပါက လိုအပ်သလိုစစ်ဆေး၍ မှန်ကန်မှုရှိလျှင်စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့် အလုပ်ရှင်အား တရားစွဲဆိုရမည်။

(ဂ) ဤဥပဒေအရ ပြစ်ဒဏ်ထိုက်သောပြစ်မှုကို စစ်ဆေးရေးအရာရှိက တိုင်တန်းသည့်အခါမှတစ်ပါး မည်သည့်တရားရုံးကမျှ အရေးယူပိုင်ခွင့်မရှိစေရ။

၃၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ဤဥပဒေအရပြုလုပ်သည့် နည်းဥပဒေနှင့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကိုလည်းကောင်း လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခြင်း ဖောက်ဖျက်ကျူးလွန်ခြင်းတို့ကို စစ်ဆေးတွေ့ရှိရပါက အလုပ်ရှင် သို့မဟုတ် မန်နေဂျာအား စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့် စစ်ဆေးရေးအရာရှိက တရားစွဲဆိုနိုင်သည်။

၃၄။ ဤဥပဒေသည် အောက်ပါတို့နှင့် မသက်ဆိုင်စေရ -

(က) လမ်းဘေးပျံ့ကျဆိုင်၊

(ခ) အခါအားလျော်စွာ ပြုလုပ်သော အများပြည်သူဆိုင်ရာ ပြပွဲများ၌ ရောင်းချသောဆိုင်၊

(ဂ) ယာယီမျှသာ ကျင်းပသောပွဲများတွင် တည်ခင်းသည့် အများပျော်ရွှင်ရေးအလုပ်ဌာန၊ ဆိုင်။

၃၅။ (က) ဖက်စပ်လုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကပိုင်ဆိုင် သို့မဟုတ် အလုပ်ဌာနများတွင် ဖက်စပ်ပါဝင်သူများ သို့မဟုတ် တရားဝင်မှတ်ပုံတင်ထားသည့် အစုရှယ်ယာရှင်မည်သူ့ကိုမဆို အလုပ်ရှင်ဟု သတ်မှတ်၍ ဤဥပဒေအရ တရားစွဲဆိုနိုင်သည်။ သို့ရာတွင် ဖက်စပ်လုပ်ငန်း သို့မဟုတ် အဖွဲ့တွင်ပါဝင်သူတို့အနက် တစ်ဦးဦးကို ဤဥပဒေပါကိစ္စများအလို့ငှာ အလုပ်ရှင်အဖြစ် အမည်တင်သွင်းပြီးဖြစ်ကြောင်း၊ ထိုဖက်စပ်လုပ်ငန်း သို့မဟုတ် အဖွဲ့က စစ်ဆေးရေးအရာရှိထံသို့ အကြောင်းကြားစာ ပေးပို့ထားပြီးဖြစ်သည့်အပြင် ထိုပုဂ္ဂိုလ်သည် စစ်ဆေးရေးအရာရှိက ၎င်း၏ အမည်တင်သွင်းထားခြင်းကို ပယ်ဖျက်သည့် အကြောင်းကြားစာကို လက်ခံရရှိသည့်အချိန်ထိ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ အလုပ်ရှင်ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ဆိုင် သို့မဟုတ် အလုပ်ဌာနသည် အများပိုင်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ အများပိုင်မဟုတ်သော ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ အစုစပ်ပါဝင်သူ တစ်ဦးဦးကိုဖြစ်စေ အလုပ်ရှင်အဖြစ် သတ်မှတ်၍ ဤဥပဒေအရ တရားစွဲဆိုနိုင်သည်။ ထို့ပြင် ထိုဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးဦးသည် မိမိအား အမည်တင်သွင်းခြင်းကို ပယ်ဖျက်သည့်အကြောင်းကြားစာကို စစ်ဆေးရေးအရာရှိက မရမီသော်လည်းကောင်း၊ အစုစပ်ပါဝင်သူအဖြစ်မှ ရပ်စဲခြင်းမပြုမီသော်လည်းကောင်း ဥပဒေပါကိစ္စများအလို့ငှာ အလုပ်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

၃၆။ ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခု၌ ဤဥပဒေအာဏာတည်သည့် နေ့ရက်တွင် တည်ဆဲဖြစ်သော အခြားဥပဒေအရသော်လည်းကောင်း၊ ပဋ္ဌိညာဉ်အရသော်လည်းကောင်း၊ ဓလေ့ထုံးစံအရသော်လည်းကောင်း အလုပ်သမားများခံစားခွင့်ရှိသည့် အခွင့်အရေးသည် ဤဥပဒေဖြင့် ထိုသူအားပေးအပ်ထားသော အခွင့်အရေးထက် သာလွန်ကောင်းမွန်ပါက ခံစားခွင့်ရရှိနေသော မူလအခွင့်အရေးကို ရရှိခံစားစေရမည်။

၃၇။ ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၉။ ၁၉၅၁ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

## အမျိုးသားစာပေဆုရ ကဗျာဆရာအား ဂုဏ်ပြု

**ပြည် ဇန်နဝါရီ ၂၈**

ပြည်မြို့ လေးဆူဓောတ်ပျော်ရွှေဆံတော်စေတီတော် မြတ်ကြီးဂေါပကအဖွဲ့ဝင် အငြိမ်းစားပါမောက္ခချုပ် ဆရာကြီးဦးမြင်ဝင်း (မြင်ဝင်း-ဒဿန)သည် မောင်လင်းကြည် ကလောင်အမည်ဖြင့်ရေးသားသော မိုးဦးလေဦး ကဗျာစာအုပ်ဖြင့် ၂၀၁၄ ခုနှစ် အမျိုးသားစာပေဆု (ကဗျာ)ကို နိုင်ငံတော်မှ ဆုချီးမြှင့်ခြင်းခံရသဖြင့် ဆရာကြီးအား ဂေါပကအဖွဲ့က ထပ်ဆင့်ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၂၆ ရက်နံနက်ပိုင်းက မြတ်စွယ်တော်တိုက်၌ ကျင်းပရာ ဒေသကွပ်ကဲရေးစစ်ဌာနချုပ် ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်မြင့်အောင်က ဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၁၀၅)**

## ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

**ရွှေကျင် ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသော မြစိမ်းရောင်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီဒုတိယပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးသိန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး မြစိမ်းရောင်စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းသည်။

ထို့နောက် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာ ၁၃ ရွာမှ ကော်မတီဝင်များက အဖွဲ့လေးဖွဲ့ခွဲကာ မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို သုံးသပ်အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကော်မတီဝင်များ၏ သုံးသပ်အကြံပြုချက်များကို ရွှေကျင်မြို့နယ် ကျေးလက်ဦးစီးမှူးဦးဟိန်းဇော်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများမှရရှိထားသော အတိုင်ငွေများဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်မည့် အစီအစဉ်များနှင့်လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။**နေလင်း(ညောင်လေးပင်)**

## သုံးခွမြို့၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးအသစ်ရွေးချယ်

**သုံးခွ ဇန်နဝါရီ ၂၈**

ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၄) ရပ်ကွက်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးအသစ်ရွေးချယ်ပွဲကို ဇန်နဝါရီ ၂၅ရက်က ရှစ်ကျိပ်တစ်ဆူ ဘုရားတန်ဆောင်းအတွင်း၌ ကျင်းပရာ ရပ်မိရပ်ဖ (ကြီးကြပ်ရေးအဖွဲ့)က ဦးဆောင်၍ ဆယ်အိမ်စုမှူးများမှ တစ်ဆင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးအသစ်ကို အများပြည်သူများရှေ့တွင် ပွင့်လင်းမြင်သာစွာရွေးချယ်ခဲ့ကြောင်းသိရှိရသည်။

**ကိုကျော် (သုံးခွ)**